# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၇ ရက် သောကြာနေ့။ Friday, 16 June 2017 (၈၉၅၇)






လယ်ဝေးမြို့နယ်ရှိ ပေါင်းလောင်းရေလွှဲဆည်အား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်ကြည့်ရှုစဉ်။

# ပေါင်းလောင်းရေသောက်စနစ်နှင့် ပေါင်းလောင်းရေလှောင်တမံအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်ကြည့်ရှု

## ရေလွှဲဆည်မှ ပျဉ်းမနား၊ လယ်ဝေးနှင့် ရေတာရှည်မြို့နယ်များရှိ ရေသောက်ဧရိယာ ဧက ၃၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်

**နေပြည်တော် ဇွန် ၁၅**

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ရှိ ဟင်းသီးဟင်းရွက်သစ်သီးဝလံ အေးခဲစက်ရုံနှင့် လယ်ဝေးမြို့နယ်အတွင်း စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ထားရှိမှု၊ ပေါင်းလောင်းရေသောက်စနစ်နှင့် ပေါင်းလောင်းရေလှောင်တမံတို့ကို လှည့်လည်ကြည့်ရှုသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာအနီးရှိ Myanmar Agri Foods ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ရောက်ရှိရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲမြင့်မောင်က ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက ကုန်ချောထုတ်လုပ်မှု၊ ကုန်ကြမ်းလိုအပ်မှု၊ မျိုးထုတ်လုပ်ရန်၊ စမ်းသပ်စိုက်ကွက်များ စိုက်ပျိုးရန် လိုအပ်လျက်ရှိသည့် မြေနေရာရရှိနိုင်မှုနှင့် ချေးငွေရရှိနိုင်မှုအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သီးနှံများစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသောသီးနှံများကို စိုက်ပျိုးထုတ်လုပ်ပြီး ခိုင်မာသည့်ဈေးကွက်ရှာဖွေရန် သို့မဟုတ် ဈေးကွက်ခိုင်မာသေချာသည့် သီးနှံများကို


**စာမျက်နှာ ၃ ကော်လံ ၁ သို့**


# ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့များအား ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိ



လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် တောင်ကုတ်မြို့ ဘာယေဓာတ်အားခွဲရုံကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၅**

ရခိုင်ပြည်နယ်အတွင်း ဓာတ်အားပို့လွှတ်ရန် ကျန်ရှိနေသေးသော ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် ကျင်းပသည့် သတင်းထုတ်ပြန်ခြင်းအခမ်းအနားမှ သိရသည်။

ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအား ဓာတ်အားရရှိရေးအတွက် ၆၆ ကေဗွီဓာတ်အားလိုင်း(၇၈)မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံသုံးရုံ၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံ၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ မောင်တော ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအား Champion Construction Co., Ltd. သို့ Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေတွင်လည်း လိုအပ်သောရန်ပုံငွေများအား ထည့်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။


**စာမျက်နှာ ၃ ကော်လံ ၃ သို့**





ကြေးမုံ

# ဖြေရှင်းရမည့်မြို့ပြပြဿနာများ

မြန်မာနိုင်ငံတွင် ဖြေရှင်းနေရသည့်ပြဿနာများထဲ၌ မြို့ပြများတွင် ဖြစ်ပေါ်နေသော ကျူးကျော်ပြဿနာများလည်းပါဝင်ပါသည်။ အထူးသဖြင့် ရန်ကုန်မြို့နှင့် ကျူးကျော်ပြဿနာမှာ ယခုမှဖြစ်ပေါ်လာသည့်ပြဿနာ မဟုတ်။ ရှေးယခင်ကာလများကတည်းကဖြစ်ပေါ်ခဲ့ပြီး မြို့ပြအုပ်ချုပ်သူများက စနစ်တကျကိုင်တွယ်ဖြေရှင်းခဲ့သည်ကို တွေ့ရသည်။ လတ်တလောတွင် ရန်ကုန်မြို့ လှည်းကူးမြို့နယ်တွင် ကျူးကျော်နေထိုင်သူများအား ရှင်းလင်းဖယ်ရှားခဲ့ရာ အဆိုပါ ပြဿနာ၏ဇာစ်မြစ်ကို မှန်မှန်ကန်ကန် သုံးသပ်ရှုမြင်ရမည်ဖြစ်သည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့တော်ကြီးတစ်ခုဖြစ်ပြီး မြို့တာဝန်ရှိသူများက မြို့ပြအင်္ဂါရပ်နှင့်အညီ စနစ်တကျပြုပြင်ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း၌ ကျူးကျော်နေထိုင်မှု၊ ကျူးကျော်တည်ဆောက်မှုများ ခေတ်အဆက်ဆက်ဖြစ်ပေါ်လျက်ရှိရာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ပိုများလာသည်ဟု ဆိုနိုင်သည်။ ကျူးကျော်တည်ဆောက်မှုများမှာ မြို့ပြင်အရပ်ဒေသများတွင်သာမက မြို့တွင်းအရပ်ဒေသများတွင်ပါ တည်ရှိလာသည်ကို တွေ့ရသည်။

ကျူးကျော်ဟူသည်မှာ တရားဝင်ခွင့်ပြုပေးထားသော အဆောက်အအုံမဟုတ်သဖြင့် ရသည့်နေရာတွင် ရသလို၊ ဖြစ်သလို တည်ဆောက်နေရာယူထားကြရာ မြို့ပြအင်္ဂါရပ်ကို အကျည်းတန်အရုပ်ဆိုးစေပါသည်။ ကောက်ယူထားသောစာရင်းများအရ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ကျူးကျော်အရေအတွက် သုံးသိန်းခန့်ရှိမည်ဟု တွက်ချက်ထားသော်လည်း ယခုလက်ရှိတွင် လေးသိန်းခန့်အထိ ရှိနေသည်ဟုတွေ့ရှိလာရာ ဖြေရှင်းရခက်ခဲသော ပြဿနာတစ်ရပ်ဖြစ်လာသည်။

အမှန်တကယ်တွင် နိုင်ငံတော်၏မြေအားလုံးကို နိုင်ငံတော်ကသာ ပိုင်ဆိုင်ပြီး တရားဝင်နေထိုင်လုပ်ကိုင်ခွင့်ချပေးထားသော ဘိုးဘွားပိုင်မြေမှအပ ကျန်မည်သည့်မြေအမျိုးအစားကိုမဆို အငှားချထားပေးခြင်း၊ ယာယီခွင့်ပြုထားခြင်းသာဖြစ်ပြီး သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မြေယာအခွန်အခများ ပေးဆောင်ကာ နေထိုင်ကြရသည်။ နိုင်ငံတော်၏မြေကို သတ်မှတ်ထားသော ဧရိယာမှ ကျော်လွန်၍ တစ်လက်မမျှ ကျူးကျော်ဆောက်လုပ်နေထိုင်ခွင့်မရှိချေ။ သို့သော် ဒီမိုကရေစီစနစ်နှင့်လျော်ညီစွာ နေထိုင်ဆောက်လုပ်မှုများ အပိုင်း၌ ဖြေလျှော့မှုများပြုလုပ်ပေးလာရာတွင် စည်းကမ်းနှင့်မညီသော ဆောက်လုပ်နေထိုင်မှုများရှိလာခဲ့သည်။

လှည်းကူးမြို့နယ်ကဲ့သို့ ကျူးကျော်နေထိုင်မှုဖြစ်စဉ်များတွင် မြေလွတ်မြေလပ်ဖြစ်နေသည့် ဌာနပိုင်မြေနေရာများ၊ ကုမ္ပဏီပိုင်မြေနေရာများ၊ လယ်ယာမြေများ၊ လမ်းနယ်နိမိတ်များ၌ တမင်ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းဖြင့်ဖြစ်စေ၊ လက်ညှိုးထိုးရောင်းချသည်ကို မသိနားမလည်ဘဲ ဝယ်ယူမိသည်ဖြစ်စေ တစ်နည်းနည်းဖြင့် နေထိုင်ကြသူများဖြစ်နေကြသည်။ ထို့ကြောင့် မသိနားမလည်ဘဲ ကျူးကျော်နေထိုင်မိကြသော ပြည်သူများအနေဖြင့် ဒုက္ခအခက်အခဲများ လျော့နည်းသက်သာစေရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စနစ်တကျပြန်လည်နေရာချထားပေးနိုင်ရေးဆောင်ရွက်ပေးမည်ဟု ကြားသိရသည်မှာ လျော်ကန်သင့်မြတ်ကောင်းမွန်သည်ဟု ဆိုချင်ပါသည်။

သို့သော် ကျူးကျော်ပြဿနာများအား ဖြေရှင်းပေးနေသည်ကို အကြောင်းပြု၍ မမှန်မကန် လုပ်ကိုင်ဆောင်ရွက်သူများ၊ ကျူးကျော်တဲများကိုအကြောင်းပြု၍ လုပ်ကိုင်အကျိုးစီးပွားရှာနေကြသည့် လူပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ ဂိုဏ်းအဖွဲ့များအား တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားရမည်သာဖြစ်သည်။ ထို့ကြောင့် ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ရိုးသားစွာဖြင့် ကျူးကျော်နေထိုင်ကြသူများအား စနစ်တကျပြန်လည်စိစစ်ကာ နေရာချထားပေးနေချိန်တွင် ထပ်မံ၍ကျူးကျော်နေရာဖန်တီးသူများ၊ ကျူးကျော်နေထိုင်သူများအနေဖြင့် ကျူးကျော်စာရင်းတွင် သတ်မှတ်ခြင်းခံရတော့မည်မဟုတ်ဘဲ တည်ဆဲဥပဒေများအရ ထိထိရောက်ရောက် အရေးယူခံရမည်ကို သတိချပ်ကာ စည်းကမ်းဥပဒေနှင့်အညီ နေထိုင်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

# ငါးဖမ်းဆီးခြင်းလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး



**နေပြည်တော် ဇွန် ၁၅**

ငါးဖမ်းဆီးခြင်းလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက နေပြည်တော် Kempinski Hotel ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကား ပြောကြားပြီး FAO မှ ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ငါးဖမ်းဆီးခြင်းနှင့် ရေသတ္တဝါ မွေးမြူရေးကဏ္ဍတို့တွင် ပံ့ပိုးမှုပြုလုပ်ပေးနိုင်ရန်အတွက် ငါးလုပ်ငန်းကိစ္စရပ်များကို ထိန်းသိမ်းရန် အခွင့်အာဏာရရှိထားသည့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်စသည့်အဖွဲ့အစည်းများ၏ မူဘောင်များ အားကောင်းလာစေရန်၊ ထိခိုက်လွယ်သည့် ကမ်းခြေဒေသများနှင့် ကုန်းတွင်းရေချိုဒေသများရှိ ငါးဖမ်းဆီး/မွေးမြူသည့် ဒေသများနှင့် ငါးဖမ်းဆီး/ မွေးမြူသူများအတွက် အရေးပါသည့် လိုက်လျောညီထွေမှုရှိနိုင်စွမ်းဆိုင်ရာ လက်တွေ့သရုပ်ပြသခြင်းများ တိုးမြှင့်လုပ်ဆောင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုကြုံတွေ့နိုင်သည့် ရေသတ္တဝါ မွေးမြူရေးကဏ္ဍ(ရာသီဥတု၊ ထိခိုက်မှုဒဏ်စသည်တို့အပေါ်) ကြံ့ကြံ့ခံနိုင်မှုရှိနိုင်စွမ်း အားကောင်းလာစေရန် လိုက်လျောညီထွေမှုရှိသည့် စံပြပုံစံများ ဖွံ့ဖြိုးလာရေးနှင့် အသုံးချရေးစသည့် ကဏ္ဍရပ်များအလိုက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်(ရွှေဈေး) ၉၁၂၀၀၀ - ၉၁၂၀၀၀ မန္တလေး(ရွှေဈေး) ၉၁၂၀၀၀ - ၉၁၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၀/၇၀၀ ကျပ်၊ | ၇၀၀/၇၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၀/၇၄၀ ကျပ်၊ | ၈၂၀/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၇၅/၇၀၅ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၀/၇၂၀ ကျပ်၊ | ၇၁၅/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၉၀/၆၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၅/၆၁၈ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၁.၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၈၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၇.၀ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၀.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၀.၃၉ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀.၁၇၁ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၃.၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၀.၀၈ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၉.၂၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ဂုဏ်ပြုပန်းချီပြပွဲနှင့် ဘဝမှတ်တမ်းစာအုပ် ထုတ်ဝေရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇွန် ၁၅**

မြန်မာနိုင်ငံ ရိုးရာပန်းချီပညာရှင်များအစည်းအရုံး ဗဟိုနာယက (၁၉၉၂-၂၀၁၂) နိုင်ငံကျော်ရေဆေးပညာရှင် ပန်းချီဆရာကြီး ဦးအမ်တင်အေး ကွယ်လွန်ခြင်း (၁၉) နှစ်မြောက် အထိမ်းအမှတ်ဂုဏ်ပြုပန်းချီပြပွဲနှင့် ဆရာကြီး၏ ဘဝမှတ်တမ်းစာအုပ် ထုတ်ဝေရေး စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၁ ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှင်းဆီမြိုင်ပန်းချီပြခန်း၌ ကျင်းပခဲ့သည်။

ဆရာကြီး ဦးအမ်တင်အေး၏ လက်ရာမွန် ရေဆေးပန်းချီကား ၄၀ ကျော်နှင့်အတူ ဆရာကြီး၏ မိတ်ဆွေများနှင့် ဆရာကြီးတပည့်များ၏ ရေဆေးလက်ရာ ပန်းချီကားများကို တစ်ဦးလျှင် တစ်ကားနှုန်းပြသနိုင်ပြီး ပြသရာတွင် (အကြီးဆုံးရွက်ပြည့်ဆိုဒ်နှင့် အသေးဆုံးလေးချိုးဆိုဒ်) အရွယ်အစားသာ ပေးပို့ပြသကြရန် ဆုံးဖြတ်ခဲ့ကြသည်။ စာမူများကို ဩဂုတ် ၃၁ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ပန်းချီကားများကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ပန်းချီမြတ်ထွန်းအောင် ဖုန်း- ၀၉-၇၉၅၇၆၆၆၀၈၊ ပန်းချီဝင်းမြင့်မိုး ဖုန်း- ၀၉-၅၁၇၂၄၃၈၊ ပန်းချီမွန်သက် ဖုန်း- ၀၉-၅၁၇၃၈၆၅၊ ပန်းချီသန်းဝင်းထွန်း ဖုန်း- ၀၉-၄၂၁၀၉၂၈၄၁၊ ပန်းချီကျော်လွင်(MRTV) ဖုန်း- ၀၉-၃၁၄၈၁၂၀၉ တို့ထံဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(ဇာနည်ရဲမြင့်)**


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

## ပြည်တွင်းရေးရာ

**✪ ပေါင်းလောင်းရေသောက်စနစ်မှ**

စိုက်ပျိုးထုတ်လုပ်ရန်ဟူသည့် အချက်နှစ်ချက်ကို အဓိကထည့်သွင်း စဉ်းစား ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အရည်အသွေးကို ထိန်းသိမ်းရန်လည်း အရေးကြီးပါကြောင်း။

မိမိတို့နိုင်ငံ၏ တစ်ခုတည်းသော စိုက်ပျိုးရေးတက္ကသိုလ်ရှိရာ နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ စံပြစိုက်ကွက်များ ဖော်ထုတ်ရန်နှင့် မိမိတို့နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် ခေတ်မီဓာတ်ခွဲခန်းတည်ဆောက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ခေတ်မီနည်းပညာဖြင့် သီးနှံများအား တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် သန့်စင်ထုတ်လုပ်နေမှုအဆင့်ဆင့်နှင့် ထုပ်ပိုးမှုအဆင့်ဆင့် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါကုမ္ပဏီကို တောင်သူတစ်ဦးချင်းစီ၏ လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်မြင့်မားစေရေး၊ သယ်ယူပို့ဆောင်ရေးခက်ခဲမှုကြောင့် ဟင်းသီးဟင်းရွက်များ ပုပ်သိုး ပျက်စီးမှုနှင့် ရင်ဆိုင်ရသော အခြေအနေမှ ကင်းဝေးစေပြီး တည်ငြိမ်သည့်ဈေးကွက်နှင့် သေချာခိုင်မာသော အကျိုးအမြတ်ရရှိစေရေး၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသော လူမှုဘဝမြင့်တင်ရေးအစီအစဉ်တွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေး၊ ပြည်တွင်းထွက်ကုန်ကြမ်းမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်၍ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေရေးစသည့် ရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး စွန့်ဦးတီထွင်လုပ်ကိုင်သောစက်ရုံဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် ညောင်ပင်သာကျေးရွာရှိ ပေါင်းလောင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် မြစိမ်းရောင်မေတ္တာပေါင်းကူးတံတားသို့ သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တံတားသစ်ပြန်လည်တည်ဆောက်ရေးဆိုင်ရာ တင်ပြချက်ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းသို့ ရောက်ရှိပြီး စနစ်ကျလယ်ယာမြေများဖော်ထုတ်ထားရှိမှုနှင့် သီးနှံများစိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာသည်။

ရှင်းလင်းဆောင်၌ ဒုတိယသမ္မတအား တာဝန်ရှိသူများက လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုတွင် အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ(IFAD) ချေးငွေဖြင့် စနစ်ကျလယ်ယာမြေဧရိယာ ၁၃၀ ဒသမ ၈၄ ဧက ဖော်ထုတ်ထားရှိမှု၊ တောင်သူများအား ခွဲဝေပေးမှု၊ စိုက်ပျိုးရေရရှိမှု၊ သီးနှံများစိုက်ပျိုးထားရှိမှု၊ ရာသီအလိုက်သီးနှံများ ဆက်လက်စိုက်ပျိုးသွားမည့်အခြေအနေနှင့် ဒေသခံတောင်သူများအား ဆွေးနွေးပညာပေး၍ စနစ်ကျလယ်ယာမြေများ ဆက်လက်ဖော်ထုတ်သွားမည့်အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို မေးမြန်းပြီး သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ဈေးကွက်သေချာသည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး၊ တောင်သူများ ဝင်ငွေတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

လယ်ယာမြေများတွင် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို တိကျစွာလိုက်နာနိုင်ရန်၊ စိုက်ပျိုးရေ အသွင်းအထုတ်လွယ်ကူစေရန်၊ ရိတ်သိမ်းချိန်ကာလအားနည်းချက် လျော့နည်းပပျောက်စေရန်၊ အဆင့်မြင့်လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို နမူနာစံပြလုပ်ဆောင်ခြင်းဖြင့် ကျေးလက်ဒေသအခြေခံအဆောက်အအုံများတိုးတက်ရေး မည်သို့လုပ်ဆောင်သင့်သည်ကို လေ့လာရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စနစ်ကျ လယ်ယာမြေများကို ဖော်ထုတ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပင်သောင်ကျေးရွာသို့ရောက်ရှိပြီး ပင်သောင်ကန် ပြန်လည်တူးဖော်ထားရှိမှုအခြေအနေကိုကြည့်ရှုရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပင်သောင်ကန်၏ မူလအခြေအနေ၊ စက်ယန္တရားကြီးများအသုံးပြု၍ ပြန်လည်တူးဖော်ခဲ့မှု၊ ရေသိုလှောင်နိုင်မှု၊ စိုက်ပျိုးရေပေးဝေနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတသည် ပင်သောင်ကန် တူးဖော်ထားရှိမှုကို ကြည့်ရှုပြီး ပင်သောင်ကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ပင်သောင်ကန်သည် ကန်ပေါင်အလျား ပေ ၃၇၀၀၊ ကန်ပေါင်အမြင့် ၁၆ ပေ၊ ကန်ပေါင်အမျိုးအစား မြေသားပေါင်ဖြစ်ပြီး ကန်ရေပြည့်အနက် ၁၀ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၉၀ နှင့် ၂၉၃ ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပေါင်းလောင်းလက်ဝဲဆည် တူးမြောင်းမကြီးနှင့် ပေါင်းလောင်းရေလွှဲဆည်တို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပေါင်းလောင်းရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမည့် အခြေအနေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုနှင့် ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါဘက်စုံစီမံကိန်းကို ပေါင်းလောင်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ထုတ်လွှတ်လိုက်သောရေများအပြင် တပ်ကုန်းမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့အကြား ရေဆင်းဧရိယာ စတုရန်းမိုင် ၆၀၀ ခန့်မှ စီးဝင်လာမည့် ရေများကို ရေလွှဲဆည်ဖြင့်ထိန်းကာ လက်ဝဲ၊ လက်ယာ တူးမြောင်းစနစ်တည်ဆောက်၍ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ရေတာရှည်မြို့နယ်များအတွင်းရှိ စီမံကိန်းရေသောက်ဧရိယာ ဧက ၃၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျောက်ဆုံးရာတွင် ပါဝင်ခဲ့သော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်




**နေပြည်တော် ဇွန် ၁၅**

ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို ဒုတိယဗိုလ်ချုပ်ကြီးသာအေး (ငြိမ်း)၊ ဒေါ်ဝေဝေခိုင်(အေးရိပ်ဝေ) မိသားစုတို့က ယနေ့နံနက် ၁၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံရယူသည်။**(ယာပုံ)**

အလားတူ ပျောက်ဆုံးလေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို သူရ ဦးမြင့်မောင် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၊ ဒေါ်အေးအေးထွန်း မိသားစုတို့ကလည်းကောင်း၊ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ကရင်ပြည်နယ် တရားရေးမိသားစုနှင့် စေတနာရှင်များကလည်းကောင်း ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်-အမ်း-စစ်တွေ ကားလမ်း မော်တော်ယာဉ်များ အမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရေး နယ်မြေခံတပ်မတော်သားများ ကူညီဆောင်ရွက်ပေး

**အမ်း ဇွန် ၁၅**

ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၂၈) အမ်းမြို့၏ အနောက်မြောက်ဘက် ၂၈ မိုင်ခန့်အကွာ၌ ဇွန် ၁၄ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လမ်းပခုံးမြေသားများ ပြိုကျပျက်စီးခဲ့သဖြင့် ကုန်တင်ယာဉ် ၇၄ စီး၊ ဆီသယ်ယာဉ် လေးစီး၊ ခရီးသည်တင်ယာဉ် (EXPRESS) ၃၅ စီး၊ အိမ်သုံးမော်တော်ယာဉ် ၂၈ စီး စုစုပေါင်း မော်တော်ယာဉ် ၁၄၁ စီးသည် ညနေ ၃ နာရီမှစ၍လမ်းကြောင်းပိတ်ဆို့ကာ ယာဉ်များဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်း သိရသည်။



အဆိုပါ မြေပြိုကျနေရာသို့ နယ်မြေခံ တပ်မတော်သားများက မော်တော်ယာဉ်များ အမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရန်အတွက် အမ်းမြို့နယ် လမ်းတံတားဦးစီးဌာန အဖွဲ့များနှင့်ပူးပေါင်း၍ ရေလမ်းကြောင်းလွှဲမြောင်းများ ဖောက်လုပ်ခြင်း၊ ရေကာတာများ ပြုလုပ်ခြင်းနှင့် ယာဉ်ဖြတ်သန်းသွားလာမှုထိန်းသိမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် ကားများ ဆက်လက်သွားနိုင်ပြီဖြစ်ကြောင်းနှင့် ယင်းမြေပြိုကျရာနေရာသို့ ပေ ၂၀၀ အရှည်ရှိ ဘေလီတံတားထိုး၍ ယာဉ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရေး ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**✪ ရသေ့တောင်မှ**

ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် Survey တိုင်းတာခြင်း၊ မြေနေရာ ရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ သို့ရာတွင် လုံခြုံရေးအခြေအနေအရ ကုမ္ပဏီမှ လုပ်ငန်းများကို ခေတ္တဆိုင်းငံ့ထားပြီး ယခုအချိန်တွင် လုံခြုံရေးပြန်လည်ကောင်းမွန်လာပြီဖြစ်သဖြင့် လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ဂွ၊ မြေပုံ၊ ကမ်းထောင်းကြီး၊ ပေါက်တော၊ ဘူးသီးတောင်၊ ရသေ့တောင်နှင့် မောင်တောမြို့စသည့် ခုနစ်မြို့နယ်နှင့် ဆက်စပ်ကျေးရွာ ၁၇၅ ရွာ အိမ်ထောင်စုပေါင်း ၄၃၇၀၄ ခန့်အား လျှပ်စစ်ဓာတ်အားချိတ်ဆက်သုံးစွဲနိုင်မည်ဖြစ်ခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာမှစတင်ကာ ရခိုင်ပြည်နယ်အတွင်း သံတွဲ၊ မြောက်ဦး၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့များသို့ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ကာ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးထားပြီးဖြစ်ရာ ယခုလက်ရှိတွင် ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော်၊ ကျောက်ဖြူ၊ အမ်း၊ ရမ်းဗြဲ၊ သံတွဲ၊ ငပလီ၊ မအီ၊ တောင်ကုတ်နှင့် မင်းပြား စသည့် မြို့ပေါင်း ၁၂ မြို့နှင့် ဆက်စပ်ကျေးရွာပေါင်း ၁၄၄ ရွာ အိမ်ထောင်စုပေါင်း ၅၉၄၇၉ စုအား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပေးလျက်ရှိကြောင်း သိရသည်။

**(နိုင်လင်းကြည်၊ ကိုမင်း)**




# မှော်ဘီတွင် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၅**

မှော်ဘီမြို့နယ်(CFDTC) ဗဟိုသစ်လုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ရေးပညာပေးဌာန သင်တန်းကျောင်းနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၄ ရက် ညနေ ၃ နာရီက မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကြိုးဝိုင်းကွင်းအမှတ် (၃၁)၌ ကျင်းပသည်။

အခမ်းအနားတွင် CFDTC သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်နှင့် သင်တန်းဆရာများ၊ ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ စုစုပေါင်း ၉၄ ဦးတို့က သစ်ပင်မျိုး ၁၀ မျိုး၊ ပျိုးပင် ၂၄၆၀ စိုက်ပျိုးခဲ့ကြသည်။ ယခုနှစ်တွင် မြောက်ပိုင်းခရိုင်အတွင်း သစ်ပင်မျိုး ၁၅ မျိုးနှင့် ပျိုးပင် ၇၀၀၀၀ အထိ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး ဆက်လက်စိုက်ပျိုးသွားမည်ဟု သိရသည်။ **(ဇွေးကြိုင်)**

# တရုတ်နိုင်ငံ၏ မောင်းသူမဲ့လေယာဉ် အာကာသအနီးအပါး၌ ပျံသန်းခဲ့



**ပေကျင်း ဇွန် ၁၅**
တရုတ်နိုင်ငံ၏ နေရောင်ခြည်စွမ်းအင်သုံး မောင်းသူမဲ့လေယာဉ် ချိုင်ဟုန်ခေါ် "သက်တံ" သည် မြေပြင်မှ အမြင့် ၂၀ ကီလိုမီတာအထိ ပျံတက်ခဲ့ပြီး အာကာသအနီးအပါးသို့ ရောက်ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မောင်းသူမဲ့လေယာဉ်သည် အာကာသအနီးအပါး လေထုလွှာအတွင်း ၁၅ နာရီကြာ မောင်းနှင်နိုင်ခဲ့ကြောင်း၊ မြေပြင်ပေါ်သို့ ဘေးကင်းလုံခြုံစွာ မဆင်းသက်မီ သတ်မှတ်ထားသော လမ်းကြောင်းများအတွင်း အောင်မြင်စွာ ပျံသန်းနိုင်ခဲ့ကြောင်း လေကြောင်းအာကာသသိပ္ပံနှင့် နည်းပညာ ကော်ပိုရေးရှင်း၏ စီမံကိန်းအဖွဲ့က ပြောကြားသည်။

အာကာသအနီးအပါးရှိ လေထုအလွှာသည် ပင်လယ်ရေမျက်နှာပြင်အထက် ကီလိုမီတာ ၂၀ မှ ကီလိုမီတာ ၁၀၀ အထက်တွင် တည်ရှိသည်။ လေထုအလွှာပါးလွှာခြင်းကြောင့် သာမန်စက်သုံးဆီသုံး လေယာဉ်အင်ဂျင်များ၏ စွမ်းဆောင်ရည်ကို လျော့ကျစေကြောင်း သိရသည်။

သို့ရာတွင် ချိုင်ဟုန် မောင်းသူမဲ့လေယာဉ်သည် ယင်းအလွှာအတွင်း ကောင်းမွန်စွာပျံသန်းနိုင်သဖြင့် အနာဂတ်တွင် အလားတူလေယာဉ်များ အာကာသအနီးအပါး၌ လပေါင်းများစွာကြာအောင် ဆက်တိုက်ပျံသန်းနိုင်မည်ဟု ခန့်မှန်းထားသည်။

ချိုင်ဟုန်လေယာဉ်တွင် ဆိုလာပြားများ တပ်ဆင်ထားသော ၄၅ မီတာရှည်လျားသည့် လေယာဉ်တောင်ပံများပါရှိသည်။ ကာလရှည်ခရီးစဉ် ပျံသန်းရာတွင် လေယာဉ်ဆီပြန်လည်ဖြည့်တင်းရန် မလိုအပ်သောကြောင့် ကုန်ကျစရိတ် များစွာသက်သာစေကြောင်း စီမံကိန်းအင်ဂျင်နီယာချုပ် ရှီဝန်းက ပြောကြားသည်။

နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ဖြစ်သဖြင့် လေထုညစ်ညမ်းမှုမဖြစ်စေဘဲ သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတရှိကြောင်း ၎င်းက ပြောကြားသည်။

မောင်းသူမဲ့လေယာဉ်၏ အောင်မြင်မှုရလဒ်အရ တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ပြီးလျှင် အာကာသအနီးအပါးသို့ သွားရောက်နိုင်သော နေရောင်ခြည်စွမ်းအင်သုံး မောင်းသူမဲ့လေယာဉ် နည်းပညာ ပိုင်ဆိုင်သည့် တတိယမြောက်နိုင်ငံ ဖြစ်လာသည်။ **ဆင်ဟွာ။**

# ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်လုံးကို စစ်သွေးကြွများတိုက်ခိုက်၊ လူ ၁၉ ဦးထက်မနည်း သေဆုံး

**မိုဂါဒစ်ရှူး ဇွန် ၁၅**
ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးရှိ တည်းခိုသူများပြားသည့် ဟိုတယ်တစ်လုံးနှင့် ယင်းနှင့်ကပ်လျက်တည်ရှိသော စားသောက်ဆိုင်တို့ကို စစ်သွေးကြွများက အသေခံကားဗုံးဖောက်ခွဲပြီး သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ၁၉ ဦးထက်မနည်း သေဆုံးကြောင်း ဆိုမာလီရဲအရာရှိတစ်ဦးက ဇွန် ၁၅ ရက်တွင် ပြောကြားသည်။

ဇွန် ၁၄ ရက် ညနေပိုင်းတွင် ဟိုတယ်နှင့် ကပ်လျက်ရှိသော စားသောက်ဆိုင်မှ ပီဇာအရောင်းဆိုင်အတွင်းသို့ သေနတ်သမားများက အပြေးအလွှားဝင်ရောက်ပြီး လူ ၂၀ ခန့်ကို ဓားစာခံအဖြစ် ဖမ်းဆီးခြင်းမပြုမီတွင် မိုဂါဒစ်ရှူးမြို့တောင်ဘက်ရှိ ပို့ရှ်ဟိုတယ်ဝင်းအတွင်းသို့ အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးက ဗုံးတင်ဆောင်ထားသောကားကို အတင်းမောင်းနှင်ကာ ဝင်တိုက်ခဲ့သည်။ ပို့ရှ်ဟိုတယ်သည် မြို့တော် မိုဂါဒစ်ရှူးတွင် တစ်ခုတည်းသော ဒစ္စကိုည ကပွဲရုံတည်ရာ ဟိုတယ်လည်းဖြစ်သည်။

သေနတ်သမားများက စားသောက်ဆိုင်အတွင်းရှိနေသူအချို့ကို ဓားစာခံများအဖြစ် နာရီအတန်ကြာထိန်းသိမ်းထားပြီးနောက် ဇွန် ၁၄ ရက် သန်းခေါင်ယံတွင် ဆိုမာလီလုံခြုံရေးတပ်ဖွဲ့များက စားသောက်ဆိုင်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ တိုက်ခိုက်မှုအတွင်း စစ်သွေးကြွငါးဦးသေဆုံးကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲ အာမက်ဗ်ဒီဘာရှားက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဆိုမာလီလုံခြုံရေးတပ်ဖွဲ့များက ဟိုတယ်ကို ပြန်လည်ထိန်းချုပ်နိုင်သော်လည်း အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဟိုတယ်မှာ အပျက်အစီးကြီးမားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



အခင်းဖြစ်ပွားရာနေရာတွင် လူသေအလောင်းများကို ဇွန် ၁၅ ရက်နံနက်ပိုင်းတွင် တွေ့ရှိရကြောင်း၊ အလောင်းများကို အရေးပေါ်လူနာတင်ယာဉ်များဖြင့် လာရောက်တင်ဆောင်သယ်ယူသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုကို မိမိတို့လုပ်ဆောင်ခြင်းဖြစ်သည်ဟု အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့က ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ကြေညာခဲ့ပြီး သေဆုံးသွားသူ ၂၀ ကျော်တွင် ဆိုမာလီတပ်ဖွဲ့ဝင်များနှင့် အလုပ်သမားများ ပါဝင်သည်ဟု ဆိုသည်။ **ရိုက်တာ။**

# တရုတ်နိုင်ငံ ကျန်းစုစီရင်စုရှိ မူကြိုကျောင်းတစ်ကျောင်းအနီး ဗုံးပေါက်ကွဲမှုဖြစ်



**ပေကျင်း ဇွန် ၁၅**
တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုစီရင်စုရှိ မူကြိုကျောင်းတစ်ကျောင်းအနီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူခုနစ်ဦးသေဆုံးခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် ဖန်ဆီးမြို့တော်တွင် ဇွန် ၁၅ ရက်မွန်းလွဲပိုင်းအချိန်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံပိုင် ဆင်ဟွာသတင်းအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဗုံးပေါက်ကွဲမှုကြောင့် ၆၆ ဦး အနည်းဆုံးထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ၎င်းတို့အနက် ကိုးဦးမှာ အသက်အန္တရာယ်စိုးရိမ်ရဖွယ်ရှိကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုကြောင့် လူနှစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ပြီး ငါးဦးမှာ ဆေးရုံတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားပုံကို ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်တစ်ခုတွင် လူအများအပြားမှာ မျက်နှာနှင့် ကိုယ်ခန္ဓာများပေါ်တွင် သွေးများပေကျံကာ မြေကြီးပေါ်တွင် လူးလှိမ့်နေသည်ကို မြင်တွေ့ရသည်။ ၎င်းတို့အနက် ကလေးငယ်များလည်း ပါဝင်ကြောင်း သိရသည်။
**အင်န်အိတ်ချ်ကေ။**

# အီရန်ထံမှ အိန္ဒိယရေနံစိမ်းတင်သွင်းမှု ၂၀၁၆ ခုနှစ် ဇွန်လနောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်း

**နယူးဒေလီ ဇွန် ၁၅**
အီရန်နိုင်ငံထံမှ အိန္ဒိယနိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှုပမာဏသည် ၂၀၁၆ ခုနှစ် ဇွန်လနောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ကြောင်း၊ အီရန်နိုင်ငံ၏ ဓာတ်ငွေ့မြေဖွံ့ဖြိုးရေးစီမံကိန်းများတွင် အိန္ဒိယကုမ္ပဏီများ လုပ်ကိုင်ခွင့်မရသဖြင့် အိန္ဒိယနိုင်ငံက လက်တုံ့ပြန်သည့် သဘောအဖြစ် ရှုမြင်ကြကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၁၅ ရက်တွင် ရေးသားဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် အီရန်နိုင်ငံထံမှ ရေနံနှင့်ဓာတ်ငွေ့ အများဆုံးဝယ်ယူတင်သွင်းသည့် နိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံသည် မေလတွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၄၈၇၆၀၀ ကိုတင်သွင်းခဲ့ရာ ဧပြီလနှင့် နှိုင်းယှဉ်လျှင် ကိုးရာခိုင်နှုန်းခန့် ပိုမိုလျော့နည်းသွားသည်။ ပြီးခဲ့သည့် အောက်တိုဘာလသည် ရေနံတင်သွင်းမှုပမာဏစံချိန်တင်ခဲ့သည့်လဖြစ်ပြီး ယင်းလ၏ရေနံတင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် မေလတွင် ၄၀ ရာခိုင်နှုန်းနီးပါးကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းဌာန၏ ရေနံလုပ်ငန်းသုတေသနနှင့် ကြိုတင်ခန့်မှန်းရေး သတင်းလွှာတွင် ဖော်ပြထားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အပေါ် အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများက စီးပွားရေးပိတ်ဆို့မှု အများစုကို လွန်ခဲ့သည့်နှစ် ဇန်နဝါရီလတွင် ဖြေလျှော့ပေးခဲ့သည်။ စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးခဲ့ပြီးနောက် နှစ်လအကြာ မေလတွင် အိန္ဒိယက အီရန်နိုင်ငံထံမှ ရေနံစိမ်းတင်သွင်းမှု စတင်ပြုလုပ်ခဲ့သည်။

အိန္ဒိယနိုင်ငံပိုင် ရေနံချက်စက်ရုံများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အီရန်ထံမှ ရေနံတင်သွင်းမှုကို ငါးပုံတစ်ပုံခန့်လျှော့ချရန် စီစဉ်ထားကြောင်း၊ အီရန်နိုင်ငံရှိ ဓာတ်ငွေ့မြေဖွံ့ဖြိုးရေးစီမံကိန်းအတွက် လုပ်ပိုင်ခွင့်များကို အိန္ဒိယကုမ္ပဏီများအစား ရုရှားကုမ္ပဏီများအား ပေးအပ်ရန် ဆုံးဖြတ်ခဲ့သဖြင့် ယင်းနိုင်ငံထံမှ ရေနံဝယ်ယူတင်သွင်းမှုကို လျှော့ချမည်ဟု ယူဆရကြောင်း အိန္ဒိယစွမ်းအင်အတိုင်ပင်ခံလုပ်ငန်း အက်ဖ်ဂျီအီးမှ ဆရီပရာဝီခါဆိုက ပြောကြားသည်။ **ရိုက်တာ။**



# စားသုံးသူပညာပေးရေးဘာသာရပ်ကို အခြေခံပညာအလယ်တန်း သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားပေးရန်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၅**

တတိယတန်း မြန်မာဖတ်စာအုပ်ပါ "အောင်ဆန်းဇာနည်" ကဗျာနှင့်ပတ်သက်၍ ခိုင်လုံသည့်အထောက်အထား ရရှိပါက မူရင်းကဗျာနှင့် မူရင်းစာရေးသူအမည်ကို ဖော်ပြ၍ ထည့်သွင်းပုံနှိပ်သွားရန် စီစဉ်ထားကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

တတိယတန်း မြန်မာဖတ်စာအုပ်ပါ "အောင်ဆန်းဇာနည်"ကဗျာ၏ နောက်ဆုံးအပိုဒ်တွင် "ပြည်ထောင်လွတ်ရေး ကြိုးပမ်းအောင်၊ ပြည်ချစ်တို့ခေါင်းဆောင်။ ဆိုရှယ်လစ်ဘောင်လမ်းစဉ်များ၊ ဗိုလ်ချုပ်ချမှတ်သွား။" ဟုပြဋ္ဌာန်းထားပြီး မူရင်းကဗျာတွင် "ပြည်ထောင်စုရေး ကြိုးပမ်းဆောင်၊ ဗိုလ်ချုပ်တို့ခေါင်းဆောင်၊ ပြည်ကောင်းအောင် လမ်းစဉ်များ၊ ဗိုလ်ချုပ်ချမှတ်သွား။ ကောင်းစေချင်တဲ့ မှာစကား ငါတို့မမေ့အား"ဟု ရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်၏ **တတိယတန်း မြန်မာဖတ်စာအုပ်ပါ "အောင်ဆန်းဇာနည်" ကဗျာ၏အောက်တွင် ကဗျာရေးသားသူ မူရင်းကဗျာဆရာ၏အမည်ကို ဖော်ပြရန်နှင့် နောက်ဆုံးအပိုဒ်ကိုဖြုတ်ပြီး မူရင်းကဗျာအတိုင်းသာ ဖော်ပြရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အခြေခံကျောင်းသုံးစာအုပ်များတွင် မူရင်းကဗျာဆရာ၏ အမည်များကိုဖော်ပြ၍ ပုံနှိပ်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ တတိယတန်းမြန်မာဖတ်စာအုပ်တွင် ဖော်ပြထားသည့် အောင်ဆန်းဇာနည်ကဗျာသည် ၁၉၇၄ ခုနှစ်ထုတ် ကျောင်းသုံးစာအုပ်တွင် စတင်ထည့်သွင်းပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်ပြီး ထိုအချိန်ကတည်းက ကဗျာဆရာ၏အမည်ကို ဖော်ပြထားခြင်းမရှိပါကြောင်း၊ အဆိုပါကဗျာကို ကဗျာဆရာဦးတင်မိုးကရေးသားခဲ့သည်ဟု အများစုကမှတ်ယူခဲ့ကြပါကြောင်း၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက စိစစ်ဆောင်ရွက်ခဲ့ရာတွင် ဆရာကြီး ဦးတင်မိုးရေးသားခဲ့ကြောင်း ခိုင်မာသည့်အထောက်အထား မတွေ့ရပါကြောင်း။

"အောင်ဆန်းဇာနည်"ကဗျာနှင့်ပတ်သက်ပြီး ဆရာဦးတင်မိုး၏ သမီးအရင်းဖြစ်သူ ဒေါ်မိုးမိုးစံကို ဆက်သွယ်မေးမြန်းခဲ့သော်လည်း ဖခင်ကြီး၏လက်ရေးမူသော်လည်းကောင်း၊ မူလပါရှိသည့်ပုံနှိပ်စာသော်လည်းကောင်း ယခုအချိန်အထိ မတွေ့ရှိရကြောင်းနှင့် မိသားစုကိုယ်တိုင်ကလည်း ခိုင်မာတိကျသည့်အဖြေတစ်ခုကို သိရှိရန်ဆန္ဒရှိသည်ဟု ပြောကြားခဲ့ပါကြောင်း။

"အောင်ဆန်းဇာနည်"ကဗျာ၏ မူရင်းကဗျာရေးသူနှင့် မူရင်းကဗျာစာသားနှင့်စပ်လျဉ်းသည့် ခိုင်လုံသည့် အထောက်အထားများကို ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခများအဖွဲ့က ဆက်လက်ရှာဖွေနေပါကြောင်း၊ ခိုင်လုံသည့်အထောက်အထားနှင့် တိကျသည့်အဖြေရရှိသည့်အခါတွင် အဆိုပါကဗျာကို တတိယတန်းအတွက် မြန်မာစာကျောင်းသုံးစာအုပ် ပြုစုထုတ်ဝေသည့်အခါ မူရင်းကဗျာနှင့် မူရင်းစာရေးသူအမည်တို့ကို ဖော်ပြပြီး ထည့်သွင်းပုံနှိပ်သွားရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



မြစ်သားမဲဆန္ဒနယ်မှ
ဒေါက်တာ ဦးလင်းလင်းကျော်



ကျိုက်လတ် မဲဆန္ဒနယ်မှ
ဦးရန်လင်း

အစည်းအဝေးတွင် ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **ယင်းမာပင်မြို့နယ် ရိုးမတိမ်ရွာအခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရိုးမတိမ်ရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အထက်တန်းဆင့်ကျောင်းသား ၁၇၁ ဦးရှိပြီး ပင်မကျောင်းနှင့် ကုန်းလမ်းခရီး ၃ မိုင်ခန့်သာကွာဝေးသည့်အတွက် ယမန်နှစ် ဦးစားပေးအဆင့်တွင် မပါဝင်ခဲ့ပါကြောင်း၊ အဆိုပါကျောင်းသည် အဆင့်တိုးမြှင့်နိုင်ခြင်း မရှိသော်လည်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖြစ်သည့်အတွက် အထက်တန်းပညာများကို သင်ယူခွင့်ရရှိနေပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျောင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ရိုးမတိမ်ရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား ဦးစားပေး အစီအစဉ်ဖြင့် စိစစ်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်းနှင့် ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေတို့၏ အင်္ဂလိပ်ဘာသာရပ်မေးခွန်းပုံစံကို သဒ္ဒါဦးစားပေးသော အင်္ဂလိပ်စာမေးခွန်းပုံစံအဖြစ် ပြောင်းလဲမေးရန်နှင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန်ဆိုင်ရာ မေးခွန်းများကိုလည်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း တင်သွင်းထားသည့် **"နိုင်ငံသားများအား စားသုံးသူ ပညာပေးရေး (Consumer Education) ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူသုံးစွဲလာကြခြင်းကြောင့် အန္တရာယ်ရှိသောအစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသောဝန်ဆောင်မှုများ ဈေးကွက်တွင် အလိုအလျောက် တဖြည်းဖြည်း ပျောက်ကွယ်သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာအလယ်တန်း(၆၊ ၇၊ ၈)တန်း သင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်နှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည့် သင်ရိုးသစ်များတွင် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများ၊ ညံ့ဖျင်းသောဝန်ဆောင်မှုများ၊ သင့်လျော်ကောင်းမွန်သည့် အစားအစာနှင့်ဆေးဝါးများကို ရွေးချယ်ဝယ်ယူတတ်စေရေးနှင့် စားသုံးသူရေးရာ အသိပညာပေးရေး (Consumer Education) သင်ခန်းစာများကို ကလေးသူငယ်များ၏ အသက်အရွယ်၊ ဉာဏ်ရည်၊ နားလည်မှုအဆင့်အတန်းတို့နှင့် လိုက်လျောညီထွေဖြစ်အောင် ထည့်သွင်းလျာထားပါကြောင်း၊ ယင်းသင်ခန်းစာများကို အမျိုးသားပညာရေးမူဝါဒကော်မရှင်မှတစ်ဆင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ကိုရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၉ သို့ »»

# မြန်မာ့တောဆင်ရိုင်းများ ထိထိရောက်ရောက်ထိန်းသိမ်းကာကွယ်နိုင်ရေး နိုင်ငံတကာအဖွဲ့ အစည်းများ၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၅**

မြန်မာ့တောဆင်ရိုင်းများ ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် **ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးနောင်နဂျာတန်၏ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ဆင်၊ ကျွဲ၊ နွားများအတွက် စားကျက်မြေ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အထက်ပါအတိုင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံ/မျိုးကွဲများ ရေရှည်ထိန်းသိမ်းရန်အလို့ငှာ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတကာမှ ပညာရှင်များ၊ NGO,INGOများနှင့် ဒေသခံပြည်သူများပါဝင်သော Myanmar Elephant Conservation Action Plan အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ဆွေးနွေးပွဲ၏ ရလဒ်များအရ တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် အပြီးသတ်လုပ်ငန်းစီမံချက် ရေးဆွဲနိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ တနိုင်းမြို့နယ်အတွင်း ဆင် ၁၄၅ ကောင်၊ ကျွဲ ၁၉၂၈ ကောင်နှင့် နွား ၁၉၀၉ ကောင် ရှိပါကြောင်း၊ တနိုင်းမြို့နယ်အတွင်း ဓလေ့ထုံးတမ်းအစဉ်အလာအရ ဆင်နှင့် ကျွဲ၊ နွားများကို လွှတ်ကျောင်းစနစ်ဖြင့် ထိန်းကျောင်းလျက်ရှိပြီး တောရိုင်းမြေနှင့် မြေရိုင်းဧရိယာ လုံလောက်စွာရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ စားကျက်မြေအဖြစ် သတ်မှတ်ပေးစေလိုသော တနိုင်းမြို့၊ လီဒိုလမ်း၏ အထက်ပိုင်း တဘိချောင်း၊ လမုန်ချောင်းအထက်၊ ပြင်ရာချောင်းအထက်ပိုင်းနေရာများသည် သဘာဝနယ်မြေအဖြစ် သတ်မှတ်ထားသည့် ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဧရိယာ၏ ပင်မဧရိယာအတွင်း ကျရောက်လျက်ရှိသည့်အတွက် ခွင့်ပြုပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။



ပြည်ထဲရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး



ကချင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးနောင်နဂျာတန်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမည်ပေါက် မြို့တစ်မြို့ဖြစ်သော ပေါက်တောမြို့ကို မြို့မြေဧရိယာ နယ်နိမိတ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးက ပေါက်တောမြို့၏ လက်ရှိအသုံးပြုလျက်ရှိသော မြေဧရိယာမှာ ၄၂၀ ဒသမ ၄၁ ဧကရှိပါကြောင်း၊ ပေါက်တောမြို့အား မြို့မြေဧရိယာနယ်နိမိတ်အဖြစ် သတ်မှတ်တိုင်းတာပေးနိုင်ရေးအတွက် လိုအပ်သည့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိများကို ခန့်အပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၇ ခုနှစ် မေလ ၁၈ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်တောင်းခံထားပါကြောင်း၊ ပေါက်တောမြို့အား မြို့မြေဧရိယာနယ်နိမိတ်အဖြစ် တိုင်းတာသတ်မှတ်နိုင်ရေးအတွက် နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိများ ခန့်အပ်ပြီးပါက မြို့မြေတိုင်းတာခြင်းလုပ်ငန်းအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်သန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်တို့၏ မြေဧရိယာများ သတ်မှတ်နေထိုင်ခွင့်ပြုရေးမေးခွန်း၊ ပုံကျဈေးသစ်နေရာအား ကိုယ်ကျိုးအတွက် ရောင်းချထားသူများကို အရေးယူပေးရန်မေးခွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံစွာ သီးသန့်ခန့်အပ်ပေးရန်မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းက အခန်း(၄) စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်း၊ အပိုဒ်-၁၆၊ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများမှ အပိုဒ်ခွဲ(ခ)တွင် တရားရုံးကချမှတ်သည့် ဒီဂရီ သို့မဟုတ် စီရင်ချက်များဆိုသည်ကို ပယ်ဖျက်သင့်ပါကြောင်း၊ ထို့အတူ အပိုဒ်ခွဲ(ဂ) တွင် ပါရှိသည့် ပေါင်နှံခြင်းဖျက်သိမ်းသော စာချုပ်များဆိုသည်ကို ပယ်ဖျက်သင့်ပါကြောင်း၊ ပေါင်နှံခြင်းဖျက်သိမ်းသည့်စာချုပ်များသည် ဖျက်သိမ်းပြီးသည့်နောက် အာနိသင်၊ တန်ဖိုးမရှိတော့သည့် စာချုပ်တစ်ရပ်သာဖြစ်နေသည်ကို မှတ်ပုံမတင်မနေရဆိုသည်မှာ အပိုဖြစ်နေပါကြောင်း။

အခန်း(၅) ခေါင်းစဉ်ဖြစ်သည့် စာချုပ်စာတမ်းများကို မှတ်ပုံတင်သွင်းရန် အချိန်ကာလဆိုသည်ကို စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရန် လျှောက်ထားရမည့် အချိန်ကာလဟု ပြင်ဆင်သင့်ပါကြောင်း၊ ဥပဒေကြမ်း၏ အခန်း(၁၀) ခေါင်းစဉ်ကို စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊ မှတ်ပုံမတင်ခြင်းတို့၏ အကျိုးသက်ရောက်မှုဟု ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးငွေးဦးနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲဆိုးကျိုးတွေကို ဘယ်လိုကာကွယ်ကြမှာလဲ

သန်းဖြိုးနိုင်(ကညင်ကျိုး)

ကမ္ဘာ့ရာသီဥတုအခြေအနေများ ပြောင်းလဲလာမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ ကြုံတွေ့နေရသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အဆိုပါဒဏ်ကို ခံစားရလျက်ရှိရာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ရင်ဆိုင်နေရသော နိုင်ငံများစာရင်းတွင် ဒုတိယနေရာမှ ရပ်တည်လျက်ရှိကြောင်း စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်ကို ဖတ်ရသည်။ ၂၀၁၅ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံ၏အထက်ပိုင်းနှင့်အလယ်ပိုင်းဒေသများတွင် ရေကြီးမှုသဘာဝဘေးအန္တရာယ်ကို ကြီးမားစွာရင်ဆိုင်ခဲ့ရပြီး ယခုမိုးဦးကာလအစ ဇွန်၊ ဇူလိုင်လမှာပင် ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ်က စတင်ဖြစ်ပေါ်လာနေခဲ့သည်မှာ နှစ်စဉ်လိုလိုဖြစ်နေသည်။ ပင်လယ်ကမ်းစပ်နှင့်နီးသည့် ရခိုင်ဒေသအပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင်ပါ မြစ်ချောင်းများနှင့်နီးသည့်နေရာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။ ၂၀၁၆ ခုနှစ်၏ မိုးရာသီအစ ယခုအစိုးရသစ်စတက်လာစဉ်ကလည်း သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို သူ့အနေဖြင့် မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသည်။ ထိုစဉ်က မြန်မာပြည်အလယ်ပိုင်းတွင် ရေခဲမိုးများရွာသွန်း၍ လူနေအိမ်ခြေများ ပျက်စီးပြီး အသေအပျောက်ဖြစ်ခဲ့ရဖူးသည်။ တစ်ဖန် ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင်လည်း ရေကြီးရေလျှံမှုများဖြစ်ခဲ့သေးသည်။

**ပိုဆိုးအဖြစ်များလာသည့် ၂၀၁၇**

ယခု၂၀၁၇ ခုနှစ်၏ မိုးရာသီအစကနဦးတွင်ပင် ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်း သုံးကြိမ်ဖြစ်ပေါ်ခဲ့ပြီး အထူးခြားဆုံးနှစ်လည်းဖြစ်နေလေသည်။ ပထမဦးဆုံးအနေဖြင့် သင်္ကြန်အလွန်ကာလ ဧပြီ ၂၅ ရက်တွင် မာရသာဆိုင်ကလုန်းမုန်တိုင်း စတင်ဖြစ်ပေါ်ခဲ့ပြီး ၎င်းဖြစ်ပြီးတစ်လအကြာ မေ ၂၅ ရက်တွင် မိုရာအမည်ရှိ မုန်တိုင်းတစ်လုံးဖြစ်ပေါ်ခဲ့ပြန်သည်။ ယခုဇွန်လဆန်းပိုင်းတွင်မူ 03B ဟုခေါ်သည့် မုန်တိုင်းအငယ်စားတစ်လုံးဖြစ်ပေါ်လာခဲ့ပြီး မိုးရာသီအစတွင်ပင် မိုးရွာသွန်းမှု များပြားခဲ့သည်။ အချိန်တိုအတွင်း မိုးသည်းမှုကြောင့်ရေကြီးပြီး ယခင်သီတင်းပတ်တွင် ရန်ကုန်မြို့နှင့် အခြားနယ်မြို့များ၌ပင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရသည်။ ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းငယ် 03B ကြောင့်ပင် မိုးရွာသွန်းမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ရပြီး အချို့နေရာများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေဆဲပင်ဖြစ်သည်။ ထိုအခြေအနေများကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း ပြည်သူများသို့အသိပေးကြေညာချက်များ မပြတ်ထုတ်ပြန်ပေးနေသည်ကိုလည်း မြင်ကြရမည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးဆိုလျှင် ယခုနှစ်၌ ရေကြီးမှုအန္တရာယ်ကို အထူးကြုံရဖွယ်ရှိသည်ဟုလည်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြပြန်သည်။ မုန်တိုင်းများဆက်တိုက်ဆိုသလို ဖြစ်နေရခြင်းမှာလည်း ဘင်္ဂလားပင်လယ်အော်အတွင်း အပူချိန်များမြင့်တက်ရာမှ ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့ကဆိုထားခဲ့ကြသည်။ ၎င်းအပြင် ယခုနှစ်မိုးရာသီအလယ်ပိုင်းတွင် မိုးများလာနိုင်ပြီး မကွေး၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမြောက်ပိုင်းများတွင် ရေကြီးမှုအန္တရာယ်ကို ကြုံတွေ့ရနိုင်၍ ကြိုတင်ကာကွယ်ထားမှုများကို ယခုကတည်းက ပြင်ဆင်ထားသင့်သည်ဟုလည်း ဆိုထားပြန်သည်။

**ကြိုတင်ပြင်ဆင်ကာကွယ်ကြ . . ရေကြီးရေလျှံသည့်ဘေးမှ**

ထိုရေကြီးနိုင်ခြေရှိသည့်ဒေသများရှိ ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုနှင့်ပတ်သက်သည့် အသိပညာများသိရှိထားရန်လိုပြီး ယခုကတည်းက ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်လာလေသည်။ အစိုးရပိုင်းမှတာဝန်ရှိသူများအနေဖြင့်လည်း ဖြစ်ပေါ်လာနိုင်ခြေရှိသည့် မိုးလေဝသသတင်းများကို အခါမလပ် အချိန်မဆိုင်းဘဲ သတိပေးချက်များထုတ်ပြန်ပေးနေသည့်နည်းတူ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ပစ္စည်းများကြိုတင်စုဆောင်းထားခြင်း၊ ကယ်ဆယ်ရေးအဆောက်အအုံများ ကြိုတင်စီမံထားခြင်း၊ ရေထိန်းတာများကို ယခုကတည်းက ကြိုတင်စစ်ဆေးကာ ပြုပြင်မွမ်းမံထားခြင်းများကို ပြုလုပ်ကြရမည်ဖြစ်သည်။

**CSO နှင့်မီဒီယာများ ပါဝင်ပူးပေါင်း**

ထိုသို့ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ရေကြီးရေလျှံမှုများကိုလည်း ပြည်တွင်း၊ ပြည်ပမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ(CSO)နှင့်သတင်းမီဒီယာများကလည်း ပြည်သူလူထုထံသို့ မိုးလေဝသသတင်းများ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရေး၊ ကြိုတင်ကာကွယ်ရေးနည်းစနစ်များသိရှိစေရေး၊ ထိုဒေသများရှိ ပြည်သူများ အသိပညာရရှိရေး နည်းလမ်းပေါင်းစုံသုံးကာ အထူးကိစ္စအဖြစ် ယခုကာလတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်သာ ဖြစ်သည်။ အစိုးရသတင်းများမှ ထုတ်ပြန်ပေးနေသလို ပြင်ပပုဂ္ဂလိကမီဒီယာများကလည်း ပါဝင်အင်အားဖြည့်ကြရမည် ဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်သည် ပြည်သူများအပေါ် ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာဝိုင်းဝန်းကာကွယ်ပေးကြခြင်းပင် ဖြစ်သည်။ ပြည်သူလူထုအတွင်း အမြန်ရောက်ရှိ သတင်းပျံ့နှံ့ရန်လွယ်ကူသည့် Facebook စာမျက်နှာများနှင့် ကျေးလက်နေပြည်သူများ အများဆုံးနားဆင်ခံစားနေကြသည့် FM ရေဒီယိုလိုင်းများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနေကြရမည်ဖြစ်သည်။။

**အများဆုံးရင်ဆိုင်၊ ဆုံးရှုံးရနိုင် . . ထိုလူ . . ပြည်သူအများ**

ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပါက အများဆုံးရင်ဆိုင်ကာ ပျက်စီးမှုအများဆုံးဖြစ်ရသူများမှာ ကျေးလက်နေဆင်းရဲနွမ်းပါးသည့်သူများ၊ စိုက်ပျိုးရေးကဏ္ဍကိုအားကိုးအားထားပြုနေရသော ကျေးလက်နေပြည်သူများသာ ဖြစ်ကြသည်။ ထိုသူများအနေဖြင့် ရေကြီးရေလျှံဘေးဒုက္ခများ မကြာခဏခံစားနေရခြင်းသည်လည်း ထိုဒေသရှိ ပြည်သူများအတွက်သာမက တစ်နိုင်ငံလုံး၏ စီးပွားရေး၊ လူမှုရေး အကျိုးစီးပွားများအတွက်ပါ ဆုံးရှုံးနစ်နာမှုများရှိလာမည် ဖြစ်သည်။ နိုင်ငံပြန်လည်တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေးကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်း(Economic Indicator) မှာ ရှေ့သို့ အင်နှင့်အားနှင့်မသွားနိုင်၊ ရှေ့မရောက်နိုင်ဘဲ ပြန်လည်တည်ဆောက်ရေးကာလလို အခြေအနေမျိုးကိုသာ ကြုံနေရသလိုမျိုး ဖြစ်နေတတ်ပြန်လေသည်။ သဘာဝဘေးအန္တရာယ်မှတစ်ဆင့် စီးပွားရေးထိခိုက်မှု၊ လူမှုရေးမငြိမ်မသက်မှု၊ စားနပ်ရိက္ခာမလုံလောက်မှု၊ အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေးမတည်ငြိမ်မှုစသည့် နောက်ဆက်တွဲပြဿနာများပါ ဆက်စပ်ဖြစ်ပေါ်လာနိုင်လေသည်။

**ကျန်းမာရေးဆိုးကျိုးအန္တရာယ် ဝိုင်းဝန်းကာကွယ်**

ရေကြီးရေလျှံမှုကို ခံစားခဲ့ကြရသည့်ဒေသများရှိ ပြည်သူများ၏ ကျန်းမာရေးအခြေအနေများ၊ စိတ်ခံစားမှုအခြေအနေများသည်လည်း အကောင်းဘက်ကိုဦးတည်မလာနိုင်ပေ။ ရေကြီးပြီးပြန်ကျသွားသည့်အခါတွင် ရေကြီးစဉ်ကရေနှင့်ထိတွေ့ခဲ့သည့် အစားအစာမှန်သမျှ စားသောက်ရန်မသင့်တော်သလို အဆိုပါ အစားအသောက်များကို စားမိပြီဆိုပါက ကျန်းမာရေးပြဿနာများဖြစ်ပေါ်လာနိုင်မည် ဖြစ်သည်။ ထို့အပြင် ရေကြီးသည့် ဒေသများတွင် အခက်အခဲအများဆုံးဖြစ်သည့်ကိစ္စမှာ သောက်ရေပင် ဖြစ်သည်။ သန့်ရှင်းသည့် သောက်ရေရရှိရေးသည် အဓိကဖြစ်လာပြီး သောက်ရေမသန့်ရှင်းပါက ရောဂါဘယများကူးစက်လာတတ်ကြောင်းကိုလည်း သတိချပ်နေကြရလေသည်။ နောက်တစ်ချက်မှာ ခြင်၊ ယင်၊ ကင်းနှင့် မြွေကဲ့သို့အဆိပ်ရှိသတ္တဝါများ၏ အန္တရာယ်မှာလည်း အထူးဂရုပြုကြရသလို အချို့စားသောက်ဖွယ်ရာအတော်များများတွင်ရေကြီးမှုကြောင့် စိုထိုင်းဆဝင်လာပြီး မှိုစွဲကပ်ရာမှစားသောက်မိကြသည့်အခါတွင် ရင်ကျပ်ပန်းနာ၊ လည်ချောင်းနာ၊ မျက်စိနာလိုရောဂါများဖြစ်ပေါ်တတ်ပြန်ပါသည်။ ထို့အပြင် ရေကြီးမှုကြောင့် နစ်မြုပ်သွားသည့် ဘက်ထရီ၊ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများသည်လည်း ရေနှင့်အတူပျံ့နှံ့သွားတတ်ပြီး ဓာတုဗေဒအဆိပ်သင့်ဖြစ်စဉ်များလည်း ဖြစ်စေတတ်ပါသည်။

**ရေကြီးမှုကြောင့်ရောဂါနှစ်သွယ် ဖြစ်တတ်လွယ်ပြန်**

ရေကြီးပြီးသည့်နောက်ပိုင်းတွင် ရေကသယ်ဆောင်လာသည့်ရောဂါနှင့် ပိုးကောင်ကသယ်ဆောင်လာသည့်ရောဂါဟူ၍ နှစ်ပိုင်းခွဲခြားနိုင်ကြောင်း၊ ရေကသယ်ဆောင်လာသည့်ရောဂါများတွင် အူရောင်ငန်းဖျားရောဂါ၊ ကာလဝမ်းရောဂါ၊ လက်ပ်တိုစပိုင်ရိုးစစ်ရောဂါ၊ အသည်းရောင်အသားဝါရောဂါများ ဖြစ်စေတတ်ကြောင်း၊ ထို့အပြင် ထိခိုက်ရှနာအနာများရင်းတတ်ပြီး အရေပြားရောင်ရမ်းခြင်း၊ မျက်စိကြည်လွှာ ရောင်ရမ်းခြင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းနာခြင်းများဖြစ်တတ်ကြောင်း ကျန်းမာရေးပညာရှင်များက ဆိုထားပါသည်။ ၎င်းအပြင် ပိုးကောင်မှသယ်ဆောင်လာသည့် ရောဂါများအဖြစ် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ယဲလိုးအဖျားရောဂါ၊ ဝက်စ်နိုင်းဗိုင်းရပ်စ်ရောဂါတို့ ဖြစ်စေတတ်ကြောင်းကိုပါ လေ့လာမိခဲ့ရပါသည်။

**စိတ်ပိုင်းဆိုင်ရာရောဂါများရနိုင်**

စိတ်ပိုင်းဆိုင်ရာခံစားချက်များအနေဖြင့်လည်း အများအပြားခံစားကြရမည်မှာအမှန်ပင်ဖြစ်ပါမည်။ ဥပမာ. . မိုးခြိမ်းသံကြားခြင်း၊ မိုးညိုလာခြင်းများရှိပါက စိတ်ထဲတွင်မလုံမခြုံခံစားရခြင်း၊ ရေကြီးသည့်ကာလရှည်ကြာပါက ပြန်လည်ထူထောင်ရေးကာလသည်လည်း ရှည်ကြာတတ်သဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ အချိန်အတော်ကြာအောင်ပြန်လည်လုပ်ကိုင်ကြရခြင်းမရှိသည့်အတွက် နောင်ရေးတွေးကာစိတ်ပူပန်မှုများဖြစ်ကြရခြင်း၊ စာသင်ကျောင်းများပိတ်ထားရသဖြင့် သားသမီးများ၏ ပညာရေးအတွက် တွေးတောပူပန်ခြင်းများ ဖြစ်ပေါ်လာမည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။

**အမှန်တကယ်ရင်ဆိုင်နေကြရသည့် သဘာဝဘေးဒဏ်များ**

ယခုနောက်ပိုင်း ၃- ၄ နှစ်အတွင်း ကမ္ဘာ့ရာသီဥတုအပြောင်းအလဲများ လျင်မြန်စွာဖြစ်ပေါ်မှုနှင့်အတူ သဘာဝဘေးအန္တရာယ်များသည်လည်း လူသားတို့အပေါ် ခြိမ်းခြောက်လျက်ရှိနေလေရာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတို့မှလည်း ရင်ဆိုင်ရလျက်ရှိသော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန်နည်းလမ်းများဖြစ်သည့် သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိနေကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာအကူအညီများ၊ ပြည်တွင်း အထောက်အပံ့များဖြင့် အစိုးရကဦးဆောင်ကာ အားသွန်ခွန်စိုက်လုပ်ဆောင်မှသာလျှင် သဘာဝဘေးအန္တရာယ်ခံစားရသော ပြည်သူတို့၏ လူမှုဘဝနှင့်နောက်ဆက်တွဲစိတ်ပိုင်းဆိုင်ရာ ခံစားချက်များကို ပြန်လည်ကုစားနိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၏ ဒေသအများစုတွင် ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်းသည့် မိုးအလွန်အကျွံရွာသွန်းခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းများ ဖြစ်ပေါ်လာလျက်ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းသည် ကုန်းမြေပေါ်တွင်ရှိသော ရေချိုများအတွင်းသို့ ရေငန်များ ပိုမိုစိမ့်ဝင်လာစေပြီး ကောက်ပဲသီးနှံများ၊ စိုက်ပျိုးပင်များနှင့် လမုတောများကို ပျက်စီးစေခြင်း၊ ရေချိုငါး၊ ပုစွန်မွေးမြူရေးကို ညစ်ညမ်းစေခြင်း၊ ရေချိုနေငါးနှင့်သတ္တဝါများကို ပျက်စီးစေခြင်းနှင့် ၎င်းတို့အသက်ရှင်နေထိုင်သည့် နေရာပတ်ဝန်းကျင်တို့ကို ပျက်စီးစေခြင်းများ ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့်တင်ပြရလျှင် ယခုအချိန်အခါသည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင်ရေကြီးရေလျှံမှုများ ဖြစ်ပွားလာနိုင်သည့်အချိန်ဖြစ်ပြီး ထိုသို့ဖြစ်ပွားလာမှုများကိုလည်း ပြည်သူအများခံစားနေကြရပြီဖြစ်၍ ရေမကြီးမီ အချိန်ကတည်းကပင် ဖြစ်ပေါ်လာလျှင် ဆောင်ရွက်ရမည့် အစီအမံများနှင့် ကြိုတင်ကာကွယ်ရေးကိစ္စများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သတင်းဖြန့်ချိပေးကြရမည်ဖြစ်သည်။ ထို့ပြင် ရေကြီးပြီးရေပြန်လည်ကျဆင်းသွားချိန်တွင် ပြည်သူများ၏ ကျန်းမာရေးအခြေအနေများနှင့် စိတ်ဓာတ်မြှင့်တင်ရေးအစီအစဉ်များကို အစိုးရဌာနဆိုင်ရာများက ဖော်ဆောင်ပေးရမည်ဖြစ်သည်။ သန့်ရှင်းသည့်ရေနှင့် အစားအသောက်များရရှိစေရေး၊ အညစ်အကြေး စွန့်ပစ်ရန်နေရာများ စနစ်တကျသတ်မှတ်ပေးရေး၊ သန့်ရှင်းမှုရှိအောင်စီမံပေးရေး၊ ခြင်၊ ယင်များပေါက်ပွားရှင်သန်ရာနေရာများအား သုတ်သင်ရှင်းလင်းပေးခြင်း၊ ပိုးသတ်ဆေးများဖျန်းပေးခြင်းအပြင် အခြားလိုအပ်သော လူသုံးကုန်ပစ္စည်းနှင့်အဝတ်အထည်များ ထောက်ပံ့ပေးခြင်းများဖြင့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးကြရမည်သာဖြစ်ပါသည်။

ထို့ပြင်အထက်တွင်ဖော်ပြခဲ့သည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် နောက်ထပ်ကြုံတွေ့လာနိုင်သည့်ကိစ္စများအတွက်လည်း ယခင်အစိုးရလက်ထက် ၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးခဲ့သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆိုင်ရာဌာနများက အလျင်အမြန်အကောင်အထည်ဖော်ပေးရန်လိုအပ်လာနေပြီဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည့်ဒေသများတွင် ကြိုတင်စီမံဆောင်ရွက်ရမည့်အချက်များကို အထူးအလေးထားဖော်ဆောင်ပေးရန်လိုအပ်လာပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလာနိုင်သည့်အချိန်ဖြစ်ရာ ထိုသို့ဖြစ်ပွားလာမှုများကိုလည်း ပြည်သူအများခံစားနေကြရပြီဖြစ်၍ ရေမကြီးမီ အချိန်ကတည်းကပင် ဖြစ်ပေါ်လာလျှင် ဆောင်ရွက်ရမည့် အစီအမံများနှင့် ကြိုတင်ကာကွယ်ရေးကိစ္စများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သတင်းဖြန့်ချိပေးကြရမည်ဖြစ်သည်။**

**ထို့ပြင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးခဲ့သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆိုင်ရာဌာနများက အလျင်အမြန်အကောင်အထည်ဖော်ပေးရန် လိုအပ်လာနေပြီ . . .**

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် Dialogues on Freedom of Expression Issues Focus on Public Service Broadcasting နှင့်ပတ်သက်သည့်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၅**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနက်စကို(UNESCO)တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် Dialogues on Freedom of Expression Issues Focus on Public Service Broadcasting နှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် ယူနက်စကို မြန်မာမှ Media Development Expert Mikel Agurri Idiaquez တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ယူနက်စကိုမြန်မာမှ အကြံပေး Romon R. Tuazon က ပြည်သူ့ဝန်ဆောင်မှုမီဒီယာနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကိုလည်းကောင်း၊ Australian Broadcasting Corporation International Development မှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံ၌ စတင်ဆောင်ရွက်မည့် ပြည်သူ့ဝန်ဆောင်မှုမီဒီယာ လုပ်ငန်းစဉ်အပေါ် အကြံပြုချက်များကိုလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဦးဇေယျာက ပြည်သူ့ဝန်ဆောင်မှု ရုပ်မြင်သံကြားဥပဒေကြမ်းနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ပြည်သူမီဒီယာတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် အကြံပြုဆွေးနွေးကြသည်။

ယနေ့ ဆွေးနွေးပွဲကို ပြည်သူ့ကိုယ်စားပြုသည့် မီဒီယာတစ်ရပ် ပြည့်ပြည့်ဝဝ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် မီဒီယာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ၂၀၁၂ခုနှစ်မှ စဉ်ဆက်မပြတ် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အမှန်တကယ် ပြည်သူများ ကိုယ်စားပြုသည့် မီဒီယာတစ်ရပ်ပေါ်ထွက်လာရန် လိုအပ်ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှု ရုပ်မြင်သံကြားအဖြစ် ပြောင်းလဲရာတွင် ကျွမ်းကျင်မှုရှိသည့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများလိုအပ်ပြီး တိုးတက်လာသည့်နည်းပညာများကို လိုက်နိုင်ရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မီဒီယာလွတ်လပ်ခွင့်ရှိပြီး မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် မီဒီယာတစ်ရပ် ပေါ်ထွက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားကြသည်။




ယနေ့ ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ နှင့်ယူနက်စကိုမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# မောင်တောခရိုင်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိ

**မောင်တော ဇွန် ၁၅**
မောင်တောခရိုင်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် မှုခင်းကျဆင်းရေးအတွက် မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် တောင်ပြိုလက်ဝဲမြို့တို့တွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များက လှည့်ကင်း၊ ဝပ်ကင်း၊ရပ်ကင်းများဖြင့် နေ့/ည မပြတ် လုံခြုံရေးပိုင်း အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း မောင်တောခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"လုံခြုံရေးပိုင်းကတော့ နေ့/ညမပြတ် ဆောင်ရွက်နေတယ်။ လုံခြုံရေးဆောင်ရွက်ထားရှိမှုအနေနဲ့က မောင်တောမြို့ပေါ်မှာ နေရာ ၁၂ နေရာ ဆောင်ရွက်ထားတယ်။ ဘူးသီးတောင်မြို့မှာ နေရာ ခုနစ်နေရာနဲ့ တောင်ပြိုမှာ နယ်မြေရဲစခန်းက လှည့်ကင်းတွေနဲ့ လုံခြုံရေးပိုင်း အထူးအလေးထားပြီး ဆောင်ရွက်နေပါတယ်"ဟု မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဉာဏ်ဝင်းဦးက ပြောသည်။

မောင်တောခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ယူထားသည့် မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် တောင်ပြိုလက်ဝဲမြို့တို့၌ ဖြစ်ပွားသည့်မှုခင်းများတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု အများဆုံးဖြစ်ပြီး တခြား မှုခင်းဖြစ်ပွားမှု နည်းပါးကြောင်း အဆိုပါရုံးမှ သိရသည်။

ရဲတပ်ဖွဲ့တာဝန်ယူထားရသည့် နယ်မြေများတွင် မှုခင်းဖြစ်ပွားမှုနှင့် စပ်လျဉ်းပြီး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက "ရဲတပ်ဖွဲ့ဝင်တွေ တာဝန်ယူရတဲ့အပိုင်းက မြို့ပေါ်ရပ်ကွက်တွေဖြစ်တဲ့အတွက် နယ်မြေအရ ကျယ်ဝန်းမှုမရှိဘူး။ မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုက အများဆုံးဖြစ်ပြီး တခြားမှုခင်းဖြစ်ပွားတာ နည်းပါတယ်"ဟု သုံးသပ်ပြောကြားသည်။

မောင်တောခရိုင်ရဲတပ်ဖွဲ့အနေဖြင့် မောင်တောမြို့တွင် ရပ်ကွက်ငါးခု၊ ဘူးသီးတောင်မြို့တွင် ရပ်ကွက် ခုနစ်ခုနှင့် တောင်ပြိုလက်ဝဲမြို့တွင် ရပ်ကွက်ခုနစ်ခုတို့အား နယ်မြေလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နယ်ခြားစောင့်တပ်ဖွဲ့များ၊ တပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်းကာ သတင်းအခြေအနေပေါ် မူတည်ပြီး နယ်မြေလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"နယ်မြေလုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေး အပြည့်အဝ ဆောင်ရွက်နိုင်ဖို့ဆိုတာ ရဲတပ်ဖွဲ့တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ ပြည်သူတွေအားလုံး ပူးပေါင်းပါဝင်မှ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာမှာ ရာနှုန်းပြည့်အောင်မြင်မှာပါ။ ဒါကြောင့် ပြည်သူတွေ အနေနဲ့လည်း ပူးပေါင်းကြဖို့ တိုက်တွန်းပါတယ်"ဟု ဒုတိယရဲမှူးကြီးဉာဏ်ဝင်းဦးက ပြောသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ရဲထွဋ်**

# KBZSC Securities ကုမ္ပဏီ Best Securities Trading System Implementation Award ဆုရရှိ

**ရန်ကုန် ဇွန် ၁၅**
စင်ကာပူနိုင်ငံအခြေစိုက် "The Asian Banker" ၏ Financial Markets Technology Implementation Award 2017 ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဇွန် ၉ ရက်ညနေပိုင်းက စင်ကာပူနိုင်ငံ၌ ကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံမှ ငွေကြေးသက်သေခံလက်မှတ် ကုမ္ပဏီဖြစ်သည့် KBZSC Securities နှင့် ယင်း၏ နည်းပညာမိတ်ဖက် Tata Consultancy Services (TCS) အား "Best Securities Trading System Implementation of the Year" ဆုကို ပေးအပ်ချီးမြှင့်ရာ KBZSC Securities မှ Senior Managing Director Mr. Rudi Rolles နှင့် TCS မှ Global Product Head Mr. Bharat Shah တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ "The Asian Banker" မှ" KBZSC Securities ကုမ္ပဏီသည် Tata Consultancy Services (TCS) နှင့် ပူးတွဲ၍ Yangon Stock Exchange (YSX) တွင် စတော့ရှယ်ယာ ရောင်းဝယ်နိုင်သည့် Integrated Trading Platform ကို အချိန်တိုကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ပထမဆုံးသော Electronic စတော့ရှယ်ယာ ရောင်းဝယ်မှုများကို စတင်နိုင်ခဲ့ကြောင်း၊ ရောင်းဝယ်သူများ အဆင်ပြေစေရေးအတွက် Internet, Mobile နှင့် Tablet Application များကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ YSX ၌ စတော့ရှယ်ယာ ရောင်းဝယ်မှုများ၏ ဈေးကွက်ဝေစု ၇၀ ရာခိုင်နှုန်းကျော်ကို ကနဦးအချိန်မှစတင်၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နည်းပညာပိုင်းဆိုင်ရာတွင်သာမက လုပ်ငန်းပိုင်းကိုလည်း တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ငွေကြေးအရင်းအနှီးဈေးကွက်အတွက် ဖြစ်ပေါ်လာနိုင်သည့် Risk များကို လျှော့ချနိုင်ရေး အတွက် နည်းစနစ်များ ကြိုတင်စီမံဆောင်ရွက်ထားနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။




KBZSC Securities ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်က မြန်မာနိုင်ငံ၌ စတော့ရှယ်ယာ ရောင်းဝယ်ခြင်းကို စတင်ခဲ့သည့် အချိန်တိုအတွင်းမှာပင် ယခုကဲ့သို့ အသိအမှတ်ပြုချီးမြှင့်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ရန်ကုန်စတော့အိပ်ချိန်း စတော့ရှယ်ယာရောင်းဝယ်မှုတွင် အရောင်းအဝယ် ပေးချေမှုဘဏ် (Fund Settlement Bank) အဖြစ် ဆောင်ရွက်နေသော ကမ္ဘောဇဘဏ်၊ YSX နှင့် Securities ကုမ္ပဏီများ အကြားတွင် Electronic နည်းလမ်းဖြင့် ရောင်းဝယ်ပေးချေမှုများ ချောမွေ့အောင်မြင်လျက်ရှိကြောင်း၊ KBZSC Securities အနေဖြင့် နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသော စတော့ရှယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတကာအဆင့် နည်းပညာများဖြင့် ဆက်လက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဝ၁ဝ)**

# မြတ်ဣန္ဒာလင်းစာကြည့်တိုက်တိုးချဲ့ဆောင် ဖွင့်

**ပဲခူး ဇွန် ၁၅**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ မြတ်ဣန္ဒာလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် တိုးချဲ့ဆောင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်တိုးချဲ့ဆောင်ကို ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဝမ်းဘဲအင်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပဲခူးမြို့နယ် အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်နွယ်နှင့် အလှူရှင်မိသားစုမှ ဆရာမ ဒေါ်နှင်းဝေတို့က အမှာစကား ပြောကြားပြီး စာကြည့်တိုက်မှူး ဆရာကြီး ဦးလှကြည်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အလှူရှင်မိသားစုအား ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။ အဆိုပါစာကြည့်တိုက် အဆောက်အအုံမှာ အလျား ပေ ၄၀၊ အနံ ပေ ၂၀ RC အမျိုးအစား တစ်ထပ်တိုက်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူမှုရေးပင်စင်ထောက်ပံ့မှုစတင်ခြင်းနေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဘိုးဘွားအချို့လက်ဝယ်သို့ အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်



**နေပြည်တော် ဇွန် ၁၅**

လူတိုင်းအခြေခံလူ့အခွင့်အရေးရရှိရေး၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဖြစ်စေရေး၊ လူ့ဂုဏ်သိက္ခာနှင့် ပြည့်စုံသော လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် လုပ်ငန်းစဉ်ရှစ်ရပ် ပါဝင်သည့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးကို အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်ရေးဆွဲ၍ ပြည်သူများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်လျက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းစဉ်ရှစ်ရပ်အနက် တစ်ရပ်ဖြစ်သည့် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင် ထောက်ပံ့မှုအစီအစဉ်ကို သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေနှင့်အညီ အသက်အရွယ်အပိုင်းအခြားအလိုက် ထောက်ပံ့နိုင်ရေးစီစဉ်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ကာ တစ်နိုင်ငံလုံးရှိ အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွားများအား တစ်ဦးလျှင် လစဉ်ကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့မည်ဖြစ်ကြောင်း၊ ကနဦးအနေဖြင့် ဧပြီ၊ မေ၊ ဇွန်လများအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ ကို ဇွန် ၁၅ ရက်မှ ၃၀ ရက်အတွင်း အိမ်တိုင်ရာရောက် ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်သို့ သွားရောက်ပြီး ဦးဖေချစ်(၁၀၁)နှစ်၊ ဒေါ်ကြည်ကြည်(၁၀၀)နှစ် အပါအဝင် အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွား ၁၀ ဦးအတွက် တစ်ဦးလျှင် သုံးလစာ ထောက်ပံ့ငွေကို ဘိုးဘွားများလက်ဝယ်သို့ အိမ်တိုင်ရာရောက် ရိုသေစွာ သွားရောက်ထောက်ပံ့ပေးအပ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသက်(၉၀)နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်နိုင်ရေးအတွက် ရပ်/ကျေးအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖနှင့် အခြေခံပညာ ကျောင်းဆရာမတို့ ပါဝင်သော သုံးဦးပါအဖွဲ့က ကနဦး သုံးလစာထောက်ပံ့ငွေကို ဇွန်လနောက်ဆုံးပတ်အတွင်း ဘိုးဘွားများ လက်ဝယ်သို့ အိမ်တိုင်ရာရောက် သွားရောက် ထောက်ပံ့ပေးအပ်မည်ဖြစ်ပြီး ကျန်လများအတွက် သုံးလတစ်ကြိမ်ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ထားရှိသော်လည်း တစ်လတစ်ကြိမ် ထောက်ပံ့နိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေရှည်တွင် အသက်သတ်မှတ်ချက်ကို လျှော့ချဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ထောက်ပံ့ရာတွင် ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့နိုင်ရေး အစီအစဉ်အဆင့်ဆင့်နှင့် နည်းပညာများတွင် နိုင်ငံတကာသက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ Help Age International ကလည်း ပူးပေါင်းကူညီလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) လာမည့်ဒီဇင်ဘာလတွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် အဆင့်မြှင့်တင်သွားမည်



**ရန်ကုန် ဇွန် ၁၅**

အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)ကို လာမည့်ဒီဇင်ဘာလတွင် ပထမနှစ်သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် အဆင့်မြှင့်တင်ခြင်းနှင့် အကြီးစားပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ အဆင့်မြှင့်တင်ခြင်းကို မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့အစည်းတို့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၏ အကြီးစားပြင်ဆင်မှုများကို ပညာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဆရာ ဆရာမများကို သင်တန်းများပေးခြင်း၊ သင်ရိုးညွှန်းတမ်းများကို ခေတ်မီအောင် ပြန်လည်ရေးဆွဲခြင်းတို့ကို ဂျာမနီနိုင်ငံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့အစည်းတို့က ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ-ဂျာမနီပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းဝင်းအတွင်း၌ ယနေ့ နံနက် ၁၁ နာရီက ကျင်းပခဲ့ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာတာမျိုးသိမ်းကြီး၊ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန(BMZ)မှ အတွင်းဝန် Mr.Thomas Silberhornနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် မြို့ပြအင်ဂျင်နီယာ၊ စက်မှု၊ အီလက်ထရွန်နစ်၊ လျှပ်စစ်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ နည်းပညာ စသည့်သင်တန်း ငါးခု ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း တစ်ခုအတွက် ကျောင်းသားအရေအတွက် ၄၀ လက်ခံမည်ဖြစ်ပြီး စာသင်ခန်းနှင့် လက်တွေ့ခန်းပေါ်မူတည်၍တိုးတက်ခေါ်ယူသွားရန် ရည်ရွယ်ထားကြောင်းနှင့်သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး AGTI အောင်လက်မှတ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဝင်ခွင့်နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က "သိပ္ပံနဲ့ တက္ကသိုလ်ဝင်တန်းအောင်တဲ့ ကျောင်းသားတွေကို လျှောက်လွှာနဲ့ လက်ခံမှာဖြစ်ပါတယ်။ ပြီးတော့ ရေးဖြေ၊ နှုတ်ဖြေနဲ့ ပြန်ရွေးချယ်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

သက်မွေးပညာ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းအားဖြင့် လုပ်ငန်းခွင်နှင့်ကိုက်ညီမှုရှိသော မြန်မာလူငယ်များမွေးထုတ်ပေးနိုင်ခြင်း၊ လုံလောက်သောဝင်ငွေ ရရှိလာနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရေးအတွက် စက်ရုံ၊ အလုပ်ရုံများတွင် လိုအပ်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

အစိုးရစက်မှုလက်မှုသိပ္ပံကို ၁၈၉၅ ခုနှစ် ဧပြီ ၁ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်ဘုတာရုံအနောက်ဘက်၌ Government Engineering School အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် အင်းစိန်မြို့ရှာမသို့ ပြောင်းရွှေ့ကာ Government School of Engineering and Technical High School အမည်ဖြင့် သင်တန်းများဖွင့်လှစ်ခဲ့သည်။ ၂၀၀၀ ခုနှစ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ သင်တန်းများ ဖွင့်လှစ်ခြင်းကိုရပ်နားခဲ့သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်မှ စတင်ခဲ့သည့် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)သည် နည်းပညာနှင့် သက်မွေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များစွာကို မွေးထုတ်ပေးနိုင်ခဲ့သည်။

**သတင်း-နန္ဒာဝင်း၊ ဓာတ်ပုံ-လှမိုး**

# အသက်(၉၀)နှင့်အထက် ဘိုးဘွားများအား မြို့နယ်အသီးသီး၌ လူမှုရေးပင်စင်များ ထောက်ပံ့

## မြစ်ကြီးနား

မြစ်ကြီးနားမြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်အထက် လူမှုရေးပင်စင်ထောက်ပံပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးနှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်အထက် အဘိုး အဘွား ၂၄၀ တို့အား သုံးလစာအတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ ကို ကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကချင်ပြည်နယ် တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် မြစ်ကြီးနားခရိုင်တွင် ၂၉၃ ဦး၊ ပူတာအိုခရိုင်တွင် ၅၃ ဦး၊ မိုးညှင်းခရိုင်တွင် ၂၂၄ ဦး၊ ဗန်မော်ခရိုင်တွင် ၂၂၄ ဦး စုစုပေါင်း ၇၉၄ ဦးရှိကြောင်း သိရသည်။

**စိန်ဝင်း(IPRD)**

## ပွင့်ဖြူမြို့နယ်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွားများအား သက်ကြီးလူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

အဆိုပါ သက်ကြီးလူမှုရေးပင်စင်ထောက်ပံ့ငွေများပေးအပ်ပွဲတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၉ အုပ်စုမှ အသက်(၉၀)နှစ်နှင့်အထက် အဘိုးအဘွား ၁၁၅ ဦးအား ပထမသုံးလပတ် (ဧပြီ၊ မေ၊ ဇွန်လ) အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## မင်းဘူးမြို့နယ်

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ ၁၂၁ ဦးအတွက် တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ဧပြီ၊ မေ၊ ဇွန်လများအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၆၃၀၀၀၀ ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**(ဖိုးပြည့်)**

## တိုက်ကြီးမြို့နယ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့သည့် ဘိုးဘွားများအား လူမှုရေးပင်စင်ပေးအပ်ပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၅ ရက်က ကျင်းပရာ တိုက်ကြီးမြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွား၂၀၄ ဦးကို ၂၀၁၇ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လသုံးလအတွက် တစ်ဦးလျှင် တစ်လငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ကျပ် ၃၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ရေစကြိုမြို့နယ်

ရေစကြိုမြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ဧပြီ ၊ မေ၊ ဇွန်လများအတွက် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ ပြုလုပ်သည်။

လူမှုဝန်ထမ်းဦးစီးဌာနက လူမှုရေးပင်စင်များကို မြို့နယ်မှ အသက်(၉၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၅၇ ဦးကို ဧပြီ၊ မေ၊ ဇွန်လများအတွက် တစ်ဦးလျှင် စုစုပေါင်းငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၄၇၁၀၀၀၀ ကို ထောက်ပံ့ပေးခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က လူမှုရေးပင်စင်ထောက်ပံ့ငွေများကို အသက်(၉၀)နှစ်နှင့် အထက်ရှိသော မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေပြည်တော်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဇမ္ဗူသီရိမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ အသက်(၉၀)နှစ်နှင့်အထက် အဘိုး အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းကို ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဦးဘုန်းကျော်ဦးက ရပ်ကွက်/ကျေးရွာအုပ်ချုပ် ရေးမှူးများထံသို့ ယနေ့ မွန်းတည့် ၁၂ နာရီက ပေးအပ်ခဲ့ပြီး အဆိုပါ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အဘိုးအဘွားများထံသို့ အိမ်တိုင်ရာရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇွန် ၁၅**
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၇ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ပြီး သစ်ပင်များစိုက်ပျိုးပေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ခရေပင်ကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက ကံ့ကော်ပင်ကို လည်းကောင်း စိုက်ပျိုးပေးကြသည်။

ဆက်လက်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၇ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၇၂၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စိုက်ပျိုးပင် ၉၃၇၅၀ စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

»» စာမျက်နှာ ၅ မှ
အခြေခံပညာအဆင့်တွင် စားသုံးသူပညာပေးရေး (Consumer Education) ဘာသာရပ်ဟု တိုက်ရိုက်မသုံးနှုန်းထားသော်လည်း လက်ရှိအသုံးပြုသင်ကြားနေသည့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင်သော်လည်းကောင်း၊ ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည့် သင်ရိုးသစ်များတွင်သော်လည်းကောင်း စားသုံးသူရေးရာ အသိပညာပေးသင်ခန်းစာများကို ထည့်သွင်းရေးဆွဲနေပါသဖြင့် အဆိုအား မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း တင်ပြသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ပေးပို့လာသော "ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း"လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် အစီရင်ခံစာဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

---

**○ အင်းတော်ကြီးကန်မှ**
အင်းတော်ကြီးကန်သည် ထူးခြားသည့် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှုတို့ကြောင့် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုအဖြစ် လည်းကောင်း၊ ကမ္ဘာ့အဆင့် အရေးပါသည့် ငှက်မျိုးစိတ်များ ကြွယ်ဝမှုနှင့် အခြားထူးခြားသည့် ရေဝပ်ဒေသ အင်္ဂါရပ်များရှိခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ရမ်ဆာရေဝပ်ဒေသ (Ramsar Site)အဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရသည်။

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများအား အသိအမှတ်ပြုခြင်းသာမက ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများရရှိစေမည့် ပူးတွဲစီမံအုပ်ချုပ်ခြင်းနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှ ကတိပြုလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရေဝပ်ဒေသဖြစ်သော အင်းတော်ကြီးကန်သည် စိုက်ပျိုးမြေများနှင့် သစ်တောများ ဝန်းရံထားကာ စနစ်တကျ ထိန်းသိမ်းခြင်း မပြုလုပ်ပါက အင်းတော်ကြီးကန်၏ ဂေဟစနစ်သည် ကျူးကျော်စိုက်ပျိုးမှုများနှင့် တရားမဝင် သစ်ထုတ်လုပ်မှုများကြောင့် ထိခိုက်ပျက်စီးနိုင်ပြီး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုပါက ညစ်ညမ်းမှုများ ဖြစ်လာ၍ ပျက်စီးသွားမည်ဖြစ်သည်။

အင်းတော်ကြီးကန်ဒေသ ဇီဝအဝန်းနယ်မြေ (Indawgyi Biosphere Reserve) အား ရေရှည်တည်တံ့ ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဟန်ချက်ညီစွာ အကောင်အထည်ဖော်နိုင်ရေး၊ စီမံအုပ်ချုပ်သွားနိုင်ရေးတို့ကို ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် အုပ်ချုပ်မှုစနစ်ဖြင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❑

---




**ပင်လယ်ပြင်အတွင်း တပ်မတော်စစ်ရေယာဉ်နှင့် ငါးဖမ်းစက်လှေတို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။** (သတင်းစဉ်)

**✪ ကျောဖုံးမှ**
ထို့ပြင် ဇွန် ၁၄ ရက် ည ၇ နာရီတွင် ပင်လယ်ပြင်အတွင်း တပ်မတော်စစ်ရေယာဉ်များနှင့်အတူ ရှာဖွေရေးလုပ်ဆောင်နေသည့် ဒေသခံငါးဖမ်းစက်လှေ သုံးစင်းက လောင်းလုံဘုတ်ကျွန်း၏တောင်ဘက် ရေမိုင် ၁၀ မိုင်ခန့်အကွာ၌ ခရီးဆောင်အိတ် ၁ လုံး၊ အရာရှိစိစစ်ရေးကတ် ၁ ကတ်၊ မှတ်ပုံတင်ကတ် ၂ ကတ် အပါအဝင် အဝတ်အထည် အသုံးအဆောင်ပစ္စည်းများ၊ လက်ဝတ်ရတနာများနှင့် ငွေစက္ကူများအား ရှာဖွေတွေ့ရှိခဲ့သည်။

ပင်လယ်ပြင်အတွင်း ယနေ့ထပ်မံဆယ်ယူရရှိခဲ့သည့် ရုပ်အလောင်းများအား ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာစစ်ဆေးမှုများ၊ ကျန်ရစ်သူမိသားစုများက ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည်။ သက်ဆိုင်ရာမိသားစုများက ရောက်ရှိလာသော ရုပ်အလောင်း ၁၈ လောင်းကိုလည်း ယနေ့တွင် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာများ၊ တပ်မတော်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာ ထပ်မံသင်္ဂြိုဟ်ပေးခဲ့သည်။

ယနေ့ညနေ ၅ နာရီ ၁၈ မိနစ်တွင် ပင်လယ်ပြင်အတွင်း တပ်မတော်စစ်ရေယာဉ်များနှင့်အတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အောင်သုခ ဒေသခံငါးဖမ်းစက်လှေသည် ထားဝယ်မြင်းခွာအော်မှ အနောက်ယွန်းယွန်း ဒီဂရီ ၂၆၀ အတိုင်း ၇ ဒသမ ၅ မိုင်အကွာ (မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ) နေရာတွင် ငါးဖမ်းပိုက်ဖြင့် တရွတ်ဆွဲရှာဖွေစဉ် ရေအောက်တွင် ပိုက်၌ တစ်စုံတစ်ရာငြိနေကြောင်း သတင်းပေးပို့ခဲ့သည်။

အဆိုပါသတင်းပို့ချက်အရ ၎င်းနေရာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အတူလုပ်ဆောင်နေသည့် စစ်ရေယာဉ် နှစ်စင်းတို့မှ ရေအောက်ရှာဖွေရေးကိရိယာ ဆိုနာဖြင့် ထပ်မံအတည်ပြုပြီး ရေငုပ်စစ်သည်များက ရေငုပ်စစ်ဆေးခဲ့ရာ ရေအောက် အနက် ၃၅ မီတာခန့်တွင် ပျက်ကျလေယာဉ်၏ အစိတ်အပိုင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းအစိတ်အပိုင်းမှာ ပျက်ကျ Y-8 လေယာဉ်၏ လေယာဉ်အမှတ်၊ ၅၈၂၀ အမှတ်အသားပါရှိသည့် လေယာဉ်အမြီးဖြစ်ကြောင်း သိရှိရပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# လက်နက်ငယ်များလေ့ကျင့်ပစ်ခတ်သွားမည်ဖြစ်ကြောင်းအသိပေး

**ဟိုင်းကြီးကျွန်း ဇွန် ၁၅**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ပမ္မဝတီရေတပ်စခန်းဌာနချုပ် ကွပ်ကဲမှုအောက်ရှိ အမှတ်(၂၃)ရေတပ်အုပ်ချုပ်ရေးတပ်မှ မှီခိုသူရဲမေတပ်စိတ် တိုက်စစ်မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၇)သင်တန်းသူများက ဟိုင်းကြီးကျွန်းမြို့ဌာနချုပ် ယာယီစက်ပစ်ကွင်း ကပွလီ၌ ဇွန် ၁၆ ရက်တွင် လက်နက်ငယ်များအား လေ့ကျင့်ပစ်ခတ်သွားမည်ဖြစ်ကြောင်းသိရသည်။

လက်နက်ငယ်များ လေ့ကျင့်ပစ်ခတ်မှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများ အထိတ်တလန့် မဖြစ်စေရေးနှင့် တားမြစ်နယ်မြေအတွင်းသို့ လူနှင့်တိရစ္ဆာန်များ သတ်မှတ်ချိန်အတွင်းဖြတ်သန်းသွားလာမှုမရှိစေရေးအတွက် မြို့ပေါ်ရပ်ကွက်(၁)(၂)(၃) ရှိအုပ်ချုပ်ရေးအဖွဲ့များအား ဟိုင်းကြီးကျွန်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြိုတင်အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

---

# ဧပြီလအတွက် မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇွန် ၁၅**
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉၄ ဒသမ ၈၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၈၀ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၅ ဒသမ ၆၅ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၆ ဒသမ ၀၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၀ ဒသမ ၄၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၁၆ ဒသမ ၄၉ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၇၂ ဒသမ ၁၄ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၈၄ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(သတင်းစဉ်)**

---

# ယာဉ်ငယ်များ၏ ပိုင်ဆိုင်မှုအထောက်အထားများပေးအပ်

**သနပ်ပင် ဇွန် ၁၅**
ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ပထမအကြိမ် အငှားဝယ်စနစ်ဖြင့် (Hire purchase)ထုတ်ပေးခဲ့သော Mini Truck ယာဉ်ငယ်များ၏ ပိုင်ဆိုင်မှုအထောက်အထားများပေးအပ်ပွဲကို ဇွန် ၁၄ ရက်က သနပ်ပင်မြို့နယ် သမဝါယမအသင်းစုရုံး၌ ကျင်းပခဲ့သည်။

အဆိုပါပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(တိုင်း) ဦးသူရိန်ချစ်ဆွေက အငှားယာဉ်စနစ်မှ ကိုယ်ပိုင်ယာဉ်အဖြစ်သို့ ရရှိသွားသူ ၁၂ ဦးကို အမှာစကားပြောကြားခဲ့ပြီး ယာဉ်ပိုင်ရှင်များအဖြစ် ရောက်ရှိခဲ့သူများအား ယာဉ်ပိုင်ဆိုင်ကြောင်းအထောက်အထား (Owner Book) များကို ပေးအပ်ခဲ့ရာ ယာဉ်ပိုင်ရှင်များကိုယ်စား ယာဉ်ပိုင်ရှင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးအောင်မြတ်ဦးနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးသိန်းမြင့်အေးနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းစုဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်များ တက်ရောက်ခဲ့ကြသည်။

**ကိုကျော်(IPRD)**

## ပြည်တွင်းရေးရာ

# နော်ဝေ-မြန်မာနှစ်နိုင်ငံ ပတ်ဝန်းကျင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဒုတိယအကြိမ် နှစ်ပတ်လည်စည်းဝေး



**နေပြည်တော် ဇွန် ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ ရာသီဥတုနှင့်ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့နံနက် ၉ နာရီတွင် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ နော်ဝေ-မြန်မာနှစ်နိုင်ငံ ပတ်ဝန်းကျင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပသည်။

နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အကြား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီချက်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ သဘောတူညီချက်တွင် ရေသယံဇာတ အရင်းအမြစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သင်တန်းပေးခြင်း စီမံကိန်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများစီမံအုပ်ချုပ်မှုမြှင့်တင်ရေးဆိုင်ရာ စီမံကိန်း၊ ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစီမံကိန်းများပါဝင်ပြီး မြန်မာနိုင်ငံတွင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အစည်းအဝေးတွင် အဆိုပါ စီမံကိန်းသုံးခု၏ ဆောင်ရွက်ပြီးစီးသည့် စီမံကိန်းလုပ်ငန်းများကို အကဲဖြတ်ဆန်းစစ်ခြင်း၊ လုပ်ငန်းအောင်မြင်မှုရလဒ်များကို ဆွေးနွေးခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အသိပညာသင်ခန်းစာများအား မျှဝေပေးခြင်း၊ ဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် ပြဿနာအခက်အခဲများအပေါ် ဖြေရှင်းရန်နည်းလမ်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးခြင်း၊ နှစ်စဉ်စီမံကိန်းလုပ်ငန်းတိုးတက်မှု အစီရင်ခံစာတင်ပြခြင်း၊ စီမံကိန်းရန်ပုံငွေနှင့်စပ်လျဉ်းသည့် အခက်အခဲများကို ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီးနှင့် နော်ဝေနိုင်ငံ ရာသီဥတုနှင့် ပတ်ဝန်းကျင် ရေးရာဝန်ကြီးဌာန၊ နော်ဝေ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့၊ နော်ဝေနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ နော်ဝေနိုင်ငံ ရေသုတေသနဌာနတို့မှ ကျွမ်းကျင်ပညာရှင်များနှင့် ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ စီမံကိန်းကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကွမ်းလုံမြို့နယ်၌ ပုလဲသွယ်စပ်မျိုးစပါး အစေ့ထုတ်ပြောင်းမျိုးစေ့နှင့် နှစ်ရှည်သီးနှံပျိုးပင်များ ဖြန့်ဝေ

**ကွမ်းလုံ ဇွန် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအတွက် ဘိန်းအစားထိုးသီးနှံများဖြစ်သည့် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့၊ အစေ့ထုတ်ပြောင်းမျိုးစေ့၊ နှစ်ရှည်သီးနှံပျိုးပင်များကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မျိုးစေ့များနှင့် ပျိုးပင်များ ဖြန့်ဝေရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကွမ်းလုံမြို့နယ်ရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူများအား ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ ဧက ၁၀၀ စာ၊ အစေ့ထုတ်ပြောင်းမျိုးစေ့ ၂၅ ဧကစာနှင့် နှစ်ရှည်သီးနှံပျိုးပင်ငါးဧကစာတို့ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ဒေသဘာသာစကားဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေသခံတောင်သူများက စိုက်ပျိုးသီးနှံနှင့် စပါးများကို နည်းစနစ်မှန်မှန်ဖြင့် စိုက်ပျိုး၍ အထွက်နှုန်းတိုးလျက်ရှိသော်လည်း ရောင်းချရန်ဈေးကွက်မရှိလျှင် အရှုံးသာပေါ်လျက်ရှိနေ၍ ခိုင်မာသည့် ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးပါရန်တင်ပြရာ မြို့နယ်ဦးစီးမှူးက ဒေသခံတောင်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် သီးနှံများ၊ စပါးများရရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ဈေးကွက်ရရှိအောင် ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်ပြီး အထက်ဌာနသို့ အဆင့်ဆင့်တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖြေရှင်းဆောင်ရွက်ခဲ့သည်။

**မိုင်းခိုင်ဇော်(iprd)**

# မြို့တွင်းစက်မှုလုပ်ငန်းများပိတ်သိမ်းရေး ပခုက္ကူစက်မှုဇုန်လုပ်ငန်းရှင်မိသားစုများက ဆန္ဒပြတောင်းဆို

**ပခုက္ကူ ဇွန် ၁၅**

ပခုက္ကူမြို့တွင်းရှိ စက်မှုလုပ်ငန်းများပိတ်သိမ်းပေးရေး ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက ရွှေချောင်းအဝိုင်းလမ်းဆုံမှ စတင်၍ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်သည်။

ပခုက္ကူမြို့ စက်မှုဇုန်(၈)လမ်းနေ ကားပန်းပဲလုပ်ငန်းလုပ်ကိုင်သူ ဦးအုံးရွှေ ဦးဆောင်၍ စက်မှုဇုန်လုပ်ငန်းရှင်နှင့် မိသားစုများ စုစုပေါင်းအင်အား ၁၅၀ ခန့်သည် ရွှေချောင်းလမ်းဆုံမှ မြို့မလမ်း၊ ရွှေလမ်း၊ ဗိုလ်ချုပ်လမ်းများအတိုင်း မြို့တွင်းစက်မှုလုပ်ငန်းများ ပိတ်သိမ်းပေးရေး ကြွေးကြော်သံဖြင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ကြသည်။ အဆိုပါအဖွဲ့သည် ထွေ/အုပ်ရုံးရှေ့၊ စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့နှင့် လျှပ်စစ်ရုံးရှေ့တို့၌ မြို့တွင်းစက်မှုလုပ်ငန်းများ ပိတ်သိမ်းပေးရေး သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးရန် ဟောပြောတောင်းဆိုကြသည်။

ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ဦးဟန်ဇော်ဝင်း၊ ဒေါ်ဇင်နီနီဝင်း၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် စက်မှုဇုန်လုပ်ငန်းရှင်များ စက်မှုဇုန်ဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်ရန်အချက်များ၊ မြို့တွင်းစက်မှုလုပ်ငန်းများပိတ်သိမ်းရေး၊ လုပ်ငန်းအမျိုးအစားအလိုက် ပိတ်သိမ်းရေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားရန် ညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ကိုဇော်(ခာတု)**



**စာအုပ် စာပေ လှူမိတ်ဆွေ**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသည့် ဇွန် ၅ ရက်မှ ဇွန် ၁၁ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | သားကောင်းသမီးမွန် ထူးချွန်အောင်မြင်ရေး | မြတ်ငြိမ်း | ၁၈၀၀ | စိတ်ကူးချိုချို |
| ၂ | ဦးထိပ်ပန်ရာ ဩဝါဒကထာ | မင်းနန်(မော်ကျွန်း) | ၃၅၀၀ | Wisclom house |
| ၃ | အရွယ်သုံးပါး အရိုး၊ အကြော၊ အဆစ်ပြဿနာများ | ပါမောက္ခဦးချစ်စိုး | ၃၀၀၀ | Treasure |
| ၄ | ကဗျာပရိယာယ် | မင်းသုဝဏ်၊ မင်းယုဝေ | ၃၀၀၀ | စိတ်ကူးချိုချို |
| ၅ | ပညာရေးဆောင်းပါးပေါင်းချုပ် | Dr သန်းဦး | ၈၀၀၀ | ဆုစာပေ |
| ၆ | ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ | ဦးသန်းဖေ(ညော့လမ်းညွှန်) | ၄၀၀၀ | လောကသစ် |
| ၇ | မဟာရာဇဝင်ကြီးဋီကာ | သစ်ဆိမ့်ဆရာတော် | ၅၀၀၀ | စိတ်ကူးချိုချို |
| ၈ | နှုတ်တစ်ရာစာတစ်လုံး | ရွှေမင်းဝင်ဦးဘုန်းမြင့် | ၁၅၀၀ | လောကသရဖူ |
| ၉ | ငြိမ်းချမ်းရေးဗျူဟာ | မောင်ပေါ်ထွန်း | ၁၂၀၀ | လောကသရဖူ |
| ၁၀ | စိတ်အလှဖြင့် ဘဝကိုအလှဆင် | မြတ်ငြိမ်း | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၁ | ဆောင်ကြာမြိုင်ဇာတ်လမ်းများ | ဘသက်ဆွေ | ၁၈၀၀ | စိတ်ကူးချိုချို |
| ၁၂ | သံဘိုဆရာတော်၏ စကားပန်းပုံပြင်များ | ရွှေမင်းဝင် ဦးဘုန်းမြင့် | ၁၅၀၀ | လောကသရဖူ |
| ၁၃ | သမိုင်းတရားခံရှာတော်ပုံ | ကြူးနှစ် | ၂၅၀၀ | လောကသရဖူ |
| ၁၄ | ငြိမ်းချမ်းရေး လရောင်အောက်က မေတ္တာဆည်းလည်းသံ | ဘုန်းခန့်ထည် | ၄၀၀၀ | - |
| ၁၅ | နက်နဲသော ဂမ္ဘီရနယ်မှ အစီအရင်များ | ဆရာဟိမဝန္တာ | ၂၅၀၀ | စာပေနန်းတော် |
| ၁၆ | အောင်ဆန်းစုကြည်ခံစားမှု | မောင်ကိုကို(အမရပူရ) | ၂၅၀၀ | စာပေခရီးသွား |
| ၁၇ | ပညာရေးဘာဝေးနေသလဲ | ပါမောက္ခ ဒေါက်တာခင်ဇော်ဦး | ၂၈၀၀ | စာပေခရီးသွား |
| ၁၈ | ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း | Quality | ၂၀၀၀ | Quality |
| ၁၉ | ကမ္ဘာတစ်ခု စနစ်နှစ်ခု-၃ | ကလောင်စုံ | ၄၀၀၀ | နှင်းဆီနီ |
| ၂၀ | ပေါ်ပြူလာဟာသစာစုများ | အဏ္ဏဝါစိုးမိုး | ၁၅၀၀ | ပန်းနီနီ |
| ၂၁ | မိစ္ဆာနှင့် မစ္ဆပရမ်း | ဒေါက်တာခင်မောင်ညို | ၃၀၀၀ | ဂလိုဘယ်အလင်း |
| ၂၂ | မြှုံးမိတဲ့ငါး | ကြူကြူသင်း | ၂၅၀၀ | ကောင်းဆုသာ |
| ၂၃ | နန်းစဉ်ပုစ္ဆာ | ဦးသော်ဇင် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၄ | ဆယ်ကျော်သက်နှင့်လက္ခဏာပညာ | ဒေါက်တာဒဂုန်ခင်သဇင် | ၂၀၀၀ | - |
| ၂၅ | ပြည်တော်ပြန်လက်ဆောင်နှင့် ဆောင်းပါးများ | ခင်မောင်နှင်း (ကျောက်ပန်းတောင်း) | ၁၅၀၀ | - |
| ၂၆ | ပျံ့သာပျံ့ပါ | လွန်းထားထား | ၂၅၀၀ | တံခွန်တိုင် |
| ၂၇ | နေရောင်ခြည်နှင့် သင့်အရေပြား | ဇော်မြင့်(ငှက်ဖျား) | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၈ | ဗုဒ္ဓဘာသာဆိုတာ | သခင်အောင်ဖေ | ၂၂၀၀ | စိတ်ကူးချိုချို |
| ၂၉ | မေဝင်မြင့်ကိုရသချို | ကလောင်စုံ | ၆၀၀၀ | လင်းလွန်းခင် |
| ၃၀ | အိပ်မက်ထဲကဘဝကိုထုဆစ်ပုံဖော်ခြင်း | အောင်လှိုင် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၃၁ | ကွန်ထရိုးလိန်းအော်ဖီဆာ | သားလှ(ရသေ့တောင်) | ၂၀၀၀ | ဟိန်းစာပေ |
| ၃၂ | ပီအက်စီလက်ဆောင် | မိုးခ | ၃၅၀၀ | မျိုးဆက်သစ် |
| ၃၃ | အတောင်ပါးငှက်ဒိုင်ယာရီ(၄) | သူရိန် | ၁၅၀၀ | ယဉ်မျိုး |
| ၃၄ | ဖုတ်ကောင် | လူသာမန် | ၁၅၀၀ | စံပယ် |
| ၃၅ | ခေတ်ဟောင်းမြန်မာရာဇဝင် | ဒေါက်တာသန်းထွန်း | ၅၅၀၀ | စိတ်ကူးချိုချို |
| ၃၆ | ဖာတစ်လုံးခေါင်းကျား | စစ်ကိုင်းဦးဘိုးသင်း | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃၇ | စကားမာရသွန် | လူထုစိန်ဝင်း | ၃၀၀၀ | ပင်ဝါးရုံ |
| ၃၈ | ဒီမိုကရေစီခရီးရှည် ဘယ်ခြေညာခြေ | မင်းဗထူး | ၂၅၀၀ | စိတ်ကူးချိုချို |
| ၃၉ | အစိုးရ၊ ကုမ္ပဏီ၊ NGOတို့တွင် ပေါ်လစီ ရေးဆွဲခြင်း ပေါ်လစီပြောင်းလဲခြင်းဗျူဟာများ | ဒေါက်တာထွန်းဝင်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၄၀ | ကျော်မော်-၁၀၀ အံ့ဖွယ်-၁၀၀၀ | မိုးမြင့်မောင် | ၂၅၀၀ | Top စာပေ |
| ၄၁ | ငြိမ်းချမ်းသာ အေးချမ်းသာများစွာနှင့် | ယောဂီစောလွင် | ၂၅၀၀ | ယဉ်မျိုး |
| ၄၂ | ဖက်ဒရယ်နိဒါန်းနှင့် ပထဝီနိုင်ငံရေး | စောစံရွှေ | ၂၀၀၀ | - |
| ၄၃ | ဒီမိုကရေစီနှင့် မြန်မာ့နိုင်ငံရေး | သန်းဝင်းလှိုင် | ၂၂၀၀ | - |
| ၄၄ | ဆန်စပါးပျိုးခြင်း အနုပညာ | မင်းဝင်းထိန်(B.ag) | ၃၀၀၀ | ဘုရင်မ |
| ၄၅ | အကောက်ခွန်ဝန်ဆောင်မှုအကြောင်း သိကောင်းစရာ | ညီညီအောင် | ၇၀၀၀ | - |
| ၄၆ | ခါချနေရတယ်နှင့် အခြားဆောင်းပါးများစုစည်းမှု | အောင်အောင် (IR) | ၅၀၀၀ | - |
| ၄၇ | ကြာပန်းရေစင် | ဒဂုံတာရာ | ၆၀၀၀ | နေရီရီ |
| ၄၈ | ဝေလီဝေလင်းဒိုင်ယာရီနှင့် အခြားဆောင်းပါးများ | ကျွန်းစဉ်မြေစောခက် | ၁၅၀၀ | ဘဝပင်လယ်စာပေ |

# အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (၈)ကြိမ်မြောက် အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၁၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဦးဆောင်မှုဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ ASEAN Working Group on Climate Change (AWGCC)၏ (၈)ကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး AWGCC ဥက္ကဋ္ဌ Mr.Cheang Kok Chung က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေး ကာလအတွင်း စင်ကာပူနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ အေဂျင်စီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး မူဝါဒနှင့် နိုင်ငံတကာရေးရာဌာန ညွှန်ကြားရေးမှူးများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဦးဆောင်၍ အာဆီယံအတွင်းရေးမှူးရုံးအဖွဲ့တို့၏ အကူအညီဖြင့် အာဆီယံဒေသတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဇွန် ၁၄ ရက်မှ ၁၅ ရက်အထိ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (AWGCC) Focal Person များနှင့် ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇာနည်မောင်၊ အေးမင်းသူ**

■

# YBS ကားသစ် အစီး ၁၀၀၀ မှာ မြန်မာနိုင်ငံအတွက် သီးခြားထုတ်လုပ်ထားသော ကားများဖြစ်ဟု ဝန်ကြီးချုပ်ပြောကြား

**ရန်ကုန် ဇွန် ၁၅**

YBS ယာဉ်လိုင်းများတွင် ပြေးဆွဲရန်အတွက် တရုတ်နိုင်ငံမှ တင်သွင်းခဲ့သည့် ဘတ်စ်ကားသစ် အစီး ၁၀၀၀ မှာ မြန်မာနိုင်ငံအတွက် သီးခြားထုတ်လုပ်ထားသော ကားများဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဆိုပါဘတ်စ်ကားသစ်များ တိုင်းဒေသကြီးအစိုးရသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံနဲ့ ကိုက်ညီနိုင်မယ့်၊ ရာသီဥတုနဲ့လည်းကိုက်ညီနိုင်မယ့်၊ ကျွန်တော်တို့မြို့ရဲ့ လမ်းတွေနဲ့လည်းကိုက်ညီနိုင်မယ့် အင်ဂျင်စနစ်တွေ၊ စီအင်န်ဂျီအင်ဂျင်တွေနဲ့ စီအင်န်ဂျီကိုသုံးတဲ့ ကားတွေကိုတင်သွင်းလာတာ ဖြစ်ပါတယ်။ ဒီကားတွေဟာ တရုတ်နိုင်ငံမှာထုတ်လုပ်ပြီး မြန်မာနိုင်ငံကို တင်သွင်းလာတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီကားတွေဟာ မြန်မာနိုင်ငံအတွက် သီးခြားထုတ်လုပ်ထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် သီးခြားထုတ်လုပ်ထားတဲ့ကားတွေ ဖြစ်တဲ့အတွက် ပြည်သူလူထုကို ဝန်ဆောင်မှုပေးတဲ့နေရာမှာ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်မှာ ဖြစ်ပါတယ်"ဟု ဇွန် ၁၀ ရက်က ရန်ကုန်မြို့ပြည်သူ့ရင်ပြင်တွင် ပြုလုပ်ခဲ့သည့် တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် ကားသစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၅၀ ကျော် မထသယာဉ်လိုင်းစနစ်ဖြင့်သာ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍကို ပုံဖော်ခဲ့ရပြီး မြို့ဧရိယာနှင့် လူဦးရေတိုးပွားလာမှုအပေါ်တွင် လိုအပ်ချက်အလိုက် ပုံစံအမျိုးမျိုး၊ ယာဉ်အမျိုးမျိုးဖြင့် ပြေးဆွဲဆောင်ရွက်ခဲ့သည့်အပြင် ပုဂ္ဂလိကတစ်ဦးချင်းပိုင် ယာဉ်များပါဝင်မှုဖြင့် ပြည်သူလူထုပါဝင်သော သယ်ယူပို့ဆောင်မှုပုံသဏ္ဌာန်မျိုးစုံရှိနေခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ ယင်းအတွက် ပြည်သူလူထုကို ဝန်ဆောင်မှုကောင်းစွာပေးနိုင်ခဲ့သည့် သယ်ယူပို့ဆောင်မှုစနစ်တစ်ရပ် ဖြစ်မလာခဲ့ဘဲ နှစ်ပေါင်းများစွာ တည်ရှိနေခဲ့သည့် မထသစနစ်ကို ဇန်နဝါရီ ၁၅ ရက်တွင် ရပ်ဆိုင်းခဲ့ကာ ယခုလက်ရှိတွင် YBS စနစ်ဖြင့် ယာဉ်လိုင်းပေါင်း ၉၀ ခန့် ပြေးဆွဲအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံယာဉ်ကြောစနစ်နှင့် ကိုက်ညီသည့် စီအင်န်ဂျီသဘာဝဓာတ်ငွေ့သုံးဘတ်စ်ကားသစ်များကို တင်သွင်းလာခြင်းဖြစ်ပြီး တရုတ်နိုင်ငံအစိုးရနှင့် အစိုးရချင်းချိတ်ဆက်ဝယ်ယူခဲ့သည့်အတွက် ဈေးနှုန်းနှင့် ဝန်ဆောင်မှုပိုင်းသာလွန်မှုများရရှိကြောင်း သိရသည်။

"ကျွန်တော်တို့လိုချင်တဲ့ အခြေအနေက ရန်ကုန်မော်ဒယ်တစ်ခုထုတ်လုပ်ရမယ့် ကားမျိုးဖြစ်ပါတယ်။ ဒါရန်ကုန်အတွက် သီးခြားထုတ်လုပ်ထားတာပါ။ သူတို့ကုမ္ပဏီတွေမှာတောင် Standard တစ်ခုဖြစ်လာပါတယ်။ ကားအင်ဂျင်ဆိုဒ်က ၁၂ မီတာလောက်မှာသုံးတဲ့ အင်ဂျင်ဆိုဒ်ထက် နည်းနည်းလေးပဲသေးပါတယ်။ အင်ဂျင်သိပ်ကြီးရင်လည်း ကားအတွက် မကောင်းဘူးပေါ့နော်။ ဒါကြောင့် ရန်ကုန်အတွက် သင့်တော်တဲ့ကားမျိုးကို ဝယ်ပါတယ်။ သုံးစွဲတဲ့ ငွေကြေးက ပြည်သူ့ဘဏ္ဍာငွေတွေဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ ဝယ်တဲ့ပစ္စည်းက ထိုက်တန်တဲ့ပစ္စည်းရဖို့လိုပါတယ်။ ဒီဟာဆိုရင် မြန်မာနိုင်ငံမှာလည်း မြန်မာကိုယ်စားလှယ်တွေရှိပါတယ်။ မြန်မာကိုယ်စားလှယ်တွေဆီက သွားဝယ်ရင်တောင် ကျွန်တော်တို့ရတဲ့ ဈေးနဲ့ မရောင်းနိုင်ပါဘူး။ တရုတ်သံအမတ်ကြီးရဲ့ ကြိုးပမ်းပေးမှုနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုအပေါ်မှာ ပူးပေါင်းပါဝင် ကူညီတယ်ဆိုတဲ့ ဆန္ဒအပေါ်ပေါင်းစပ်ပြီးတော့ ကားတွေဟာ ပြည်သူလူထုအတွက် အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ မကြာခင်မှာ ယာဉ်လမ်းကြောင်းတွေ ပြေးဆွဲတော့မှာ ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

တိုင်းဒေသကြီးအစိုးရ၏ စီစဉ်မှုဖြင့် ဝယ်ယူခဲ့သော ဘတ်စ်ကားသစ်အစီး ၁၀၀၀ သည် Yutong ကုမ္ပဏီမှ အစီး ၅၀၀ နှင့် Ankai ကားကုမ္ပဏီမှ အစီး ၅၀၀ ဖြစ်ပြီး တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၅၆၀၀၀ ပေးရကြောင်း သိရသည်။

အဆိုပါကားများကို ထုတ်လုပ်နေစဉ်နှင့် မြန်မာနိုင်ငံသို့တင်ပို့ရန် သင်္ဘောတင်လုပ်ငန်းများ ဆောင်ရွက်စဉ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကျွမ်းကျင်သူများ၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ တာဝန်ရှိသူများက သွားရောက်စစ်ဆေးကာ လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**(၀၀၁)**

# တောင်သူများ စက်မှုလယ်ယာသို့ အဆင်ပြေစွာကူးပြောင်းနိုင်ရေး လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိ

**ရမည်းသင်း ဇွန် ၁၅**

ရမည်းသင်းမြို့နယ်ရှိ တောင်သူများ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အဆင်ပြေချောမွေ့စွာ ကူးပြောင်းနိုင်စေရေးအတွက် ဂရိတ်ကုန်မာဆိုင်မိသားစုနှင့် ဝင်းရွှေဝါထရေးဒင်းကုမ္ပဏီတို့ ပူးပေါင်း၍ လယ်ယာသုံးစက်ပစ္စည်းများနှင့် အခြားလုပ်ငန်းသုံးစက်ပစ္စည်းများကို ရမည်းသင်း-မြို့လှ-ပျားစည်လမ်းရှိ အောင်မင်္ဂလာရပ်ကွက်တွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အဓိကကတော့ ကျေးလက်နေတောင်သူတွေ လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်တဲ့အခါမှာ ခေတ်နဲ့အညီ စက်ပစ္စည်းတွေနဲ့ အဆင်ပြေချောမွေ့စွာ သက်သောင့်သက်သာနဲ့ ထွန်ယက်လုပ်ကိုင်နိုင်ဖို့အတွက် ရည်ရွယ်ပြီး အခုလို အရစ်ကျဖွင့်လှစ်ရောင်းချပေးတာဖြစ်ပါတယ်။ ရောင်းချပေးနေတဲ့ ပစ္စည်းတွေကတော့ လယ်ထွန်စက်မျိုးစုံ၊ နောက်ပြီး အခြားလယ်ယာလုပ်ငန်းသုံး LIFAN (ခေါင်းရှည်)၊ Dump Truck၊ SKAT(၆/၈)ပေါက် Dump Truck နှင့် ပုစဉ်းခေါင်း ထော်လာဂျီပဲဖြစ်ပါတယ်။ အခုလို ရောင်းချပေးခြင်းအားဖြင့် ကျေးလက်တောင်သူတွေအတွက်လည်း တွက်ခြေကိုက်အဆင်ပြေပါတယ်"ဟု ဂရိတ်ကုန်မာဆိုင်မိသားစုမှ ကိုဇေယျာသူရက ပြောသည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**





# မိုးကောင်းစေတီတော်မြတ်ကြီးဌာပနာပိတ်ပွဲနှင့် ထီးတော်တင်လှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မော်လမြိုင် ဇွန် ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုတောင်ဝိုင်းရပ် ဗုဒ္ဓဝင်ဘုရားဝင်းအတွင်းရှိ တောင်ညိုတောင်တန်းပေါ်တွင် အသစ်တည်ထားကိုးကွယ်လျက်ရှိသော ကစ္စာယသစိတ္တာသုခ မိုးကောင်းစေတီတော်မြတ်ကြီးနှင့် ရှင်လေးပါး၊ စေတီလေးဆူတို့၏ ရွှေထီးတော်ငါးဆူဌာပနာပိတ်ပွဲနှင့် ထီးတော်တင်အလှူတော်မင်္ဂလာ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဌာပနာပိတ်ပွဲနှင့် ထီးတော်တင်လှူပွဲကြီးကို ဂိုဏ်းချုပ်ဩဝါဒါစရိယဥက္ကဋ္ဌ ကြိသိနာရုံဗုဒ္ဓဝင်နာယက ဆရာတော်ဘဒ္ဒန္တအာစရ ဦးစီး၍ မတည်အလှူရှင် တောင်ညိုတောင်တန်းသာသနိက ကြီးကြပ်မှုကော်မတီ ဘဏ္ဍာရေးမှူး၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ရဲအုပ်ကျော်မင်းထွန်း မိသားစုနှင့် စေတနာရှင် လုပ်အားဒါနပြုသူများ စုပေါင်းလှူဒါန်းခြင်းဖြစ်သည်။

**ကျော်သန်း(မော်လမြိုင်)**

# အသက်(၉၀)အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**တောင်တွင်းကြီး ဇွန် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ အသက်(၉၀)အထက် အဘိုးအဘွား ၂၈၇ ဦးတို့ အား လူမှုရေးပင်စင်ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဘိုး အဘွားတစ်ဦးလျှင် တစ်လတစ်သောင်းနှုန်းဖြင့် ဧပြီ၊ မေ၊ ဇွန် သုံးလစာအတွက် ငွေကျပ်သုံးသောင်းစီကို မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၅၈၀)**




# လူထုဗဟိုပြုစီမံကိန်းမှ လုပ်ငန်းခွဲများ သက်ဆိုင်ရာဌာနသို့ လွှဲပြောင်း

**ဘီးလင်း ဇွန် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းအတွက် စီမံကိန်းလုပ်ငန်းခွဲများ သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင် ကျေးလက်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူးက ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်သည့် လုပ်ငန်းခွဲပေါင်း ၁၁၂ ခုကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ်တွင် စည်းကမ်းမဲ့အနှေးယာဉ်များ အရေးယူ

**ရန်ကုန် ဇွန် ၁၅**

လမ်းမတော်မြို့နယ် အနော်ရထာလမ်းပေါ်ရှိ (၇)လမ်း ကိုင်းတန်းလမ်းထောင့်များတွင် ရပ်ထားသောအနှေးယာဉ်ကိုးစီးကို သက်ဆိုင်ရာမှအရေးယူကာ မော်တော်ယာဉ်နှစ်စီးပေါ် တင်ဆောင်သွားသည်ဟု ယင်းနေရာအနီးရှိ ဈေးသည်တစ်ဦးက ဆိုသည်။

အနှေးယာဉ်များကို စိစစ်အရေးယူရာတွင် အများပြည်သူသွားလာနေသော ကားလမ်းမများပေါ် လုပ်ဆောင်ခြင်းထက် လမ်းမတော်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းတို့ရှိ ဂိုဒေါင်များအတွင်း/အပြင်သာမက ကားလမ်းဘေးတို့တွင် ညအိပ် သိမ်းဆည်းခ တစ်စီးလျှင် ကျပ် ၂၀၀ မှ ကျပ် ၃၀၀ ပေးနေသော ဆိုက်ကားအစီးရေ များစွာထားရှိသောနေရာများသို့ သွားရောက်စိစစ်ပေးခြင်းသည် ပိုမိုကောင်းမွန်သည်ဟု လိုင်စင်အမှန်ဆိုက်ကားပိုင်ရှင် ဦးအောင်က ပြောသည်။

လိုင်စင်အမှန်ဆိုက်ကားဖြစ်သော်လည်း အထောက်အထားအပြည့်အစုံကို နင်းသားထံပေးမထားရခြင်းမှာ မိမိသဘောဖြင့် နင်းသားများ ဆိုက်ကားအလွဲသုံးစားပြုလုပ်မည်ကို စိုးရိမ်၍ဖြစ်သည်ဟု ဦးအောင်က ဆိုသည်။

စမ်းချောင်း၊ ကမာရွတ်အစရှိသည့် မြို့နယ်များတွင် ယခုနှစ်များအချိန် လိုင်စင်မဲ့ဆိုက်ကားမရှိသလောက်ဖြစ်ပြီး အားလုံးနီးပါးလိုင်စင်ရှိ၍ ဆိုက်ကားတန်ဖိုးမှာ လိုင်စင်ရှိ မြို့တွင်းဆိုက်ကားထက် တန်ဖိုးများစွာ ကွာခြားဈေးမြင့်နေသည်။

မြို့တွင်းတွင်တစ်စီးတန်ဖိုး ကျပ်တစ်သိန်းဝန်းကျင်သာရှိသော လိုင်စင်မဲ့များနေ၍ လိုင်စင်အမှန်ဆိုက်ကားဈေးနည်းနေသည်ဟု ကိုယ်ပိုင်ဆိုက်ကား



ပိုင်ရှင် ကိုယ်တိုင်နင်းနေသော အသက် (၆၀)ခန့်ရှိ ကျောက်ပန်းတောင်းဇာတိ ဦးရွှေကဆိုသည်။

မြို့တွင်းရှိ ဆိုက်ကားများအပါအဝင် နင်းသားများပါ အမှန်အကန် တရားဝင်လိုင်စင်ရှိရေးဆောင်ရွက်ပေးနေခြင်းတွင် အကိုင်းအခက်ထက် ပင်မ အစုအဝေး ညအိပ်သိမ်းဆည်းထားရာနေရာများတွင် စိစစ်ဆောင်ရွက်ခြင်းကို လုပ်ဆောင်ပေးစေလိုသည်ဟု လိုင်စင်အပြည့်အစုံဖြင့် ကိုယ်တိုင်ဆိုက်ကားနင်းနေသော ဆိုက်ကားပိုင်ရှင် ဦးကျော်က ဆိုသည်။

**(မောင်စေအောင်)**

# လူမှုကွန်ရက်တွင်ပျံ့နေသော ဗီဒီယိုဖိုင်နှင့်ပတ်သက်၍ ဒေါ်တင်ညွန့်၏ခင်ပွန်းက ပြန်လည်အမှုဖွင့်

**ဖြူး ဇွန် ၁၅**

လူမှုကွန်ရက်တွင် နာမည်ကျော်လျက်ရှိသော ရုပ်သံဗီဒီယိုဖိုင်၊ ဓာတ်ပုံများနှင့်ပတ်သက်၍ ဒေါ်တင်ညွန့်၏ခင်ပွန်း ဦးရဲဝင်းက ဗီဒီယိုရိုက်ခဲ့သူနှင့် လူမှုကွန်ရက်တွင် စတင်ခဲ့သူများကို ဆက်သွယ်ရေးပုဒ်မများဖြင့် ဇွန် ၁၅ ရက်က အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

ဒေါ်တင်ညွန့် (၆၀)နှစ်နှင့် တစ်ရွာတည်းနေသူများသည် ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီက လယ်ထဲတွင်အတူရှိနေစဉ် ကိုဝင်းအေးမှာ ၎င်းပိုင်ဆိုင်သော နွားများကို ဒေါ်တင်ညွန့်မိသားစုပိုင် စိုက်ပျိုးထားသော စပါးခင်းအတွင်းသို့ မောင်းထည့်သဖြင့် ဒေါ်တင်ညွန့်က နွားများကို လိုက်လံမောင်းထုတ်ရာ ကိုဝင်းအေးက ၎င်းပိုင်ဖုန်းဖြင့် ဗီဒီယိုရိုက်နေသဖြင့် သွားရောက်ပြောဆိုစဉ် ချော်လဲသွားသည့်ပုံကို ဗီဒီယိုရိုက်၍ တင်ထွဋ် (၄၀)နှစ် ရွာမကြီးရွာနေသူကို ပေးပြီးနောက် "Tin Htut Added Photos and Video 2 days ago" တွင် ဖြူးမြို့နယ် သပြေလဟာကျေးရွာအုပ်စု စားကျက်မြေကျူးကျော် စိုက်ပျိုးသူကိုရဲဝင်းမိန်းမ မတင်ညွန့်ရဲ့ မိုက်ရိုင်းယုတ်မာနေပုံဟု လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာတွင် Post တင်ခဲ့သဖြင့် ခင်ပွန်းဖြစ်သူ ဦးရဲဝင်းက ကညွတ်ကွင်းနယ်မြေရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာတွင်တင်ခဲ့သော ဝင်းအေးနှင့် တင်ထွဋ်တို့အား အရေးယူပေးရန် တိုင်တန်းသဖြင့် ကညွတ်ကွင်းနယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# တရားမဝင် ဝင်ရောက်လာသည့် တစ်ဖက်နိုင်ငံသားနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ဇွန် ၁၃ ရက် ည ၈ နာရီခန့်က ပေါင်းဇားချောင်းဝအနီး၌ တရားမဝင် ဝင်ရောက်လာသည့် တစ်ဖက်နိုင်ငံသားနှစ်ဦးကို လှေတစ်စင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူနှစ်ဦးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်အတွင်း ငါးဖမ်းရာမှ မြန်မာ့ရေပိုင်နက်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေတူးနေသောသင်္ဘော စက်လှေဝင်တိုက်၍ လူတစ်ဦး ပျောက်ဆုံး

**ရွှေကျင် ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာအုပ်စု ဒိုးပင်ကျေးရွာရှိ မဒမချောင်းအတွင်းတွင် ဇွန် ၁၄ ရက် ည ၉ နာရီခန့်တွင် စက်လှေ တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

"မဒမချောင်းအတိုင်း ရွှေကျင်မြို့နယ် ကျောက်ကြီးဒေသမှ ရွှေကျင်မြို့သို့ ငြိမ်းချမ်းအောင် (၂၀) နှစ်မောင်းနှင်သည့် စုစုပေါင်း စက်လှေမောင်းသူပါ ခရီးသည် ၁၀ ဦး လိုက်ပါလာသော အလျား ၁၈ ပေရှိ ကြိုးဆွဲစက်တပ်လှေသည် တောင်ဘက်ကျေးရွာအုပ်စု ဒိုးပင်ကျေးရွာ မေးတင်ကုန်းအနီး မဒမချောင်းအရောက် ရွှေတူးနေသောသင်္ဘောနှင့် ကမ်းတို့ဆိုင်းချည်ထားသော သံမဏိကြိုးကို လှေဦးဖြင့် ဝင်ရောက်တိုက်မိကာ လှေမှာမထိန်းနိုင်ဘဲ တိမ်းမှောက်နစ်မြုပ်သွားခဲ့ရာ လှေပေါ်ပါလာသူ ၁၀ ဦးအနက် မနော်ဖော မူအယ်မှာ ရေစီးနှင့် မျောပါပျောက်ဆုံးသွားခဲ့ကြောင်း၊ စက်လှေမောင်းသူမှာ အရက်သေစာသောက်စားထားခြင်းမရှိကြောင်းနှင့် စက်လှေပေါ်ပါသူများလည်း ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

"မဒမချောင်းထဲမှာ ဖြစ်တာ။ ဝင်းခလိန် မေးတင်ကုန်းနားမှာ ဖြစ်တာ ရွှေကျင်မြို့နဲ့ဆိုရင် တစ်မိုင်လောက်ပဲကွာမယ်။ ကျွန်တော်တို့သိတာကတော့ သင်္ဘောကို ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို သံမဏိကြိုးနဲ့ဆိုင်းထားတယ်လို့ ပြောတယ်။ အဲဒီလိုလုပ်ထားတော့ ရေလမ်းကြောင်းကလည်း အများပြည်သူသွားတဲ့ ရေလမ်းကြောင်းဖြစ်တဲ့အတွက် အဲဒီလမ်းကြောင်းအတိုင်းလာတော့ ကြိုးနဲ့ငြိပြီး သင်္ဘောအောက်ထဲကို လှေကဝင်သွားတာဗျ။ ၁၀ ဦးမှာ တစ်ဦးကတော့ အချုပ်ထဲရောက်နေတယ်။ ရှစ်ဦးကတော့မသေဘူး။ တစ်ဦးကတော့ အခုချိန်အထိ အလောင်းရှာမရသေးဘူး"ဟု ရှာဖွေရာတွင် ပါဝင်သူ ရွှေကျင်မြို့ခံ ကိုရာဇာက ပြောကြားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေယာဉ်ကို ပေါ့လျော့စွာ မောင်းနှင်သူ ရေယာဉ်မောင်း ငြိမ်းချမ်းအောင်ကို ရွှေကျင်မြို့မရဲစခန်းက အမှုဖွင့်ထားရှိပြီး ပျောက်ဆုံးအမျိုးသမီးကိုလည်း ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၃ စီး၊ သွင်းကုန် ၆၂၆ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၄၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက်တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၅ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၄၆၇ သန်းခန့်) စုစုပေါင်း



**အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် "WY" စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြားများ။**

တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၉၆၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၆ ရက်တွင် လားရှိုးမှ ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင် မှန်လုံယာဉ်အား (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေစစ်ဆေးရာ ခရီးသည်တစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ ပုဆိုးဖြင့်ပတ်၍ ပလတ်စတစ်ကပ်ခွာအိတ်အကြည်၊ မိုင်းကိုင်စက္ကူတို့နှင့် ထပ်မံထုပ်ပိုးထားသော အပြာရောင် ပလတ်စတစ်ကပ်ခွာ အိတ်များဖြင့် ထည့်ထားသည့် "WY" စာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား ၁၀ ထုပ် (အလေးချိန် ၂၀၀ ဂရမ်) စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀ သန်းခန့်ကို တွေ့ရှိ၍သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြင်ဦးလွင်မြို့တွင် လေအနည်းငယ်တိုက်ပြီး ဓာတ်တိုင်များ ထက်ပိုင်းကျိုးကျ




**ပြင်ဦးလွင် ဇွန် ၁၅**

ပြင်ဦးလွင်မြို့တွင် ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီခန့်က လေအနည်းငယ်တိုက်ပြီး မိုးရွာစဉ် ဈေးကြီးလမ်း ချယ်ရီလွင်ရုပ်ရှင်ရုံရှေ့မှ ရွှေဘိုလမ်းထောင့်ထိ လျှပ်စစ်ဓာတ်တိုင်ခြောက်တိုင် ထက်ပိုင်းကျိုးကျပြီး ကားသုံးစီး၊ စက်ဘီးတစ်စီး ပျက်စီးကာ လူနှစ်ဦး မစိုးရိမ်ရဒဏ်ရာအနည်းငယ်ရရှိကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ရုံအနီး ပိတောက်ပင်လဲကျရာမှ သစ်ကိုင်းများ ဓာတ်ကြိုးပေါ်သို့ကျကာ ဓာတ်ကြိုးကို ဆွဲချသလိုဖြစ်ပြီး ဓာတ်တိုင်ခြောက်တိုင် လဲကျခြင်းဖြစ်သည်ဟု ဒေသခံတစ်ဦးက ပြောသည်။

ထက်ပိုင်းကျိုးကျသွားသည့်တိုင်များကို သက်ဆိုင်ရာဝန်ထမ်းများက အမြန်ဆုံးပြုပြင်ကာ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပြီး ဓာတ်တိုင်များကျိုးကျခြင်းအပေါ် ဒေသခံများက ဝေဖန်ပြောဆိုမှုများရှိကြောင်း သိရသည်။

**(ဝ၀၂)**



# ကမ္ဘာ့တန်ဖိုးအကြီးဆုံး လက်ဝှေ့ပွဲဖြစ်လာမည့် မေဝယ်သာနှင့် မက်ဂရီဂေါ်တို့ ဩဂုတ် ၂၆ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်



မေလဲ့သင်း
စုစည်းသည်

ဒေါ်လာတစ်ဘီလီယံတန်ကြေးရှိ ကမ္ဘာ့ကြေးအမြင့်ဆုံး ထိုးသတ်ပွဲဖြစ်လာမည့် မေဝယ်သာနှင့် မက်ဂရီဂေါ်တို့၏ မစ်ဒယ်ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲကို လာမည့် ဩဂုတ် ၂၆ ရက်တွင် အမေရိကန်ပြည်ထောင်စု လက်ဗီးဂက်စ်မြို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်ဟု အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ချန်ပီယံဟောင်း မေဝယ်လ်သာနှင့် UFC ချန်ပီယံ မက်ဂရီဂေါ်တို့ ယှဉ်ပြိုင်တော့မည်ဟု သတင်းဦးများကို စောစောစီးစီးဖော်ပြလေ့ရှိသည့် The Sun သတင်းဌာနက ပြီးခဲ့သည့် မေလအတွင်းကပင် ဖော်ပြခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၅ ရက်ရောက်မှသာ ယခုကဲ့သို့ အတည်ပြုချက်ထွက်လာခဲ့ခြင်းဖြစ်သည်။ အသက်(၄၀)နှစ်ရှိ မေဝယ်သာက သူ၏ တွစ်တာစာမျက်နှာပေါ်တွင် ဗီဒီယိုဖိုင်ကိုတင်ပြီး အဆိုပါထိုးသတ်ပွဲကို အတည်ပြုခဲ့ခြင်းဖြစ်သလို အိုင်ယာလန်သား လိုက်ဝိတ်တန်းချန်ပီယံ မက်ဂရီဂေါကလည်း "ထိုးသတ်ပွဲဆီကို ဆက်လက်ချီပြီ" ဟု ရေးသားကာ အတည်ပြုခဲ့ခြင်းဖြစ်သည်။

သတင်းရင်းမြစ်များ၏ အဆိုအရ ယင်းပြိုင်ပွဲအတွက် ကစားသမားတစ်ဦးစီက ဝင်ငွေ ဒေါ်လာသန်း ၁၀၀ ( ပေါင် ၇၈ ဒသမ ၄ သန်း)စီ ရရှိမည်ဖြစ်ရာ ကမ္ဘာ့ကြေးအကြီးဆုံး လက်ဝှေ့ပြိုင်ပွဲတစ်ခုအဖြစ်လည်း မှတ်တမ်းဝင်သွားမည်ဖြစ်သည်။ သူသည် ဒဗလျူဘီစီနှင့် ဒဗလျူဘီအေလိုက်တာဝိတ်တန်း ချန်ပီယံဆုများကို အောင်မြင်စွာ ကာကွယ်နိုင်ခဲ့ပြီး ရော်ကီမာစီယာနိုကဲ့သို့ ၄၉ ပွဲ ရှုံးပွဲမရှိစံချိန်တစ်ရပ်ကို စိုက်ထူထားသူဖြစ်သည်။ ကမ္ဘာ့ချန်ပီယံအဖြစ် ငါးကြိမ်တိုင် အောင်ပွဲခံနိုင်သည့် မေဝယ်သာမှာ သူတို့မျိုးဆက်တွင် အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ်တွင် လက်ဝှေ့လောကမှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့သော် မေဝယ်သာမှာ ၃၉ ပွဲ ယှဉ်ပြိုင် ထိုးသတ်အပြီး ကစားသမားဘဝမှ အနားယူပြီဟု ၂၀၀၈ ခုနှစ်တွင် ပထမအကြိမ် ကြေညာခဲ့သေးသည်။

ဘက်စုံကိုယ်ခံပညာဟု လူသိများသည့် MMA ပညာရှင် မက်ဂရီဂေါ်မှာ လက်ဝှေ့ပညာကို တစ်ကြိမ်တစ်ခါမှ ပရော်ဖက်ရှင်နယ်အဖြစ် မယှဉ်ပြိုင်ဖူးဘဲ ၂၀၁၆ နိုဝင်ဘာလအတွင်း UFC ချန်ပီယံအဖြစ် အောင်ပွဲခံပြီးနောက် မေဝယ်သာကို MMA စည်းမျဉ်းဖြင့်ဆုံးဖြတ်သည့် ထိုးသတ်ပွဲယှဉ်ပြိုင်ရန် စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ကယ်လီဖိုးနီးယားပြည်နယ် အားကစားကော်မရှင်က ဂရီဂေါ၏ ဘောက်ဆင်လိုင်စင်ကို ခွင့်ပြုခဲ့ပြီးနောက် မေဝယ်သာနှင့် မက်ဂရီဂေါ်တို့ ယှဉ်ပြိုင်ထိုးသတ်ပွဲ ဖြစ်လာနိုင်ကြောင်း အစောပိုင်းကပင် ခန့်မှန်းချက်များ ထွက်လာခဲ့သေးသည်။

အဆိုပါ သဘောတူညီချက်ကို မက်ဂရီဂေါ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခဲ့သူ UFC ဥက္ကဋ္ဌ ဒန်နာဝှိုက်က "ကျွန်တော်တို့ ပြောဆိုဆွေးနွေးမှုအပြီးမှာ အကုန်လုံး ချောချောမွေ့မွေ့ဖြစ်သွားခဲ့ပါပြီ။ မေဝယ်သာဘေးမှာလည်း အကုန်အဆင်ပြေအောင် ညှိနှိုင်းပေးနိုင်သူတွေရှိတာကြောင့် မဖြစ်နိုင်တဲ့အရာတွေ အကုန်လုံးပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဂရီဂေါနိုင်မယ်၊ မေဝယ်သာနိုင်မယ် ဘယ်သူနိုင်မလဲဆိုတာကိုတော့ ကျွန်တော်မပြောနိုင်ပါဘူး။ ဂရီဂေါဟာလည်း ဘယ်နေရာ ဘယ်အချိန်မဆို ပြိုင်ဘက်ကို အကောင်းဆုံးရင်ဆိုင်နိုင်တဲ့သူဖြစ်တာကတော့ သေချာပါတယ်"ဟု မှတ်ချက်ပြုခဲ့သည်။ မေဝယ်သာမှာ အသက်(၄၀)နှစ်ရှိပြီဖြစ်ပြီး ဂရီဂေါမှာ အသက်(၂၈)နှစ်သာရှိသေးရာ သူတို့နှစ်ဦးကြား ၁၀ နှစ်ကျော်ပင် အသက်ကွာဟချက်ရှိနေသည်။

**သမိုင်းတစ်လျှောက် ကမ္ဘာ့ကြေးအကြီးဆုံးပွဲစဉ်များ**

| | |
|---|---|
| မေဝယ်သာနှင့် ပက်ကွီယောင်း(၂၀၁၅ ခုနှစ်) | တန်ဖိုးပေါင် ၃၂၅ သန်း |
| မေဝယ်သာနှင့် အလာဗက်ဇ်(၂၀၁၃ ခုနှစ်) | တန်ဖိုးပေါင် ၁၂၀ သန်း |
| မေဝယ်သာနှင့် ဒီလာဟိုရာ (၂၀၀၇ ခုနှစ်) | တန်ဖိုးပေါင် ၁၀၇ သန်း |
| တိုင်ဆန်နှင့် လူးဝစ်(၂၀၀၂ ခုနှစ်) | တန်ဖိုးပေါင် ၈၈ သန်း |
| တိုင်ဆန်နှင့် ဟိုလီဖီးလ်(၁၉၉၇ ခုနှစ်) | တန်ဖိုးပေါင် ၇၈ သန်း |

## မန်ယူအသင်းရဲ့ အလွတ်တည်ကန်ဘောတွေအတွက် တာဝန်ယူနိုင်တယ်လို့ ဆိုတဲ့ လင်ဒီလော့ဖ်

မန်ယူအသင်းက အသစ်ခေါ်ယူလိုက်နိုင်ပြီဖြစ်သည့် လင်ဒီလော့ဖ်က သူသည် အလွတ်တည်ကန်ဘောကန်သွင်းမှုတွင် အထူးကျွမ်းကျင်သူဖြစ်တယ်လို့ ဆိုခဲ့သော်လည်း မန်ယူသို့ ပြောင်းရွှေ့သည့်ကိစ္စရပ်တွင် တစ်နိုင်ငံတည်းသား အီဗရာဟီမိုဗစ်၏ တိုက်တွန်းချက်မပါဝင်ကြောင်း ပြောကြားခဲ့သည်။ မန်ယူအသင်းသည် လင်ဒီလော့ဖ်ကို လပေါင်းများစွာကတည်းက စိတ်ဝင်စားလာခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့(ဇွန် ၁၄ ရက်)တွင် ဆေးစစ်မှုများပြုလုပ်ပြီးနောက် လေးနှစ်စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။

မန်ယူသည် လင်ဒီလော့ဖ်အတွက် ပေါင် ၃၁ သန်း သုံးစွဲခဲ့ရသောကြောင့် ၂၀၀၁ ခုနှစ် ရီယိုဖာဒီနန်အတွက် ပေါင် ၂၉ ဒသမ ၁ သန်း သုံးစွဲခဲ့မှုထက် ကျော်လွန်သွားခဲ့ရာ လင်ဒီလော့ဖ်မှာ မန်ယူအသင်း၏ တန်ဖိုးအကြီးဆုံး နောက်ခံလူလည်း ဖြစ်လာခဲ့ပြီဖြစ်သည်။ မန်ယူရုပ်သံနှင့် လင်ဒီလော့ဖ်တို့ ပထမဦးဆုံးအကြိမ်ပြုလုပ်သည့် အင်တာဗျူးတွင် လင်ဒီလော့ဖ်က မန်ယူသို့ ပြောင်းရွှေ့မည့် ဆုံးဖြတ်ချက်တွင် ယမန်နှစ် မန်ယူအသင်းထိပ်တန်းတိုက်စစ်မှူးဖြစ်သူ အီဗရာဟီမိုဗစ်နှင့် ဆွေးနွေးခြင်းပင် မပြုခဲ့ကြောင်း ဆိုခဲ့သည်။ သို့သော် လင်ဒီလော့ဖ်က ဒေးဗစ်ဘက်ခမ်းခြေရာကို နင်းနိုင်မည့် အလွတ်တည်ကန်ဘောကျွမ်းကျင်သူအဖြစ် ဆက်ခံရန် မျှော်လင့်နေပြီး "ဒါတော့ ဟုတ်ပါတယ်။ ကျွန်တော်က အဲဒီနေရာ (အလွတ်တည်ကန်ဘော ကန်သွင်းမှု)မှာ ထူးချွန်ပါတယ်။ ကျွန်တော်သာ အလွတ်တည်ကန်ဘော ကန်ခွင့်ရရင် ကျွန်တော် လုပ်ဆောင်နိုင်ပါလိမ့်မယ်" ဟု ဖြေကြားခဲ့သည်။ လင်ဒီလော့ဖ်မှာ ဗဟိုခံစစ်နေရာတွင် ကစားလေ့ရှိသော်လည်း နိုင်ငံလက်ရွေးစင်အသင်းအတွက် ကစားရချိန်တွင် ရံဖန်ရံခါ၌ ညာတောင်ပံ ခံစစ်မှူးအဖြစ် ကစားရသည့်ပွဲများလည်းရှိသည်။ လာမည့်ရာသီတွင် လင်ဒီလော့ဖ်မှာ အဲရစ်ဘိုင်လီ၊ မာကို့စ် ရိုဂို၊ ဖီးလ်ဂျုံးစ်နှင့် ခရစ်စမောလင်းတို့နှင့် နေရာလုရဖွယ်ရှိပြီး ထို့အတွက်လည်း ကြိုတင်မျှော်လင့်ထားပြီး ဖြစ်သည်ဟုပြောကြားခဲ့သည်။ လင်ဒီလော့ဖ်က မန်ယူအသင်းမှာ ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်းတစ်သင်းဖြစ်ပြီး ဆုတံဆိပ်များရယူရန် မန်ယူသို့လာခဲ့ခြင်းဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

**လင်ဒီလော့ဖ်၏ ကိုယ်ရေးအကျဉ်း**
**ကစားနေသည့်နေရာ - ဗဟိုခံစစ်**
**မွေးသက္ကရာဇ် - ၁၉၉၄ ခုနှစ် ဇူလိုင် ၁၇ ရက်( အသက် ၂၂ နှစ်)**
**မွေးဖွားသည့်နေရာ - ဗက်စ်တာရက်စ်၊ ဆွီဒင်နိုင်ငံ**



## အားကစားသတင်းတိုများ

### ဟယ်ရီပေါ်တာ မရှိတဲ့ အင်္ဂလန်

အင်္ဂလန်နည်းပြ ဆောက်ဂိတ်က အင်္ဂလန်အသင်းတွင် ဟယ်ရီပေါ်တာလို မော်ဆန်စွာ ကစားနိုင်မည့်သူမရှိခြင်းကြောင့် ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့ရကြောင်း အကြောင်းပြချက်ပေးခဲ့သည်။ ထို့ပြင် ဆောက်ဂိတ်က အင်္ဂလန်မှာ ဘောလုံးကိုကိုင်ကစားပြီး ပြိုင်ဘက်တိုက်စစ်လမ်းကြောင်းကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့သော်လည်း ပြင်သစ်အသင်း၏ မြန်နှုန်းမြင့်တိုက်စစ်ဆင်မှုကို မထိန်းချုပ်နိုင်ကြောင်း ဝန်ခံခဲ့သည်။ အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်းက အင်္ဂလန်မှာ ပြင်သစ်အသင်းကို ၄၅ မိနစ်နီးပါး လူအင်အား တစ်ယောက်အသာဖြင့် ကစားခဲ့ရသော်လည်း ရှုံးပွဲကြုံတွေ့ရခြင်းကို အဖြေထုတ်ရန်လိုအပ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

### မန်ယူကို စီရိုနယ်လ်ဒို ပြောင်းရွှေ့နိုင်ကြောင်း သတင်းထွက်

ရီးယဲလ်မက်ဒရစ်အသင်း လာမည့်ရာသီ ဝတ်ဆင်မည့် ဂျာစီဒီဇိုင်းသစ် အရောင်းမြှင့်တင်ရေးအတွက် အင်စတာဂရမ်ပေါ် တင်ခဲ့သည့် ဗီဒီယိုဖိုင်တွင် ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒို ပါဝင်ခြင်းမရှိခဲ့သည့်အတွက် ရီးယဲလ်မှ စီရိုနယ်လ်ဒို ပြောင်းရွှေ့မည်ဟူသော သတင်းများကို ထွက်လာစေခဲ့သည်။ စီရိုနယ်လ်ဒိုမှာ ရီးယဲလ်အသင်းရဲ့ အထင်ပေါ်ဆုံး ကစားသမားဖြစ်ပြီး ယခုလို ဗီဒီယိုဖိုင်တွင် ပါဝင်မှုမရှိခြင်းက စပိန်နိုင်ငံ၏ အခွန်စနစ်ကို စိတ်ကုန်နေသည့်အတွက် မန်ယူသို့ ပြန်လည်ပြောင်းရွှေ့ရန် ရည်မှန်းနေခြင်းကြောင့်ဖြစ်ကြောင်း သတင်းများထွက်လာစေခဲ့သည်။ စီရိုနယ်လ်ဒိုမှာ ပုံရိပ်လွှာ အသုံးပြုခမှ ရရှိသောဝင်ငွေများအတွက် အခွန်ရှောင်ခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲခံထားရပြီး ရီးယဲလ်မက်ဒရစ်အသင်း၏ ချန်ပီယံလိဂ်အောင်ပွဲအပြီး အခွန်ရှောင်ခဲ့သည်ဆိုသော သတင်းများ တောက်လျှောက်ထွက်လာခဲ့ခြင်းဖြစ်သည်။

### ပရီမီယာလိဂ် အင်အားကြီးပြိုင်ဘက်များထက် ရာသီအစ ပွဲကြပ်ကြုံရမည့် ချယ်လ်ဆီး

ပရီမီယာလိဂ် ပွဲစဉ်ဇယားရေးဆွဲမှုကို ဇွန် ၁၄ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းအနေဖြင့် ရာသီအစမှာပင် ပွဲကြပ်များဆက်တိုက်ကြုံနေရပြီး လက်ရှိချန်ပီယံဘွဲ့အတွက် ရာသီအစ ပွဲထွက်ကောင်းရန် ကြိုးပမ်းရတော့မည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၂ ရက်တွင် ဘန်လေအသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားရမည်ဖြစ်ပြီး ဩဂုတ် ၁၉ ရက်တွင် စပါးကို အဝေးကွင်း၊ ဩဂုတ် ၂၆ ရက်တွင် အဲဗာတန်အသင်းကို အိမ်ကွင်း၊ စက်တင်ဘာ ၉ ရက်တွင် လက်စတာအသင်းကို အဝေးကွင်း၊ စက်တင်ဘာ ၁၆ ရက်တွင် အာဆင်နယ်အသင်းကို အိမ်ကွင်း၊ စက်တင်ဘာ ၂၃ ရက်တွင် စတုတ်အသင်းကို အဝေးကွင်းနှင့် မန်စီးတီးအသင်းကို စက်တင်ဘာ ၃၀ ရက်တွင် အဝေးကွင်း၌ သွားရောက်ရင်ဆိုင်ရမည်ဖြစ်သည်။

# ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇)

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇)**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**
**၁၃၇၉ ခုနှစ်၊ လ  ရက်**
**(၂၀၁၇ ခုနှစ်၊ လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၇)ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၅ ပါ "နိုင်ငံတော်၏အရအသုံးစာရင်းများ" ဆိုသည့် စကားရပ်၏နောက်တွင် "နှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဖြစ်စေ နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုစစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်တင်ပြခြင်းနှင့် ထူးခြားသော အခြေအနေကို အခါအားလျော်စွာတင်ပြခြင်း၊

(ခ) ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ-

(၁) နိုင်ငံတော်၏အရအသုံးစာရင်းများကို စစ်ဆေးခြင်း၊

(၂) အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို ပြည့်ဝစွာရရှိစေရန်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(၃) အရအသုံးခန့်မှန်းခြေငွေစာရင်းပါ သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြု မပြုစစ်ဆေးခြင်း၊

(၄) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအင်အားတို့သည် ထမ်းဆောင်သည့်လုပ်ငန်းတာဝန်နှင့် လျော်ကန်မှုတမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(၅) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဝန်ထမ်းများခန့်ထားဆောင်ရွက်ခြင်းသည် ခွင့်ပြုသည့် ဝန်ထမ်းအင်အားအတွင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(၆) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေသည် မူလရည်ရွယ်ချက် သို့မဟုတ် ရည်မှန်းချက် ဖြစ်မြောက်စေမည့် အခြေအနေမျိုး ရှိ၊ မရှိ စစ်ဆေးခြင်း။

(ဂ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် သတ်မှတ်ထားသော စာရင်းထားသိုပုံနည်းစနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဃ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ စီမံကိန်းနှင့်လုပ်ငန်းများ ဆောင်ရွက်မှုသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(င) (၁) နိုင်ငံပိုင်ပစ္စည်း၊ သမဝါယမပိုင်ပစ္စည်းနှင့် အများပိုင်ပစ္စည်းများကို ရယူထိန်းသိမ်း အသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့် ထိရောက်စွာ အသုံးပြုမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(၂) ပိုင်ရှင်မဲ့ပစ္စည်းများ၊ ဖမ်းဆီးသိမ်းယူထားသည့်ပစ္စည်းများ၊ ပြည်သူပိုင်အဖြစ် ကြေညာ၍ သိမ်းယူထားသည့်ပစ္စည်းများ၊ ပိုင်ရှင်ကတရားဝင်စွန့်လွှတ်ထားသည့် ပစ္စည်းများကို ပြည်သူပိုင်ပစ္စည်းများအဖြစ် သက်ဆိုင်ရာတို့က တရားဝင် စာရင်းသွင်းခြင်း ရှိ၊ မရှိ၊ ထိန်းသိမ်းခြင်း ရှိ၊ မရှိ၊ စနစ်တကျ အသုံးပြုခြင်း ရှိ၊ မရှိ၊ လိုအပ်သည့်ကိစ္စများတွင် စနစ်တကျ ထုခွဲရောင်းချလွှဲပြောင်းပေးခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(စ) ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍-

(၁) ထုတ်လုပ်မှု၊ ကုန်သွယ်မှု ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုစာရင်းများကို စစ်ဆေးခြင်း၊

(၂) ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုများ၏ အရေအတွက်နှင့် အဆင့်အတန်းစံနှုန်းများကို စစ်ဆေးခြင်း၊

(၃) လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(၄) ကုန်ကျစရိတ်နှင့် အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်၍ စစ်ဆေးခြင်း၊

(၅) အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းဖွဲ့စည်းလုပ်ကိုင်မှုတွင် ကြီးကြပ်ကွပ်ကဲမှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းကွပ်မှုများဖြင့် ဆောင်ရွက်မှု၊ စီးပွားရေးစွမ်းဆောင်ရည် တိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးသက်ရောက်မှု၊ လုပ်ငန်း စည်းစနစ်ကျမှု၊ ဝန်ထမ်းများ အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်မှု၊ ငွေကြေးနှင့် ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုနိုင်မှု စသည်တို့ကို စစ်ဆေးခြင်း။

(ဆ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ ယင်း၏လုပ်ငန်းတစ်ရပ်ရပ်အား စစ်ဆေးပေးရန် ညှိနှိုင်းလာပါက လိုအပ်သလို စစ်ဆေးပြီးနောက် တွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊

(ဇ) မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့အား ကြီးကြပ်ခြင်းနှင့် လိုအပ်သော လမ်းညွှန်မှုများပေးခြင်း၊

(ဈ) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူတို့၏ တာဝန်၊ ကျင့်ဝတ်သိက္ခာ၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ သတ်မှတ်ခြင်းနှင့်ကြီးကြပ်ခြင်း၊

(ည) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူတို့က စစ်ဆေးထားသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများနှင့် စပ်လျဉ်း၍ လိုအပ်ပါက စစ်ဆေးခြင်း၊

(ဋ) စာရင်းစစ်ဆေးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသော လိုအပ်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊

(ဌ) မိမိ၏ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည်နှင့်တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(ဍ) နိုင်ငံတော်သမ္မတက ဥပဒေနှင့်အညီ ပေးအပ်သည့် အခြားတာဝန်များ ထမ်းဆောင်ခြင်း၊

(ဎ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သော အခြားတာဝန်များ ထမ်းဆောင်ခြင်း၊

(ဏ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို စစ်ဆေးရန် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(တ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့် စာရင်းများဆိုင်ရာ ရငွေနှင့် ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေ ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ထ) ဥပဒေအရ စစ်ဆေးခြင်းခံရမည့် အဖွဲ့အစည်းအသီးသီးတွင် ဌာနတွင်းစာရင်းစစ်အဖွဲ့များ ဖွဲ့စည်းထားမှု ရှိ၊ မရှိနှင့် ထိုအဖွဲ့များသည် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက သတ်မှတ်ပေးထားသော လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဒ) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးရာတွင် ဥပဒေအရ အရေးယူသင့်သည်ဟုယူဆသော ကိစ္စများကိုတွေ့ရှိပါက စစ်ဆေးတွေ့ရှိ ချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသို့ ပေးပို့သည့်အပြင် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်ထံသို့လည်း ပေးပို့ခြင်း၊

(ဓ) အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ခုကို စစ်ဆေးရာတွင် ယင်းအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းခွင်အလိုက် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားပြုမှုများ လောလောဆယ်ဖြစ်ပေါ်နေခြင်းကို ချက်ချင်းရပ်တန့်တားဆီးရန် လိုအပ်သည်ဟု ယူဆပါက-

(၁) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသို့ ချက်ချင်း အကြောင်းကြားပြီး ၎င်း၏ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်/ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံသို့လည်း အကြောင်းကြားခြင်း၊

(၂) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အရေးယူဆောင်ရွက်မှုမရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့/ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံသို့ အစီရင်ခံတင်ပြခြင်း။-

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ)(၁) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများ စသည်တို့၏ ဥပစာများ၊ အဆောက်အအုံများအတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(၂) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများတွင်ရှိသော စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ကိုင်ပုံနည်းစနစ်များ၊ စာချုပ်စာတမ်းများ၊ လူစာရင်းများ၊ ငွေစာရင်းများ၊ ပစ္စည်းစာရင်းများ၊ အစီရင်ခံစာများ၊ စာရင်းစာအုပ်များ၊ ပြေစာများနှင့် အခြား အထောက်အထား စာရွက်စာတမ်းများကို လေ့လာခြင်း၊

(၃) ပုဒ်မခွဲငယ်(၂)တွင် ဖော်ပြထားသော စာရွက်စာတမ်းများကို မူရင်းအတိုင်းဖြစ်စေ၊ မိတ္တူကူး၍ဖြစ်စေ၊ အီလက်ထရောနစ်နည်းစနစ်ဖြင့်ဖြစ်စေ သက်ဆိုင်ရာအဖွဲ့အစည်းက ပေးပို့ရန် တောင်းခံခြင်း၊

(၄) စစ်ဆေးချက်များနှင့်ပတ်သက်၍ တွေ့ရှိသည့်သက်သေခံပစ္စည်းများ၊ စာရွက်စာတမ်းများ၊ အသံဖိုင်များ၊ အီလက်ထရွန်နစ်ဆိုင်ရာမှတ်တမ်းများကို သက်သေခံအဖြစ် ထိန်းသိမ်းခြင်း၊

(၅) စစ်ဆေးရေးအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ ထွက်ဆိုချက်များရယူခြင်း၊

(၆) စစ်ဆေးရေးအတွက် လိုအပ်ပါက ကျွမ်းကျင်သူဝန်ထမ်းများ၏ အကူအညီကို လုပ်ငန်းအလိုက်ဖြစ်စေ၊ ကာလအပိုင်းအခြားအားဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအဖွဲ့အစည်း၏ သဘောတူခွင့်ပြုချက်ဖြင့်ရယူခြင်း။

(င) အောက်ပါ ကိစ္စရပ်များဖြစ်သည့် -

(၁) အစိုးရဌာနများ၏ အခြားစာရင်း(Other Account - OA) စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(၂) နိုင်ငံပိုင်ရေ၊ မြေ၊ လေ သယံဇာတကို အသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုးဖြင့် အစိုးရနှင့်ဆောင်ရွက်သည့် ဖက်စပ်လုပ်ငန်းများ၏ လုပ်ငန်းနှင့် စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း။

(စ) ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ ချေးယူငွေများ၊ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ ဖြစ်စေ ထုတ်ချေးငွေများ၊ အတိုးပေးငွေ၊ အတိုးရငွေများနှင့် ပတ်သက်၍ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဆ) ရရန်ရှိငွေနှင့် ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့် ပစ္စည်းများ ပြည့်စုံမှန်ကန်တိကျစွာ ဖော်ပြခြင်း ရှိ၊ မရှိနှင့် သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း။"

၅။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏အရအသုံးစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကိုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်တင်ပြခြင်းနှင့် ထူးခြားသောအခြေအနေတွင် အခါအားလျော်စွာ တင်ပြခြင်း၊

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းများဆောင်ရွက်မှုသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဃ) မိမိ၏ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အစီရင်ခံတင်ပြသည်နှင့် တစ်ပြိုင်တည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊"

၆။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (စ) ၏နောက်တွင် (ဆ)၊ (ဇ)၊ (ဈ)၊ (ည) နှင့် (ဋ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို စစ်ဆေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အစိုးရဌာနများ၏ အခြားစာရင်း (Other Account- OA) များကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ဈ) နိုင်ငံပိုင် ရေ၊ မြေ၊ လေ၊ သယံဇာတများကို အသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုးဖြင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းများ၏ လုပ်ငန်းနှင့် စာရင်းများကို လိုအပ်၍ တာဝန်ပေးလာပါက စစ်ဆေးခြင်း၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည့် စာရင်းများဆိုင်ရာ ရငွေနှင့်ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

**စာမျက်နှာ ၁၆ သို့**



## ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ရေကူးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုရ မန္တလေးတိုင်းဒေသကြီး အမျိုးသားရေကူးအသင်းအား ဂုဏ်ပြု

**မန္တလေး ဇွန် ၁၅**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆု ဖလားရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး အမျိုးသားရေကူးအသင်းအားဂုဏ်ပြုပွဲကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးရှိ စားသောက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝေဇင်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် တိုင်းဒေသကြီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်အားကစားမှူးများ၊ အသင်းအုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝေဇင်က အောင်ပွဲရရေကူးအသင်းအုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အောင်ပွဲရမန္တလေးတိုင်းဒေသကြီး အမျိုးသားရေကူးအသင်းမှ ပထမတံခွန်စိုက် ဆုဖလားကို အပ်နှံသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ရေကူးအသင်းအုပ်ချုပ်သူက ပြိုင်ပွဲအတွေ့အကြုံများကိုရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်များက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ကြာချည်အိမ်တွင်းလုပ်ငန်းဖြင့် ဝင်ငွေတိုးပွားရရှိ

**စလင်း ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ ဝက်သည်းကန်အတွင်း သဘာဝအလျောက် ပေါက်ရောက်သည့် ပဒုမ္မာကြာတောကြီးမှ ကြာချည်ထုတ်လုပ်လျက်ရှိသည့် အနောက်ကန်ဘောင်ကျေးရွာ၊ အောင်လှိုင်းကျေးရွာ၊ တမာချောင်ကျေးရွာ၊ ဆင်ကျုံးကျေးရွာနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် ဒေသခံတောင်သူများ ကြာချည်အိမ်တွင်းလုပ်ငန်းဖြင့် ဝင်ငွေတိုးပွားလျက်ရှိကြောင်း သိရသည်။

"အခုလို ကြာချည်ထုတ်လုပ်နိုင်ဖို့ ပဒုမ္မာကြာရိုးတွေကိုခူးဖြတ်ပြီး လေးပေခန့်ရှည်တဲ့ ကြာရိုးတွေကို သုံးလက်မခန့်ဖြတ်ကာ ကြာရိုးမှထွက်ရှိလာသည့်အစေးများကို သစ်သားခုံပေါ်တင် လက်ဖြင့်လှိမ့်ကျစ်ပြီး ကြာချည်မျှင်ထုတ်လုပ်ရတယ်။ ကုန်ကြမ်းအဆင့်ပေါ့၊ ကြာချည်ကုန်ကြမ်းကို အင်းလေးဒေသသို့ တစ်ပိဿာငွေကျပ် လေးသိန်းနှုန်းခန့်ဖြင့် ပေးပို့ရောင်းချရပါတယ်။ ဒီက ပေးပို့တဲ့ ကြာချည်ကုန်ကြမ်းများကိုမူ ကုန်ချောအဖြစ် ကြာသင်္ကန်းရက်လုပ်ရာမှာအသုံးပြုပါတယ်။ ဒါ့ပြင် ကြာဖက်ကို ဟင်းသီးဟင်းရွက်၊ သား၊ ငါးထုပ်ပိုးရာမှာ အသုံးပြုနိုင်လို့ ရွက်ရေ ၃၀ ကို ငွေကျပ် ၁၀၀ နှုန်းနဲ့ ရောင်းချလို့ရပါတယ်"ဟု အနောက်ကန်ဘောင်ကျေးရွာနေ ဒေါ်မိုးမိုးက ပြောသည်။

စလင်းမြို့၏ အထင်ကရဖြစ်သော ဝက်သည်းကန်သည် သဘာဝပတ်ဝန်းကျင်နှင့် သား၊ ငှက် တိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေ ငှက်ဘေးမဲ့တောအဖြစ်သတ်မှတ်ထားပြီး ရေပြင်ဧရိယာ ဧက ၃၅၀ ရှိကြောင်း သိရသည်။

ပဒုမ္မာကြာတောကြီးများမှာ နေရာအနှံ့ပေါက်ရောက်ပြီး ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဏရိပ်၊ ကြာတံဆိပ်၊ ကုမုဒြာကြာစသည့်ကြာမျိုးစုံပေါက်လျက်ရှိကာ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်တလင်းလများတွင် အများဆုံးပေါက်ရောက်ကြောင်း သိရသည်။

**ဖိုးပြည့်**

## ချည်မျှင်ရှည်ဝါအထွက်နှုန်းမြင့်မားရေး တောင်သူပညာပေးသင်တန်းဖွင့်

**ရေနံချောင်း ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် ဝါစိုက်တောင်သူများ ဝါအထွက်နှုန်းကောင်းမွန်ရေးနှင့် ဝါစိုက်ဧက တိုးပွားစေရန်ရည်ရွယ်၍ ချည်မျှင်ရှည်ဝါ အထွက်နှုန်း မြင့်မားရေးအတွက် တောင်သူပညာပေး သင်တန်းကို ဇွန် ၁၄ ရက်က မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးမြေနည်းပါးသည့်မိမိတို့မြို့နယ်အနေဖြင့် စိုက်ပျိုးသော သီးနှံတိုင်းအတွက်နှုန်းကောင်းမွန်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့်ကြိုးစား လေ့လာကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာ ဝါမျိုးကောင်းမျိုးသန့်အကြောင်း၊ ဝါစိုက်ပျိုးနည်း စနစ်များ၊ မြေယာပြုပြင်ခြင်းနှင့် သဘာဝမြေဩဇာအသုံးပြုနည်းများ၊ ဝါတွင်ကျရောက်တတ်သော ပိုးမွှားရောဂါများ ကာကွယ်ထိန်းသိမ်းနည်းများကို ခရိုင်စိုက်ပျိုးရေးဌာနမှ ကျွမ်းကျင်သူများက အကျယ်တဝင့်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ သင်တန်းတွင် ရေနံချောင်းမြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူ ၆၀ တက်ရောက်ခဲ့သည်။

"ရေနံချောင်း မြို့နယ်တွင် ဝါစိုက်ဧက သုံးထောင်ကျော်ရှိပါတယ်။ ယခုစိုက်နေကြတဲ့ ဝါမျိုးတွေက ပိုးမွှားဒဏ်ခံနိုင်တယ်။ အထွက်နှုန်းကလည်း တစ်ဧကကို ပိဿာ တစ်ထောင်ကျော် နှုန်းရှိပါတယ်။ ဝါကဈေးကွက်လည်း ခိုင်တယ်။ ဝယ်လိုအားလည်းကောင်းတယ်။ အခုလက်ရှိ အခြေအနေမှာ ဝါအထွက်နှုန်းက တစ်ဧကကိုပိဿာ ၅၀၀ ကျော်ပဲ ထွက်တယ်။ ဒါကြောင့် နည်းပညာ လိုအပ်ချက်အရ ကျွမ်းကျင်သူတွေဖိတ်ပြီး သင်တန်းပေးခြင်းဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ဖြိုးမွန်ကျော်**

**စာမျက်နှာ ၁၅ မှ**

(ဃ) ရရန်ရှိငွေနှင့် ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့် ပစ္စည်းများ ပြည့်စုံမှန်ကန်တိကျစွာ ဖော်ပြခြင်း ရှိ၊ မရှိနှင့် သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း။"

၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ်အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊"

၈။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ဃ)၏နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့်ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့်စာရင်းများဆိုင်ရာ ရငွေနှင့်ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေ ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း။"

၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၆ ၏နောက်တွင် ပုဒ်မ ၃၆-က၊ ပုဒ်မ ၃၆-ခ နှင့် ပုဒ်မ ၃၆-ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၆-က။ ဥပဒေအရ စစ်ဆေးခြင်းခံရမည့် အဖွဲ့အစည်းအသီးသီးတို့သည် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ရက်ပေါင်းကိုးဆယ်အတွင်း ဝန်ထမ်းအင်အားစာရင်း၊ ငွေစာရင်း၊ ကုန်ပစ္စည်းစာရင်းအပါအဝင် နှစ်ချုပ်စာရင်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်သို့ပေးပို့ရမည်။

၃၆-ခ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံး အဆင့်ဆင့်၏ အစီရင်ခံစာအရ ဝန်ထမ်းများအား အရေးယူသည့်အခါတွင် ပဏာမစုံစမ်းမှုကို ပြန်လည်ပြုလုပ်ခြင်းမပြုဘဲ စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ စစ်ဆေးတွေ့ရှိချက်ကို စွဲချက်တင်ရန် အထောက်အထားတစ်ရပ်အဖြစ် မှတ်ယူ၍ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုကို ဆက်လက်ပြုလုပ်ရမည်။

၃၆-ဂ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်၏ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များ ထိရောက်စွာတာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်သည့်အကူအညီများနှင့် အစီအစဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းမှ တာဝန်ရှိသူများက စီစဉ်ပေးရမည်။"

## ကွန်ပျူတာ၊ အင်္ဂလိပ်စာ(သဒ္ဒါ)၊ အင်္ဂလိပ်စကားပြော နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း အသိအမှတ်ပြုလက်မှတ်ရ ပညာဒါန သင်တန်းများဖွင့်လှစ်မည်

**မြစ်ကြီးနား ဇွန် ၁၅**

ကွန်ပျူတာ၊ အင်္ဂလိပ်စာ(သဒ္ဒါ)၊ အင်္ဂလိပ်စကားပြော နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း (ILO) အသိအမှတ်ပြုလက်မှတ်ရ ပညာဒါနသင်တန်းကို ဇွန် ၁၈ ရက်တွင် မြစ်ကြီးနားမြို့၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တာဝန်ခံဦးဝဏ္ဏထွန်းထံမှ သိရသည်။

အဆိုပါ သင်တန်းဖွင့်လှစ်မည့်အခြေအနေနှင့် ပတ်သက်၍ ဦးဝဏ္ဏထွန်းက "ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြော(သဒ္ဒါ) သင်တန်းကို ၂၀၀၁ ခုနှစ်ကနေစပြီး တိုင်းဒေသကြီးနဲ့ပြည်နယ် အစိုးရအဖွဲ့အဆက်ဆက်ရဲ့ လမ်းညွှန်မှုနဲ့ ဖွင့်လှစ်ခဲ့တာ သင်တန်းအပတ်စဉ်ပေါင်း (၁၄၀)ကျော်ရှိခဲ့ပါပြီ။ ဒီသင်တန်းကို ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ မြို့ပြနဲ့ကျေးလက် ညီမျှမှုရှိပြီး လူသားစွမ်းရည်ပိုမိုမြင့်မားကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာမှာ တစ်တပ်တစ်အားပါဝင်လုပ်ဆောင်နိုင်စေရေးနဲ့ စွမ်းရည်ထက်မြက် မြင့်မားစေရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးရခြင်းဖြစ်ပါတယ်။ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (ILO)နဲ့ မြန်မာနိုင်ငံ အသေးစားနဲ့ အလတ်စား လုပ်ငန်းရှင်များအသင်း (SME)တို့ပူးပေါင်းပြီး စီးပွားရေး ကျွမ်းကျင်မှုသင်တန်း၊ ကျွန်တော်တို့ကုမ္ပဏီက အင်္ဂလိပ်စကားပြောနဲ့ ကွန်ပျူတာသင်တန်းတွေကို အခကြေးငွေ လုံးဝမယူဘဲ သင်ကြားပေးသွားမှာဖြစ်ပါတယ်။ သင်တန်းကာလကတော့ နှစ်လကြာမြင့်မှာဖြစ်ပြီး သင်တန်းကာလအတွင်း လိုအပ်မယ့် စာရွက်စာတမ်းကြေးသာ ကုန်ကျမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကို မြစ်ကြီးနားမြို့ ဇရာရပ်ကွက် အောင်ဆန်းလမ်းရှိ ပြည်နယ်တရားလွှတ်တော်ရုံးဘေးတွင် ယခင်ဖွင့်လှစ်ခဲ့သည့် (OSS) ရုံးဟောင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသက်အရွယ်၊ ပညာအရည်အချင်း၊ လူဦးရေ အကန့်အသတ်မရှိဘဲ သင်တန်းချိန် (၁၁) ချိန်အတွင်း ကြိုက်နှစ်သက်ရာအချိန်တွင် တက်ရောက်နိုင်ပြီး ဆက်သွယ်စုံစမ်းလိုပါက ဖုန်း ၀၉-၂၅၀၁၅၉၃၄၀ နှင့်၀၉-၅၁၉၉၁၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

**ဦးလေးကြီး**



ရန်ကုန်မြို့ ဒေါပုံမြို့နယ် လမုတန်းရပ်ကွက် ယမုံနာရိပ်မွန်အိမ်ရာရှေ့ ယမုံနာလမ်းမဘေးတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းပညာပေး မော်တော်ယာဉ်မှ မှုခင်းကျဆင်းရေးပညာပေးပြသမှုကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ရာ ဒေါပုံမြို့မရဲစခန်းမှ ရဲစခန်းမှူး ဒုရဲမှူး ထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ အမှတ်(၃၁)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ် ဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဒေါပုံမြို့နယ် ကြက်ခြေနီတပ်ခွဲမှူး ဦးသက်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အထက(၁) မှ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုခဲ့ကြသည်။ **ကိုထင်ကျော်**

## ယင်းမာပင်ခရိုင်ရှိ အခြေခံပညာကျောင်းများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ကနီ ဇွန် ၁၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ အသက်(၁၀)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက်က ကနီမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါနိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ ကနီမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေငွေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်အေးတို့ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သန်းငွေးအောင်(ကနီ)**



# ဟယ်ရီစတိုင်ရဲ့ရုပ်ရှင် စမ်းသပ်ထုတ်လွှင့်




ဗြိတိန်ရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ ယခုနှစ်အစပိုင်းမှာ သူ့ရဲ့ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့ပါတယ်။ ဟယ်ရီရဲ့ တေးအယ်လ်ဘမ် "Harry Styles"ရဲ့ အောင်မြင်မှုနဲ့အတူ ဟယ်ရီစတိုင်ဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဂီတခရီးမှာ မှတ်တိုင်သစ်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် ဟယ်ရီဟာ သရုပ်ဆောင်နယ်ပယ်ဘက်မှာလည်း ခြေချလာပြီး လတ်တလောမှာတော့ ဟယ်ရီ ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ရဲ့ အစမ်းဗီဒီယိုဖိုင်တွေကို ထုတ်လွှင့်ပြသခဲ့တာကိုလည်း တွေ့ရပါတယ်။

လတ်တလောမှာ ဟယ်ရီစတိုင် ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင် "Dunkirk" ကို စမ်းသပ်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ဗီဒီယိုဖိုင်သုံးခုကို ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ပထမဆုံးအစမ်းရုပ်ရှင်ကိုတော့ "Trapped"လို့ အမည်ပေးထားတာတွေ့ရပြီး ယင်းအစမ်းရုပ်ရှင်မှာတော့ ဟယ်ရီစတိုင်ဟာ ရေအောက်မှာရောက်နေတာကို တွေ့ရပါတယ်။ ဟယ်ရီဟာ ရေနစ်နေတဲ့ အနေအထားမှာ ရှိနေတာဖြစ်ပြီး ရေနစ်နေရာမှ လွတ်မြောက်နိုင်ဖို့အတွက် ကြိုးစားရုန်းကန်ရင်း ကြောက်လန့်တကြားအော်ဟစ်နေတဲ့ ဟယ်ရီကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ဟယ်ရီနဲ့အတူ ပါဝင်ထားကြတဲ့ အခြားသောသရုပ်ဆောင်တွေဖြစ်ကြတဲ့ တွမ်ဟာဒီနဲ့ ဖီအွန်ဝှိုက်ဟက်ဒ်တို့လည်း လတ်တလောထုတ်လွှင့်ခဲ့တဲ့ အစမ်းဗီဒီယိုမှာ ပါဝင်နေတာကို တွေ့ရပါတယ်။

ဒုတိယမြောက် အစမ်းရုပ်ရှင်ကိုတော့ "Hunted"လို့ အမည်ပေးထားပြီး ယင်းအစမ်းရုပ်ရှင်မှာတော့ ဟာဒီရဲ့ လေယာဉ်တိုက်ခိုက်ခံခဲ့ရတာကို တွေ့ရပါတယ်။ နောက်ထပ်ထုတ်လွှင့်ခဲ့တဲ့ တတိယမြောက် အစမ်းရုပ်ရှင်'Surrounded' မှာတော့ ဂျာမန်တွေရဲ့လက်မှ လွတ်မြောက်အောင်ကြိုးပမ်းပုံတွေကို ထုတ်နုတ်ပြသထားတာတွေ့ရပါတယ်။

"Dunkirk "ဟာ စစ်ကားအမျိုးအစားဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖြစ်ရပ်တွေကို ပုံဖော်ဖန်တီးထားတဲ့ ရုပ်ရှင်တစ်ကားလည်း ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် ဇူလိုင် ၂၁ ရက်မှာ စတင်ရုံတင်သွားမှာဖြစ်တဲ့အတွက် ယခုနှစ်ကတော့ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ ပရိသတ်အရှေ့ရောက်လာနိုင်တော့မယ့် ဟယ်ရီစတိုင်အနေနဲ့ အနုပညာခရီးလမ်းမှာ မှတ်တိုင်သစ်တွေ စိုက်ထူနိုင်ခဲ့တဲ့နှစ်ရယ်လို့ ဆိုရမှာပဲ ဖြစ်ပါတယ်။

# မန်ချက်စတာမြို့ရဲ့ ပထမဆုံးသော ဂုဏ်ပြုခံနိုင်ငံသားဖြစ်လာမယ့် အရီရန်နာဂရန်းဒ်



အရီရန်နာဂရန်းဒ်ကို "One Love Manchester" ဖျော်ဖြေပွဲတွင် တွေ့ရစဉ်။

အင်္ဂလန်မှာရှိတဲ့ မန်ချက်စတာမြို့တော်ကောင်စီက ပြီးခဲ့တဲ့လအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲရဲ့ နောက်ဆက်တွဲအဖြစ် ရန်ပုံငွေဖျော်ဖြေပွဲတစ်ရပ်ကို ပြန်လည်ပြုလုပ်ပေးခဲ့တဲ့ အရီရန်နာဂရန်းဒ်ကို ဂုဏ်ပြုခံနိုင်ငံသားအဖြစ် အသိအမှတ်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီလိုအသိအမှတ်ပြုတာဟာ မန်ချက်စတာမြို့အနေနဲ့ ပထမဆုံးဖြစ်ခဲ့တာကြောင့် အရီရန်နာဂရန်းဒ်ဟာ မန်ချက်စတာမြို့တော်ရဲ့ ပထမဆုံးသော ဂုဏ်ပြုခံနိုင်ငံသားတစ်ဦး ဖြစ်လာမှာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၂ ရက်က မန်ချက်စတာအရီနာကွင်းမှာ အရီရန်နာဂရန်းဒ်ရဲ့ "Dangerous Woman" နယ်လှည့်ဖျော်ဖြေရေး ခရီးစဉ်ရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ဖျော်ဖြေပွဲပြုလုပ်ခဲ့ရာ ယင်းပွဲအတွင်း အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ပါတယ်။ ယင်းအကြမ်းဖက်မှုကြောင့် စုစုပေါင်း ၂၂ ဦး သေဆုံးခဲ့ကာ အများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြပါတယ်။ ဒီလိုတိုက်ခိုက်ခံခဲ့ရတဲ့ ပရိသတ်တွေအတွက် အရီရန်နာဂရန်းဒ်က ထောက်ပံ့ငွေတွေ ပေးအပ်သွားနိုင်ဖို့အတွက် ရန်ပုံငွေဖျော်ဖြေပွဲတစ်ရပ်ကို ပြီးခဲ့တဲ့ ဇွန် ၄ ရက်မှာ မန်ချက်စတာမြို့မှာပဲ ပြန်လည်ပြုလုပ်ပေးခဲ့တာ ဖြစ်ပါတယ်။ ရန်ပုံငွေဖျော်ဖြေပွဲမှာတော့ အရီရန်နာနဲ့အတူ အခြားသော နာမည်ကျော်ဂီတကြယ်ပွင့်များစွာက ပါဝင်အားဖြည့်သီဆိုပေးခဲ့ကြပြီး ပေါက်ကွဲမှုဖြစ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာ လာရောက်အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ပြန်လည်ဖျော်ဖြေခဲ့တဲ့ပွဲမှာ အခမဲ့ကြည့်ရှုခွင့်ပေးခဲ့ပြီး လက်မှတ်ရောင်းရငွေတွေနဲ့ ကောက်ခံရရှိခဲ့တဲ့ အလှူငွေတွေကိုတော့ ပေါက်ကွဲမှုအတွင်း သေဆုံးခဲ့ရတဲ့သူတွေနဲ့ မိသားစုဝင်တွေ၊ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့သူတွေကို ပေးအပ်သွားဖို့ စီစဉ်ပြုလုပ်ခဲ့ကြောင်းလည်း သိရပါတယ်။

ဒီလိုထိခိုက်ခဲ့ရတဲ့ ပရိသတ်တွေတွက် စဉ်းစားပေးကာ ရန်ပုံငွေဖျော်ဖြေပွဲတစ်ရပ်အဖြစ် "One Love Manchester"လို့အမည်ပေးထားတဲ့ ပွဲကို ပြုလုပ်ပေးခဲ့တဲ့ အရီရန်နာဂရန်းဒ်ရဲ့ အပြုအမူကို မန်ချက်စတာမြို့တော်ကောင်စီက ဂုဏ်ပြုခဲ့တာဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်ကို မန်ချက်စတာမြို့တော်ရဲ့ ဂုဏ်ပြုခံနိုင်ငံသားအဖြစ် သတ်မှတ်ကာ ဂုဏ်ပြုဆုပေးအပ်သွားမှာဖြစ်ကြောင်းကို ပြီးခဲ့တဲ့ အင်္ဂါနေ့က မန်ချက်စတာမြို့တော် ကောင်စီက တရားဝင် ထုတ်ပြန်ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

မန်ချက်စတာမြို့တော်ကောင်စီရဲ့ ခေါင်းဆောင်ဖြစ်သူ ဆာရစ်ချက်ဒ်လီစ်ရဲ့ ပြောကြားချက်အရ မန်ချက်စတာမြို့မှာရှိတဲ့ များစွာသောလူတွေက အရီရန်နာဂရန်းဒ်ကို ဂုဏ်ပြုထိုက်တဲ့ နိုင်ငံသားတစ်ဦးအဖြစ် ချီးမွမ်းပြောဆိုနေကြကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကို အမုန်းတရားတွေနဲ့ အကြောက်တရားတွေထက် ချစ်မြတ်နိုးမှုမေတ္တာတရားတွေနဲ့ ရဲရင့်မှုတွေနဲ့သာ တုံ့ပြန်ပြသခဲ့တဲ့ အရီရန်နာဂရန်းဒ်ရဲ့ လုပ်ရပ်အတွက် ဂုဏ်ယူကြောင်းလည်း ပြောကြားခဲ့တာဖြစ်ပါတယ်။

အရီရန်နာဂရန်းဒ်ဟာ မေလအတွင်း ဖြစ်ပွားခဲ့တဲ့ မန်ချက်စတာပေါက်ကွဲမှုအပြီးမှာ ကျန်ရှိနေတဲ့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေး အစီအစဉ်အချို့ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး ဇွန် ၄ ရက်မှာ မန်ချက်စတာမြို့မှာ ရန်ပုံငွေဖျော်ဖြေပွဲကို ပေါက်ကွဲမှုပြီးနောက် ပထမဆုံးသော ဖျော်ဖြေပွဲအဖြစ် ပြန်လည်စတင်ခဲ့တာ ဖြစ်ပါတယ်။ ဒုတိယအကြိမ်မြောက် မန်ချက်စတာဖျော်ဖြေပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပြီးနောက်မှာတော့ အရီရန်နာဂရန်းဒ်က သူ့ရဲ့အခြားသော "Dangerous Woman" နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေကို ပြန်လည်စတင်ခဲ့တာတွေ့ရပါတယ်။ ပထမဆုံးအနေနဲ့ ပြီးခဲ့တဲ့ ဇွန် ၇ ရက်က ပြင်သစ်မှာ ဖျော်ဖြေပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အေး
ပြည့်
စည်း
သည်



# လန်ဒန်ရှိ ဂရန်းဖဲလ်တာဝါမီးလောင်ရာသို့ လာရောက်ကာ မီးဘေးသင့်သူတွေကို အားပေးခဲ့တဲ့ အဒဲလ်

ဗြိတိန်ရဲ့ နာမည်ကျော်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ အဒဲလ်ဟာ ပြီးခဲ့တဲ့ ဇွန် ၁၄ ရက် နံနက်အစောပိုင်းက ဗြိတိန်နိုင်ငံ လန်ဒန်မြို့ အနောက်ပိုင်းမှာရှိတဲ့ ဂရန်းဖဲလ်တာဝါမီးလောင်ရာသို့ လာရောက်ခဲ့ကာ မီးလောင်မှုအတွင်း ထိခိုက်ဆုံးရှုံးခဲ့ရတဲ့အတွက် ဝမ်းနည်းခံစားနေရတဲ့သူတွေကို ကိုယ်တိုင်ကိုယ်ကျ အားပေးနှစ်သိမ့်ခဲ့ကြောင်း မစ်ရာဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂရင်းဖဲလ်တာဝါဟာ ၂၄ ထပ်မြင့် တိုက်ခန်းတွဲနေအိမ်အဆောက်အအုံတစ်လုံးဖြစ်ပြီး ပြီးခဲ့တဲ့ ဇွန် ၁၄ ရက် နံနက်အစောပိုင်းမှာ မီးစတင်လောက်ကျွမ်းခဲ့ကာ အချိန်အတော်ကြာသည်အထိ မီးငြိမ်းသတ်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ထိတ်လန့်ဖွယ်မီးလောင်မှုကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒီလိုမီးလောင်ကျွမ်းခဲ့မှုကြောင့် သေဆုံးသူတွေလည်းရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရခဲ့သူတွေလည်း များစွာရှိနေခဲ့တာဖြစ်ပါတယ်။ ယင်းအဖြစ်ဆိုးကြီးကြောင့် တုန်လှုပ်ခံစားနေရတဲ့သူတွေဆီကို ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ နံနက်အစောပိုင်းမှာ အဒဲလ်က လာရောက်အားပေးခဲ့တာဖြစ်ပြီး သူကိုယ်တိုင်ကလည်း ထိခိုက်ခံစားနေရတဲ့ပုံပေါ်နေကြောင်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

မီးလောင်ရာသို့ လာရောက်အားပေးခဲ့တဲ့ အဒဲလ်ဟာ အနက်ရောင်ဂါဝန်ရှည်ကြီးကို ဝတ်ဆင်ထားပြီး သူနဲ့အတူ ခင်ပွန်းဖြစ်သူ ဆိုင်မွန်ကော်နက်စကီလည်း လိုက်ပါလာခဲ့ပါတယ်။ အဒဲလ် လာရောက်အားပေးနှစ်သိမ့်နေတဲ့ ဓာတ်ပုံတွေနဲ့အတူ ပရိသတ်အချို့က အဒဲလ် လာရောက်အားပေးခဲ့ကြောင်းကို လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

အဒဲလ်ရဲ့ ပရိသတ်တွေက သူ့အတွက်ဖန်တီးထားတဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ အဒဲလ်ဟာ ဂရင်းဖဲလ်တာဝါမီးလောင်ရာသို့ ရောက်ရှိလာပြီး မီးလောင်နေတဲ့ အဆောက်အအုံအနားမှာ စုပြုံနေတဲ့ လူအုပ်ကြီးအတွင်းဝင်ကာ ဟိုဟိုဒီဒီလှည့်လည်ကြည့်ရှုရင်းက သူလက်လှမ်းမီသမျှသောလူတွေကို ပွေ့ဖက်ကာ အားပေးနှစ်သိမ့်စကားတွေ ပြောကြားခဲ့ကြောင်း သိရပါတယ်။ ပရိသတ်တစ်ဦးကလည်း အခြားသောအနုပညာရှင်တွေဟာ အဆိုပါ မီးလောင်မှုနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာရေးသားဖော်ပြခြင်း၊ ဝမ်းနည်းစကားဆိုခြင်း မရှိချိန်မှာ အဒဲလ်အနေနဲ့ ကိုယ်တိုင်လာရောက်အားပေးခဲ့တဲ့အတွက် အံ့ဖွယ်လူသားတစ်ဦးအဖြစ် လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ချီးကျူးရေးသားဖော်ခဲ့ကြောင်းလည်း သိရပါတယ်။

ပရိသတ်တစ်ဦးကလည်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ "ဂရန်းဖဲလ်တာဝါကို လာရောက်ခဲ့တဲ့ အဒဲလ်ဟာ စကားတစ်ခွန်းမှ မပြောခဲ့ပါဘူး။ ဒါပေမယ့် သူ့ရဲ့လုပ်ရပ်ဟာ သူဘယ်လောက်ရိုးသားတယ်၊ အံ့သြစရာကောင်းတဲ့လူသားတစ်ဦးဖြစ်တယ်ဆိုတာ သက်သေပြနေပါတယ်။ အဒဲလ်ဟာ နတ်သမီးတစ်ပါးဖြစ်ပြီး သူ့အတွက်အလွန်ဂုဏ်ယူမိပါတယ်"လို့ ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ဒါ့အပြင် အဒဲလ်ဟာ မီးဘေးသင့်ခဲ့ရတဲ့သူတွေအတွက် သူ့ရဲ့လုပ်ဆောင်မှုတွေကို အားပေးခဲ့ရုံနဲ့တင် ရပ်တန့်မထားခဲ့ပါဘူး။ သူဟာ မီးဘေးကြောင့် ဆုံးရှုံးနစ်နာခဲ့ရတဲ့သူတွေအတွက် အစားအသောက်၊ အဝတ်အထည်နဲ့ လိုအပ်တာတွေကို ပေးလှူနေတဲ့ အဖွဲ့အစည်းတွေနဲ့ဆက်သွယ်ကာ လှူဒါန်းမှုတွေပြုခဲ့တယ်လို့ သိရပါတယ်။

အခြားသော အနုပညာရှင်တွေကလည်း လတ်တလောမှာ ဖြစ်ပွားခဲ့တဲ့ ဂရန်းဖဲလ်တာဝါ မီးဘေးသင့်သူတွေအတွက် တတ်နိုင်သမျှ လှူဒါန်းမှုတွေပြုလုပ်နေကြပြီး ရုပ်သံတင်ဆက်သူတစ်ဦးဖြစ်တဲ့ ဂျေမီအိုလီဗာကတော့ သူ့ရဲ့စားသောက်ဆိုင်ကို မီးဘေးသင့်သူတွေအတွက် အခမဲ့ စားသောက်ခွင့်ပြုကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ကာ အနုပညာရှင်များစွာက မီးဘေးသင့်သူတွေအတွက် ကူညီလှူဒါန်းမှုတွေ ပြုလုပ်ခဲ့ကြကြောင်းလည်း သိရပါတယ်။

====

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)



# မြန်မာစာ၊ မြန်မာစကား ရေးကြပြောကြရအောင်

မောင်စာဂ

"မြန်မာစာ၊ မြန်မာစကား ရေးတတ်၊ ပြောတတ်ကြပါရဲ့လားလို့" မေးမြန်းလျှင်တော့ "မြန်မာလူမျိုးတွေပဲ ဘာလို့မရေးတတ်၊ မပြောတတ်ကြရမှာလဲ၊ ရေးတတ်ကြတာပေါ့၊ ပြောတတ်ကြတာပေါ့" ဟူ၍သာ ဖြေဆိုကြပေမည်။ ဒီတော့ "တကယ်ပဲ ရေးတတ်ကြပါရဲ့လား၊ တကယ်ပဲပြောတတ်ကြပါရဲ့လား။" တရားဥပဒေကဏ္ဍက စောကြောကြည့်ကြပါစို့။

**မြန်မာစာသည်ရုံးသုံးစာပါ**

မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူသည် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ တည်စေရမည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၀၊ ၄၅၂ နှင့် ၄၅၄)။

**အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့**

ယနေ့ ကျင့်သုံးလျက်ရှိသော တည်ဆဲဥပဒေများတွင် အင်္ဂလိပ်ခေတ်က ပြဋ္ဌာန်းခဲ့သော ဥပဒေအတော်များများ ရှိသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဥပဒေများဖြစ်သည်။ ယခုအခါတွင် ယင်းဥပဒေများကို ပြည်ထောင်စုရှေ့နေချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုနေပြီဖြစ်သည်။ မြန်မာစာဖြင့် ပြန်ဆိုရေးသားထားသော ဥပဒေများကို ဖတ်ရှုကြရပေတော့မည်။

**မြန်မာသဒ္ဒါနှင့် မြန်မာစာအရေးအသား**

ဥပဒေများရေးဆွဲရာတွင် မြန်မာသဒ္ဒါအသုံးအနှုန်း မှန်ရသည်။ မြန်မာစာအရေးအသား ကောင်းရသည်။ မြန်မာသဒ္ဒါအသုံးအနှုန်းမမှန်လျှင် ရှုပ်ထွေးတတ်သည်။ အဓိပ္ပာယ်အမျိုးမျိုး ပေါ်ထွက်နေတတ်သည်။ ဆိုလိုရင်း အဓိပ္ပာယ်၊ အနှစ်သာရနှင့် ကွဲလွဲသွားတတ်သည်။ အငြင်းပွားမှုတွေဖြစ်စေသည်။ မြန်မာစာအရေးအသား မကောင်းလျှင် ကျစ်လျစ်မှုမရှိ။ ရှည်လျားတတ်သည်။ အလွယ်တကူနားမလည်နိုင်။ ဖတ်ရှုရန်အခက်အခဲ ဖြစ်စေသည်။ ဥပဒေကောင်းတစ်ရပ် မဖြစ်နိုင်။ သို့ဖြစ်ရာ ဥပဒေမူကြမ်းများ ပြုစုကြရသည့်အခါ အချက်အလက်ပြည့်စုံရုံနှင့်မပြီး။ မြန်မာသဒ္ဒါ အသုံးအနှုန်းမှန်ဖို့သည် ပဓာနဖြစ်သည်။ မြန်မာစာအရေးအသားကောင်းဖို့သည် အဓိကကျသည်။ ဤနှစ်ချက်နှင့်ပြည့်စုံမှသာ ဥပဒေကောင်းတစ်ရပ်ဖြစ်နိုင်သည်။

**နိုင်ငံတကာဥပဒေများကို အကိုးအကားပြုရခြင်း**

ဥပဒေမူကြမ်းတစ်ခုပြုစုသည့်အခါ ရေးဆွဲမည့်ဥပဒေမူကြမ်း၏ သဘောသဘာဝအရ ကိုယ့်ဓလေ့၊ ကိုယ့်စရိုက်၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အနေအထားများနှင့် လိုက်လျောညီထွေရှိကြရသည်။ တစ်ဖက်ကလည်း နိုင်ငံတကာဥပဒေပြဋ္ဌာန်းချက်များကို လေ့လာကိုးကားရသည်။ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းတစ်ခုတွင် အဖွဲ့ဝင်အဖြစ် လက်ခံထားခဲ့လျှင် ယင်းကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကိုပါ လေ့လာကိုးကားရသည်။ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့ဖူးခြင်းမရှိသေးသော ဥပဒေမျိုး ပြဋ္ဌာန်းမည်ဆိုလျှင် နိုင်ငံတကာက ပြဋ္ဌာန်းထားသော ဥပဒေပါ ပြဋ္ဌာန်းချက် အားလုံးနီးပါး ကိုးကားပြဋ္ဌာန်းရခြင်းမျိုးလည်း ကြုံတွေ့ဖူးသည်။ နိုင်ငံတကာဥပဒေများ၊ ကွန်ဗင်းရှင်းများသည် အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားပြဋ္ဌာန်းထားသည်။

ဥပဒေမူကြမ်းများ ရေးဆွဲပြုစုရသည့် လုပ်ငန်းစဉ်များတွင် မြန်မာလိုတွေး၍ မြန်မာလိုအရေးအသားများဖြင့် ရေးဆွဲပြုစုထားသည့် ဥပဒေမူကြမ်းဆိုလျှင် ခက်ခက်ခဲခဲ သိပ်မရှိလှ။ ဥပဒေ၏လိုရင်းအချက်အလက်များ ပြည့်စုံနေလျှင် ရေးသားထားသောစကားလုံးများ သဒ္ဒါနည်းကျမကျ၊ သဒ္ဒါအသုံးအနှုန်း မှန်၊ မမှန် စိစစ်သည်။ ဥပဒေရေးထုံးရေးနည်းနှင့်အညီ အရေးအသားကောင်းမွန်အောင်ပြင်ဆင်မွမ်းမံပေးကြသည်။

သို့သော် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ခုကို အကိုးအကားပြုကြရသည့်အခါ ယင်းဥပဒေ၊ ယင်းကွန်ဗင်းရှင်း၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားချက်ကို မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုရေးသားကြသည်။ ဘာသာပြန်ဆိုရေးသားချက်များကို ဖတ်ရှုကြရသည့်အခါ မြန်မာလို အဓိပ္ပာယ်ရှင်းရှင်းလင်းလင်းမရှိ။ ရှေ့နှင့်နောက် ဆက်စပ်၍ မရ။ ဆိုလိုရင်းအဓိပ္ပာယ် မပေါ်လွင်။ ဤတွင် ဘာသာပြန်ဆိုထားချက်ကို အခြေပြုပြီးဆိုလိုရင်း အဓိပ္ပာယ်နှင့် လွတ်ထွက်မသွားရအောင် မြန်မာလိုတွေး၍ မြန်မာစာအရေးအသားများဖြင့် ပြန်လည်ရေးသားပေးကြရသည်။

ဥပဒေမူကြမ်းများကို ဆွေးနွေးသည့်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆိုင်ရာဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ အများအပြား ပါဝင်လေ့ရှိသည်။ ထူးခြားချက် တစ်ခုပြောရလျှင် အင်္ဂလိပ်ဘာသာစကားဖြင့် ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ဆိုတတ်ကြသည်။ အင်္ဂလိပ်ဘာသာစကားကို ကြားညှပ်ကာ ပြောလေ့ရှိသည်။ အင်္ဂလိပ်ဘာသာစကားလုံး မပါလျှင် မပြောတတ်ကြ။ တချို့ဆိုလျှင် "မြန်မာလို ဘယ်လိုပြောရမယ်တော့ မသိဘူး" ဆိုပြီး အင်္ဂလိပ်ဘာသာဖြင့်ပြောသည်။ မြန်မာစကားကို မြန်မာလိုရှင်းအောင်မပြောတတ်ကြတော့။ ဤသည်ကို အမြဲလိုလို ကြုံနေရသည်။ "ဩော် မြန်မာစကားပြောကြဖို့၊ မြန်မာစာရေးတတ်ကြဖို့ အားနည်းမှုတွေ ဖြစ်လာရပါပြီကောလား။"

**အရေးပါသော မြန်မာသဒ္ဒါအသုံးအနှုန်းများ**

ဥပဒေမူကြမ်းတစ်ခုရေးဆွဲသည့်အခါ အကြောင်းအရာ အချက်အလက်များအပေါ် အခြေခံ၍ မိမိတို့အလိုရှိသော အဓိပ္ပာယ်မျိုးပေါ်ပေါက်စေရန် "က"၊ "မှ"၊ "၌"၊ "တွင်"၊ "သည့်"၊ "သော"၊ "၍"၊ "ပြီး"၊ "ဖြင့်"၊ "နှင့်"၊ "ငင်း"၊ "လည်းကောင်း"၊ "သော်လည်းကောင်း"၊ "ဖြစ်စေ"၊ "သို့မဟုတ်" စသော စကားလုံးများသည် အရေးပါသည်ကို တွေ့ရသည်။ ယင်းတို့ကို သဒ္ဒါအသုံးအနှုန်း မှန်ကန်စွာ သုံးစွဲနိုင်ခြင်းဖြင့် မိမိတို့ရည်ရွယ်သော စာကြောင်း၊ ဝါကျမျိုးကို တည်ဆောက်နိုင်သည်။

> မြန်မာစာ၊ မြန်မာစကား အရေး၊ အဖတ်၊ အပြော၊ အဆို ပို၍ ပို၍ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဖွံ့ဖြိုးတိုးတက်စေလိုပါသည်။ မြန်မာစာ၊ မြန်မာစကား တိုးတက်ကောင်းမွန် ဖွံ့ဖြိုးစေခြင်းဖြင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းသည့် ဘာသာစကားတစ်ခု အဖြစ် ပေါ်ထွန်းလာနိုင်ပါစေ . . .

**မြန်မာသဒ္ဒါ အသုံးအနှုန်းသည် တရားစီရင်ရေးတွင်လည်း လိုအပ်ခြင်း**

မြန်မာသဒ္ဒါအသုံးအနှုန်း၊ မြန်မာစာအရေးအသား မှန်ကန်ကောင်းမွန်ဖို့သည် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင်သာမဟုတ်။ တရားစီရင်ရေးလုပ်ငန်းစဉ်တွင် လည်း လိုအပ်သည့်အချက်ဖြစ်သည်။ တရားစီရင်ရေးလုပ်ငန်းစဉ်တွင် ပါဝင်တာဝန်ထမ်းဆောင်ခဲ့စဉ်က မှတ်မှတ်သားသားထားရှိခဲ့သော သဒ္ဒါအသုံးအနှုန်း အရေးအသားများစွာအနက် အချို့ကိုဖော်ပြပါမည်။

အမှား။ ။ ရပ်ကွက်ပြည်သူ့ကောင်စီရုံးတွင် တရားခံထံမှ တွေ့ရှိသော ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်များကို ထုပ်ပိုး၍ ချိပ်ပိတ်ကြသည်။

အမှန်။ ။တရားခံထံမှတွေ့ရှိသော ဘိန်းဖြူဟုယူဆရသည့် အဖြူမှုန့်များကို ရပ်ကွက် ပြည်သူ့ကောင်စီရုံးတွင် ထုပ်ပိုး၍ ချိပ်ပိတ်ကြသည်။

အမှား။ ။ ဖြောင့်ချက်ယူသည့် တရားသူကြီးက ကျွန်တော်အနှိပ်စက်ခံရသည်ဟု ပြောပါလျက် ကျွန်တော်၏အကျီကို လှန်မကြည့်ပါ။

အမှန်။ ။ကျွန်တော်အနှိပ်စက်ခံရသည်ဟု ပြောပါလျက် ကျွန်တော်၏အကျီကို ဖြောင့်ချက်ယူသည့် တရားသူကြီးက လှန်မကြည့်ပါ။

အမှား။ ။ရဲအရာရှိက ဆေးခြောက်များ ဝယ်ယူပြီးနောက် ထွက်ပြေးသွားသောတရားခံကို ချက်ချင်းဖမ်းဆီးရမိသည်။

အမှန်။ ။ဆေးခြောက်များဝယ်ယူပြီးနောက် ထွက်ပြေးသွားသော တရားခံကို ရဲအရာရှိက ချက်ချင်းဖမ်းဆီးရမိသည်။

**တရားစီရင်ထုံးများတွင် တွေ့ရှိချက်**

မြန်မာနိုင်ငံ တရားစီရင်ထုံးများကို မိတ်ဆွေအချို့နှင့်အတူ ဖတ်ရှုလေ့လာကြည့်မိသည်။ မြန်မာသဒ္ဒါအသုံးအနှုန်းနှင့်စပ်လျဉ်း၍ သတိပြုဆင်ခြင်ဖွယ်ရာ အတော်များများ တွေ့ရှိရသည်။ အချို့ကိုသာ ကောက်နုတ်၍ ဖော်ပြပါရစေ။

အမှုတွင် သက်သေခံအမှတ် (တ-၁၁) မှ (တ-၁၉) ထိ လက်ခံထားသော တရားခံမှ ငင်းပြစ်မှု ကျူးလွန်ပုံကို သရုပ်ပြထားသည့် ဓာတ်ပုံများသည် သက်သေခံမဝင်သည့် ရဲစက္ကူများဖြစ်သဖြင့် သက်သေခံအဖြစ် လက်ခံရန်မဆိုထားဘိ အမှုတွဲ၌ပင် တွဲထားရန် အကြောင်းမရှိသဖြင့် အမှုလိုက် ဥပဒေအရာရှိသို့ ပြန်ပေးလိုက်ရန်ဖြစ်သည်။ (၂၀၁၃ ခုနှစ်၊ မတစ၊ စာ ၆၂)

ဤရေးသားချက်တွင် "သက်သေခံအမှတ် (တ-၁၁) မှ (တ-၁၉) ထိ လက်ခံထားသော" စကားရပ်ကို "သရုပ်ပြထားသည့်" ဆိုသော စကားရပ်၏ နောက်တွင်ပို့က ပို၍ ကောင်းသည်ဟု ဆိုကြသည်။

လမ်းမြေပေါ်တွင် လျှောက်ထားသူ၏ ရေခဲစက်အတွက် အသုံးပြုသည့် ရေစင်၊ ထရန်စဖော်မာ၊ မီးစက်တို့ကို ကျူးကျော်ဆောက်လုပ်ထားသဖြင့် စည်ပင်သာယာမှ ဖျက်သိမ်း ဖယ်ရှားပေးရန် အထက်ပါအတိုင်း အကြိမ်ကြိမ် အကြောင်းကြားခဲ့သော်လည်း ဖယ်ရှား ဆောင်ရွက်ပေးခြင်းမရှိပေ။ (၂၀၁၄ ခုနှစ်၊ မတစ၊ စာ ၈၀)

ဤရေးသားချက်တွင် "လမ်းမြေပေါ်တွင်"စကားရပ်ကို "မီးစက်တို့ကို" ဆိုသော စကားရပ်၏နောက်တွင် ပို့က ပို၍ ကောင်းသည်ဟုဆိုကြသည်။

တရားပြိုင်သည် ချေလွှာတင်ရန် ပျက်ကွက်၍ တရားရုံးက ချေလွှာတင်ရန် ပျက်ကွက်ကြောင်းမှတ်တမ်းတင်ပြီး အမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက တရားပြိုင်သည် အမှုတွင် ခုခံချေပချက် တင်သွင်းခွင့်နှင့် သက်သေထူခွင့်များ လက်လွတ်သွားမည်ဖြစ်၍ ချေလွှာတင်သွင်းခွင့်မရသည့် ပြစ်ဒဏ်သည် မည်မျှကြီးမားကြောင်းသိသာသည်။ (၂၀၁၁ ခုနှစ်၊ မတစ၊ စာ ၁၆၇)

ဤရေးသားချက်တွင် "တရားရုံးက" ဆိုသည့် စကားရပ်ကို "ပျက်ကွက်ကြောင်း" ဆိုသော စကားရပ်၏ နောက်တွင်ပို့က ပို၍ကောင်းသည်ဟု ဆိုကြသည်။

ကွယ်လွန်သူဒေါ်ရင်ရင်ကျန်ရစ်သည့် အမွေပစ္စည်းများကို ထိန်းသိမ်းရန်နှင့် ကွယ်လွန်သူက ပေးဆပ်ရန်ရှိသည်များကို ပေးဆပ်နိုင်စေရန်အတွက် မူလမကွေးတိုင်းတရားရုံးက လျှောက်ထားသူ ဦးမြင့်စိုးအား အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်းအား တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ပယ်ဖျက်ခဲ့ခြင်းသည် မှန်ကန်မှုရှိကြောင်း။ (၂၀၀၈ ခုနှစ်၊ မတစ၊ စာ ၈၇)

ဤရေးသားချက်တွင် "ကွယ်လွန်သူက" ဆိုသည့် စကားရပ်အစား "ကွယ်လွန်သူ၏" ဟူ၍ ရေးသားလျှင် ပို၍ကောင်းသည်ဟု ဆိုကြသည်။ "ရန်အတွက်" ဟုရေးထားရာ "ရန်" ဆိုလျှင် "အတွက်" ထည့်ရန်မလိုပါ။ "ရေး" ဆိုလျှင်သာ "အတွက်" ထည့်ရသည်။

**အပြုသဘောအမြင်သက်သက်မျှသာ**

ဤသို့ဖော်ပြရေးသားရခြင်းသည် အပြစ်သဘောအမြင် စိုးစဉ်းမျှမရှိပါ။ အပြုသဘောအမြင် သက်သက်မျှသာ ဦးတည်ရှေးရှုသည်။ ဥပဒေပြုရေးလုပ်ငန်းစဉ်၊ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် မြန်မာသဒ္ဒါအသုံးအနှုန်း မှန်ကန်ဖို့၊ မြန်မာစာအရေးအသား ကောင်းမွန်ဖို့၊ မြန်မာစကား ကောင်းကောင်းပြောတတ်ဆိုတတ်ကြဖို့ အရေးကြီးသည် ဆိုသောအချက်ကို မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။ မြန်မာစာ၊ မြန်မာစကား ဖွံ့ဖြိုးတိုးတက်စေချင်သည်။ အမြဲသစ်လွင် လန်းဆန်းနေစေချင်သည်။ မြန်မာစာ၊ မြန်မာစကားအပေါ် ဂုဏ်ယူတတ်ကြစေချင်သည်။ တန်ဖိုးထားတတ်ကြစေချင်သည်။ ဤသို့သော စေတနာ အရင်းခံသက်သက်ဖြင့်ပါ။

**မြန်မာစာကို အားပေးကြဖို့လိုပြီ**

၁၉-၅-၂၀၁၇ ရက်နေ့က ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ (ခ) ဦးရွှေလှဝင်း၏ အခြေခံပညာ အထက်တန်းဝိဇ္ဇာ (သမိုင်း၊ ပထဝီဝင်) ဘာသာရပ် သင်ယူခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဤသို့ဖြေကြားခဲ့သည်။

"အခြေခံပညာအဆင့်၏ အထက်တန်းအဆင့်တွင် သင်ယူနိုင်သည့် ဘာသာတွဲရှစ်မျိုးရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးမှ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူများအနေဖြင့် ဓာတုဗေဒဘာသာ ဖြေဆိုသူ ၆၄၀၀၇၁ ဦး၊ ရူပဗေဒဘာသာ ဖြေဆိုသူ ၆၁၉၇၂၅ ဦး၊ ဇီဝဗေဒဘာသာဖြေဆိုသူ ၁၇၆၉၆၈ ဦး၊ ပထဝီဝင်ဘာသာ ဖြေဆိုသူ ၇၁၉၉၁ ဦး၊ သမိုင်းဘာသာဖြေဆိုသူ ၇၁၄၄၁ ဦး၊ ဘောဂဗေဒဘာသာ ဖြေဆိုသူ ၃၅၇၀၇ ဦး၊ စိတ်ကြိုက်မြန်မာစာဘာသာဖြေဆိုသူ တစ်ဦးရှိပါကြောင်း"။

စိတ်ကြိုက်မြန်မာစာဘာသာဖြေဆိုသူတစ်ဦးသာရှိကြောင်း ဖြေကြားချက်ကို ဖတ်ရှုလိုက်ရသည့်အခါ များစွာစိတ်မကောင်းဖြစ်မိသည်။ ဝမ်းနည်းမှုလည်းဖြစ်ရသည်။ စာရေးသူသည် စိတ်ကြိုက်မြန်မာစာဘာသာ ဖြေဆို၍ အောင်မြင်ခဲ့သူတစ်ဦးဖြစ်သည်။ ထိုအချိန်က စာရေးသူကဲ့သို့ပင် စိတ်ကြိုက်မြန်မာစာဘာသာ ဖြေဆို၍ အောင်မြင်ခဲ့သူတွေ အမြောက်အမြားရှိခဲ့သည်။ ယနေ့ "ဘယ်လိုဖြစ်သွားရသည်လဲ" မပြောပြနိုင်အောင်ပါပင်။

**ဆရာ့အား ဂုဏ်ယူဂါရဝပြုနေလျက်ပါ**

တက္ကသိုလ်ပညာသင်ယူစဉ်က မြန်မာစာဘာသာကို သင်ကြားပို့ချခဲ့သော ဆရာမောင်ခင်မင် (ဓနုဖြူ) သည် ကျန်းကျန်းမာမာရှိနေသည်။ မြန်မာသဒ္ဒါ၊ မြန်မာစာအရေးအသားများနှင့်စပ်လျဉ်းပြီး စာအုပ်၊ စာစောင်၊ ဆောင်းပါးများကို စဉ်ဆက်မပြတ် ရေးသားနေသည်။ စေတနာဖြင့် အသိပညာများ ဖြန့်ဝေပေးနေသည်။ ဆရာကို တပည့်ကအစဉ်သဖြင့် ဂုဏ်ယူပြီးဂါရဝပြုနေမိသည်။

**ဆန္ဒပြုပါရစေ**

မြန်မာစာ၊ မြန်မာစကား အရေး၊ အဖတ်၊ အပြော၊ အဆို ပို၍ ပို၍ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဖွံ့ဖြိုးတိုးတက်စေလိုပါသည်။ မြန်မာစာ၊ မြန်မာစကား တိုးတက်ကောင်းမွန် ဖွံ့ဖြိုးစေခြင်းဖြင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းသည့် ဘာသာစကားတစ်ခု အဖြစ် ပေါ်ထွန်းလာနိုင်ပါစေ။ ။

၂၀၁၈ တက္ကသိုလ်ဝင်ဖြေဆိုမည့် ကျောင်းသား/သူများသည်
မေးခွန်းဟောင်းများနှင့် ဖြေဆိုချက်များကို လေ့လာလေ့ကျင့်ထားပါက
၂၀၁၈ စာမေးပွဲတွင် တွေ့ကြုံရမည့် အမေးတို့ကို ကြိုတင်သိမြင်ထားသကဲ့သို့ပင် ဖြစ်ပေမည်။

ကျောင်းသားအများဆောင်
# ရွှေလက်ဆောင်
အသစ်သည် အဟောင်းကိုအခြေခံ၍ ဖွံ့ဖြိုးထားခြင်းဖြစ်သည်
ပြည်နယ်/တိုင်းဒေသကြီးများနှင့် ပြည်ပစာစစ်တို့တွင် မေးခဲ့သော
# ၂၀၀၂ မှ ၂၀၁၇ ထိ
# မေးခွန်းဟောင်းများနှင့် စံပြအဖြေများ

မြန်မာစာ – ဒေါ်ခင်မြင့်ကြည်
တွဲဖက်ပါမောက္ခ(ငြိမ်း)၊ မြန်မာစာ

အင်္ဂလိပ်စာ – ဆရာဦးချစ်စိန်

သင်္ချာ – ဆရာဦးအောင်
M.Sc (Maths)

ဓာတုဗေဒ – ဆရာချမ်းလင်း
M.Sc (I.C), Dip in F.T.

ရူပဗေဒ – ဒေါ်ယဉ်ယဉ်လှ
M.Sc (Physics)

ဇီဝဗေဒ – ဒေါက်တာဖော်လီမောင်
B.Sc (Hons), M.Sc, Ph.D
(University of Queensland)
Australia

ဘောဂဗေဒ – ဆရာပြည့်ဟိန်းကျော်
(DMD)

တစ်ဘာသာချင်း / တစ်အုပ်ချင်း
ဘာသာစုံ
ထွက်ပြီ
နယ်မြို့အသီးသီးတွင် ရရှိနိုင်ပါသည်။



# 7Stars (ရာထူးဝန်သင်တန်းကြီး)
# နည်းပြ/သရုပ်ပြ ဝင်ခွင့်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန – လစ်လပ်ရာထူး (၃၀၀)နေရာ
ပုံမှန်တန်းခွဲ / အနီးကပ်တန်းခွဲများ စပြီ။
သင်တန်းတက်ရောက်ရန် အချိန်မရသူများအတွက် အပြည့်စုံဆုံးနှင့် အကောင်းမွန်ဆုံးပြုစုထားသော ဝင်ခွင့် အထောက်အကူပြုစာအုပ်များကို အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ ။
နယ်သို့ သီးသန့် ပို့ပေးသည် ။
တိုက် (18/3B )၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ် ၊ ရန်ကုန်မြို့။
09- 7 800 800 52 , 09- 789 10 7733 , 09- 4210 52736
Facebook Page : 7 Stars English Language Centre



# သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394



# ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123



## puf0ef;u;Dme
## jrefmhq;0;vkyfef
## xyfyjpu;(2)rsdCarton Box(4)rsdPlastic Bag (5"x12")
## ½ oz Plastic Bottle & Cap t0,fvif

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | Plastic Tray (For 10/20mL Vial) | ၇၁၂၄၀၀၀ခု |
| (ခ) | Carton Box, Label, Directional Leaflet For Ceftriaxone & Cefotaxime Inj: | ၂၆၅၀၀၀၀ခု |
| (ဂ) | Carton Box (D930/20/500cc) (33×27.5×23.5)cm | ၃၅၀၀၀၀ခု |
| (ဃ) | Carton Box (D930/50/1P) (41.5×22.5×7.5)cm | ၁၀၀၀၀၀ခု |
| (င) | Carton Box (D930/50/1 3/4) (37×29×9.5)cm | ၉၇၀၀၀ခု |
| (စ) | Carton Box (D930/50/ORS Blue) (21.5×19×10)cm | ၈၆၀၀၀ခု |
| (ဆ) | Plastic Bag (5"×12") | ၅၅၀၀၀ပေါင် |
| (ဇ) | ½ oz Plastic Bottle & Cup | ၆၃၂၅၀၀ခု |

၂။တင်ဒါပိတ်ရက်နှင့်အချိန် - ၁၂-၇-၂၀၁၇ရက်၊ မွန်းလွဲ(၄)နာရီ
၃။ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်-BPI)ဆေးဝါးစက်ရုံ(အင်းရောင်း-BPI)
၄။တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။



## CNG TAXI iQ;rnf
Toyota 99 Mark II စဘော် သုံးသိန်း။ အုံနာခ(၁၃၀၀၀)၊
နံနက် ၆၊ ည ၈နာရီ ပုဇွန်တောင်မြို့နယ်။
Ph:09-425503141



မြေကွက်များဈေးကောင်းပေးဝယ်လိုသည်။
ဒဂုံမြို့သစ် ၊ ( အရှေ့ပိုင်း၊ မြောက်ပိုင်း၊
တောင်ပိုင်း၊ဆိပ်ကမ်း )
တို့တွင်မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေနစ်၊ ပွဲခပေးရန်မလို
Ph : 01-2339310, 01-2339355, 01-578044



## aymufqkd;Munif
ကျွန်တော် မောင်သန့်ဇင်အောင် CDC-74899၏ သင်္ဘောသား လက်မှတ် SSAနှင့် DSD ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ ဖုန်း-၀၉-၇၆၇၉၁၁၄၂၀



## zcitrnfe
တပ်ကုန်းမြို့ တော်ဝင်ကိုယ်ပိုင် အထက်တန်းကျောင်း ဒသမတန်းမှ မောင်ဟိန်းထက်ကျော်၏ ဖခင် အမည်မှန်မှာ ဦးကျော်မင်း[၁၂/ တတန(နိုင်)၁၁၇၄၆၉]ဖြစ်ပါကြောင်း။
ဦးကျော်မင်း



## အမည်ပြောင်းခေါ်ပါရန်
တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ် အထက(ရေဖြူမြို့)တွင် ပညာသင်ကြားနေသော ပဉ္စမတန်းမှ "မဆုဝတီခင်" ကို ယနေ့မှစ၍ "မဆုဝတီအောင်" ဟုအမည်ပြောင်းလဲခေါ်ဆိုပါရန်။
မဆုဝတီအောင်


## wpf0DifyfK/dpDm;a&;vkyfef;rm;tay:0ifaiGcGeftaumufcHjcif;

**စီးပွားရေးလုပ်ငန်းတွင် အကျုံးဝင်သည့်ဝင်ငွေ**

၁။ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေဆိုသည်မှာ ဝင်ငွေရရှိရန် စီးပွားဖြစ်လုပ်ကိုင် ဆောင်ရွက်သောလုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်ပစ္စည်းများ တင်သွင်းရောင်းချခြင်း/ဝယ်ယူရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှ ဝင်ငွေတို့အပြင်၊ ငွေချေးသက်သေခံလက်မှတ်များကို စီးပွားရေးလုပ်ငန်းသဖွယ်လုပ်ကိုင်ခြင်းနှင့် အတိုးရရန် ရင်းနှီးမြှုပ်နှံခြင်းတို့မှ ဝင်ငွေအပေါ် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေခေါင်းစဉ်ဖြင့် အခွန်ပေးဆောင်ရမည်။

**အခွန်နှုန်း**

၂။ စီးပွားရေးလုပ်ငန်းမှ ရရှိသည့်ဝင်ငွေအပေါ် အောက်ဖော်ပြပါအခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| | | | |
|---|---|---|---|
| (က) | ၁ ကျပ် မှ | ၂၀၀၀၀၀၀ ကျပ် ထိ | ၀ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ ကျပ် မှ | ၅၀၀၀၀၀၀ ကျပ် ထိ | ၅ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ ကျပ် မှ | ၁၀၀၀၀၀၀၀ ကျပ် ထိ | ၁၀ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၁ ကျပ် မှ | ၂၀၀၀၀၀၀၀ ကျပ် ထိ | ၁၅ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ ကျပ် မှ | ၃၀၀၀၀၀၀၀ ကျပ် ထိ | ၂၀ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ ကျပ်နှင့်အထက် | | ၂၅ရာခိုင်နှုန်း |

**ဝင်ငွေတွက်ချက်ခြင်း**

၃။ စီးပွားရေးလုပ်ငန်းမှ ရရှိသောဝင်ငွေကို တွက်ချက်ရာတွင် ယင်းဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့်ပစ္စည်းတန်ဖိုးလျော့ငွေကိုနုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ်နုတ်ပယ်ပြီး အသားတင်အမြတ်ငွေအပေါ် သက်သာခွင့်များခွင့်ပြုပြီး ကျန်ငွေကိုသာ သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးပါ-

(က) မတည်စရိတ်
(ခ) ကိုယ်ရေးကိုယ်တာစရိတ်
(ဂ) လုပ်ငန်းပမာဏနှင့်မမျှအောင် များသည့်စရိတ်၊ မဆီလျော်သည့်စရိတ်၊ ထိုဝင်ငွေရရန် ကုန်ကျခြင်းမဟုတ်သည့်စရိတ်။

၄။ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေသည် ဆောင်ရွက်ရသည့်လုပ်ငန်းအပေါ် ရရှိသည့်ဝင်ငွေ(သို့မဟုတ်) ရောင်းရငွေနှင့်လုပ်ကိုင်ရသည့်လုပ်ငန်း သဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ရေခဲထုတ်လုပ်ရောင်းချသူ၏ ကုန်ကျစရိတ်နှင့် ကုန်စုံပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းမှ ကုန်ကျစရိတ်များမှာ တူညီနိုင်မည်မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။

**အခွန်တွက်ချက်ခြင်း(နမူနာ)**

၅။ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်း တစ်ခုခုလုပ်ကိုင်သည့် လုပ်ငန်းရှင် တစ်ဦးသည် တစ်နှစ်အတွင်း ၎င်းလုပ်ကိုင်သည့် လုပ်ငန်းမှ ကုန်ကျစရိတ်များကိုနုတ်၍ အသားတင်အမြတ် ကျပ်သိန်း ၁၀၀ ရရှိပြီး အတူနေ မိဘနှစ်ဦးမှီခိုသူဇနီးနှင့် အသက် ၁၈ နှစ်အောက် သို့မဟုတ် အချိန်ပြည့်ပညာသင်ကြားနေသည့်သားသမီး နှစ်ဦး ရှိပါသည်။ ၎င်းလုပ်ငန်းရှင်၏ စီးပွားရေးလုပ်ငန်းမှဝင်ငွေအပေါ် အောက်ပါအတိုင်း ဝင်ငွေခွန်တွက်ချက်ပါသည်။

| | | | ကျပ် |
|---|---|---|---|
| (က) | အသားတင်အမြတ် | | ၁၀၀၀၀၀၀၀ |
| (ခ) | (နုတ်) သက်သာခွင့်များ | | |
| | (၁) အခြေခံသက်သာခွင့်(၂၀%) - | ၂၀၀၀၀၀၀ | |
| | (၂) အတူနေ မိဘ(၂)ဦးအတွက် - | ၂၀၀၀၀၀၀ | |
| | (၃) အိမ်ထောင်ဖက်အတွက် - | ၁၀၀၀၀၀၀ | |
| | (၄) သားသမီး(၂)ဦးအတွက် - | ၁၀၀၀၀၀၀ | ၆၀၀၀၀၀၀ |
| | (ဂ) ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေ | | ၄၀၀၀၀၀၀ |
| | ၁ ကျပ်မှ ၂၀၀၀၀၀၀ ကျပ်ထိ | ၀ ရာခိုင်နှုန်း | |
| | ၂၀၀၀၀၀၁ ကျပ်မှ ၄၀၀၀၀၀၀ ကျပ်ထိ ၂၀၀၀၀၀၀ အတွက် | ၅ ရာခိုင်နှုန်း | |
| | (ဃ) **စုစုပေါင်း ကျသင့်ဝင်ငွေခွန်** | | **၁၀၀၀၀၀** |

၆။ သက်သာခွင့်များကို နုတ်ပေးရာတွင် တစ်ဦးချင်းပုဂ္ဂိုလ်အတွက် အခြေခံ သက်သာခွင့် ၂၀ ရာခိုင်နှုန်းဖြစ်ပြီး ကျပ်သိန်း ၁၀၀ ထက်မပိုရပါ။ အိမ်ထောင်ဖက်အတွက် ခွင့်ပြုငွေသည် ဝင်ငွေခွန်ထိုက်သင့်သည့်ဝင်ငွေမရှိသူဖြစ်ရမည်။ သားသမီးအတွက် ခွင့်ပြုငွေသည် အသက် (၁၈) နှစ်အောက် ပညာသင်ကြားနေသူ (သို့မဟုတ်)အသက် (၁၈) နှစ်ပြည့်ပြီးသော်လည်း အချိန်ပြည့် ပညာဆက်လက်သင်ကြားနေသူ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရှိသူဖြစ်ရမည်။

၇။ အသားတင်ဝင်ငွေကျပ် သိန်း၁၀၀မှ ဝင်ငွေခွန်ကျပ် ၁၀၀၀၀၀ ပေးဆောင်ပြီး နှစ်စဉ်စုဆောင်းနိုင်ငွေများဖြင့် အိမ်၊ခြံမြေ၊ မော်တော်ယာဉ်စသည်များဝယ်ယူခြင်းအတွက် ဝင်ငွေခွန်ထပ်မံ မကျသင့်ပါ။ သို့ရာတွင် ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အဆိုပါ ပစ္စည်းများ ဝယ်ယူခြင်းအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ၁ ကျပ် မှ | ၃၀၀၀၀၀၀၀ ကျပ် ထိ | ၁၅% |
| (ခ) | ၃၀၀၀၀၀၀၁ ကျပ် မှ | ၁၀၀၀၀၀၀၀၀ ကျပ် ထိ | ၂၀% |
| (ဂ) | ၁၀၀၀၀၀၀၀၁ ကျပ် နှင့်အထက် | | ၃၀ % |

၈။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာန (ရုံးချုပ်) ဖုန်းနံပါတ် (၀၆၇-၄၃၀၀၀၉)၊ အခွန်ဝန်ဆောင်မှုရုံး (ရန်ကုန်) ဖုန်းပါတ် (၀၁-၃၇၈၃၇၀)၊ (၀၁-၃၇၈၃၇၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ဖုန်းနံပါတ် (၀၂-၃၀၁၉၂) တို့တွင် မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကို စိုး

## ရွှေထည် လက်ဝတ်ရတနာများ ရောင်းချရာတွင် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရေးကိစ္စ

၁။ ရွှေထည်နှင့်လက်ဝတ်ရတနာများ ရောင်းချသူလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနကိုယ်စား ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံပေးခြင်းအတွက် ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ပေးနိုင်ရန် အလို့ငှာ ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label ကို ရွှေထည်နှင့် လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကျသင့်အခွန်နှင့်ညီမျှသည့်တန်ဖိုးအတိုင်း ကပ်နှိပ်ထုတ်ပေးစေခြင်းအစီအစဉ်ကို ကျင့်သုံးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label ကို ရွှေထည်နှင့်လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ်ထုတ်ပေးခြင်းအစီအစဉ်အား ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၁-၆-၂၀၁၇ ရက်နေ့တွင် စတင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၁-၇-၂၀၁၇ ရက်နေ့တွင် စတင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ ရွှေထည်နှင့်လက်ဝတ်ရတနာဝယ်ယူသူမိဘပြည်သူများအနေဖြင့် ရွှေထည်သီးသန့်ဝယ်ယူခြင်းအတွက် ကျသင့်သော စုစုပေါင်းတန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၁ ရာခိုင်နှုန်းကျသင့် မည်ဖြစ်ပါသည်။ ရွှေထည်နှင့်ကျောက်မျက်ရတနာ ပေါင်းစပ်ထားသော လက်ဝတ်ရတနာဖြစ်ပါက ရွှေ + အလျော့တွက်လက်ခ တန်ဖိုးအပေါ်တွင် ၁ ရာခိုင်နှုန်းနှင့် ကျောက်မျက်ရတနာတန်ဖိုးအပေါ်တွင် ၅ ရာခိုင်နှုန်းကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။

၄။ ရွှေဆိုင်များမှ ရွှေထည်နှင့်လက်ဝတ်ရတနာ ဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ် မည့် ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label များမှာအောက်ပါ အတိုင်း ဖြစ်ပါသည် -



J-1(100 ks) J-2(200 ks) J-3(500 ks) J-4(1000 ks) J-5(5000 ks) J-6(10000 ks)

၅။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါတယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

- ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် နုတ်ယူပေးသွင်းရေးနှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ ဝင်ငွေခွန်ဥပဒေအရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေထုတ်ပေးသူက ပင်ရင်းမှနုတ်ယူ၍ သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ အဆိုပါ ပင်ရင်းမှ နုတ်ယူပေးသွင်းငွေနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာအမှတ်-၂/၂၀၁၇နှင့် အမိန့်ကြော်ငြာစာအမှတ်-၃၇/၂၀၁၇တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၃။ သို့သော်လည်း အခွန်ထမ်းပြည်သူများအနေဖြင့် အဆိုပါ အမိန့်ကြော်ငြာစာများအရ အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရန် အခက်အခဲအချို့ ပေါ်ပေါက်လျက်ရှိကြောင်း သိရှိရသည့်အတွက် ပြန်လည်ပြင်ဆင်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်-၅၁/၂၀၁၇ကို ၂၂-၅-၂၀၁၇ရက်တွင် ထပ်မံထုတ်ပြန်ထားရှိခဲ့ပြီး ဖြစ်ပါသည်။

၄။ အဆိုပါ အမိန့်ကြော်ငြာစာ ၅၁/၂၀၁၇ဖြင့် ယခင်ထုတ်ပြန်ထားရှိခဲ့သော အမိန့်ကြော်ငြာစာများကို လွှမ်းမိုးပယ်ဖျက်လိုက်သော်လည်း အခွန်နှုန်းထားများနှင့် အခွန်ပေးသွင်းရမည့်အခြေအနေများ အကျိုးသက်ရောက်သည့် ကာလများမှာ မပြောင်းလဲကြောင်း အသိပေးအပ်ပါသည်။

၅။ ထိုသို့ အမိန့်ကြော်ငြာစာအသစ် ထုတ်ပြန်ခြင်းကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ဆောင်ရွက်မှုတစ်ရပ်တည်းအတွက် အခွန်နှစ်ထပ် မကျသင့်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရထားပါလျက် ဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်း မပြုစေရန်လည်းကောင်း၊ နုတ်ယူခြင်းခံရမည့်သူက သက်ဆိုင်ရာ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးတို့ထံ လျှောက်ထားလိုပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ထိုသို့ လျှောက်ထားလာလျှင် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးက ငွေထုတ်ပေးသူထံ ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းမပြုရန် (သို့မဟုတ်) ခုနှိမ်ပေး၍နုတ်ယူရန် အကြောင်းကြားစာထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ထို့အပြင် ပေးချေငွေနှင့်စပ်လျဉ်း၍ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်တွင် အခွန်တာဝန်ထမ်းဆောင်ကြသည့် အခွန်ထမ်းများ၏ ငွေထုတ်ပေးရန် တာဝန်ရှိသူက အခွန်နုတ်ယူ၍ ပေးသွင်းခြင်းဖြစ်ပါက တစ်ကြိမ်လျှင် ကျပ်(၁၅)သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း၊ အခြားလုပ်ငန်းများဖြစ်လျှင် တစ်ကြိမ်လျှင် ကျပ် ၅သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း နုတ်ယူပေးသွင်းရန် မလိုအပ်ကြောင်းကိုလည်း ထပ်မံအသိပေးအပ်ပါသည်။

၈။ ယင်းအပြင် လယ်ယာထွက်ကုန်သီးနှံများ အရောင်းအဝယ်ပြုလုပ်ရာ၌ တစ်ဦးချင်း ပုဂ္ဂိုလ်များသို့ ပေးချေငွေအပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် ၂ရာခိုင်နှုန်းအား နုတ်ယူပေးသွင်းရန် မလိုအပ်ဘဲ အပြည့်အဝ ပေးချေရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါတယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

TDW သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင်

ဆိုင်အမှတ်(၃) အား မြောက်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်တွင် ထပ်မံဖွင့်လှစ်လိုက်ပြီမို့ ...

ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်

ဒုတိယအကြိမ်ကံစမ်းမဲအထူးအစီအစဉ်

၂၀၁၇ ဇူလိုင်လ (၁)ရက်နေ့အထိ

သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင် (၃)ဆိုင်လုံး တွင်

ဝယ်ယူအားပေးသူတိုင်းကို သိဒ္ဓိဝင် မှ

ထပ်ဆင့်ကျေးဇူးတုံ့ပြန်သောအားဖြင့်



HONDA FIT ကားသစ် (၂) စီး

နှင့်

လက်ငင်းဆုမဲများအဖြစ် မလာမပါ ကံစမ်းမဲများကိုလည်း ဖွင့်ဖေါက်ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း စိန်ရွှေရတနာ မြတ်နိုးသူ မိတ်ဟောင်းမိတ်သစ်များအား အထူးသတင်းကောင်းပါးအပ်ပါသည်။

ယခုပင် သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင်ကြီးများတွင် လာရောက်ဝယ်ယူအားပေးဖို့ ဖိတ်ခေါ်အပ်ပါသည်။

မှတ်ချက် – ကံစမ်းမဲပေးသည့်အတွက် အလျော့တွက် လက်ခများ ပိုယူခြင်း၊ ရွှေအရည်အသွေး ပြောင်းလဲခြင်း လုံးဝမရှိကြောင်းကို အာမခံပါသည်။


ဆိုင် (၁) အမှတ် (၂၁၅)၊ ၃၁×၃၂ လမ်းကြား၊ အနော်ရထာလမ်းမကြီး၊ ဆူးလေ။
Phone : 01-250489 Hot Line : 09-440 4400 36, 09-440 4400 37

ဆိုင် (၂) အမှတ် (၁၁၁)၊ သုမင်္ဂလာလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်၊ ဂဝန၊ သင်္ဃန်းကျွန်း။
Phone : 01-8564705 Hot Line : 09-440 4400 38, 09-440 4400 39

ဆိုင် (၃) အမှတ် (၉၂၆)၊ သုဓမ္မာလမ်း၊ ခြောက်ကွေ့၊ မြောက်ဥက္ကလာပမြို့နယ်။
Phone : 01-9692176 Hot Line : 09-44443 8294, 09-44443 8295


ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

MECHANICAL CAR PARKING




Side View Front View




Plan View Front View

TPW ideas coming true (BRNo.200904356H)

No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

# STRATEGY FIRST INSTITUTE



DR. KAUNG ZAW, MEDICAL AFFAIRS MANAGER
SERVIER (S) PTE LTD. (MYANMAR BRANCH)

ZUN PANN THWIN, DIRECTOR
ETERNAL FLOWERS (FLORAL SERVICES)

YE NAING LYNN, DIRECTOR
THURIYA WIN CO., LTD.

PHYO THU HTET, BUSINESS DEVELOPMENT MANAGER
INTERNATIONAL ENTERPRISE (IE) SINGAPORE.

NAY LIN AUNG, FIELD MARKETING MANAGER
DKSH SERVICES LTD.

EDINBURGH
BUSINESS SCHOOL
HERIOT-WATT UNIVERSITY

**MBA** | **MSc**

General Finance HRM Marketing | Marketing Human Resources

STRATEGY FIRST INSTITUTE is an approved learning partner of Edinburgh Business School.

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.
No. 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.

**Starting Date - 24th June 2017**

**CALL NOW - (09) 450177770, (09) 250 717168**

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

---

## 21 AD FOR BILLBOARD ADVERTISING

YAN GON (Sakura Tower/Min Ga Lar Market/Ka Bar Aye Road/ Pan So Dan Bridge)
MAW LA MYAI (Lower Main Road)
PYIN OO LWIN (Man Da Lay - Lar Sho Hiway)
PYI (Yan Gon - Pyi Hiway / Pyi - Aung Lan Junction)
NAY PYI DAW (Yar Za Htar Ni Junction)
SA GAI (Man Da Lay - Mon Ywar Hiway)
LAR SHO (Yone Gyi Road)
TAUN NGU (Yan Gon - Man Da Lay Hiway)
MATE HTE LAR (Kyauk Pa Down Hiway)
YAN GON - MAN DA LAY HIWAY (114/5) (116/3) (Rest-Camp)
MON YWAR (Pyi Htaung Su Road/Bo Gyoke Road)

KING MAKER

282 (1F), 39 STREET, KYAUK TA DAR TOWNSHIP, YANGON.
377093 240563 09 73043672 09 73200189 09 73200201
www.21advertising.net

---

**မ/ဥက္ကလာအခိုင်းအနီး(သုခမ္မာလမ်းမကြီး)ဆပ်တိုက်ခရောင်းမည်**

ဘဏ်ဖွင့်ရန်၊ ရုံးဖွင့်ရန်၊ ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန်နေရာကောင်း၊ (ဃ)ဈေးမျက်နှာချင်းဆိုင်၊ သုခမ္မာလမ်းမကြီးပေါ်၊ ၂၀ပေ×၆၀ပေ၊ BN ၂ထပ်၊ အောက်ထပ် HALL ကြွေပြားကပ်၊ အပေါ်ထပ်၂ခန်းဖွဲ့ ပါကေးခင်း (1BR,1MBR) ဂရုံအမည်ပေါက်

သိန်း ၃၈၀၀(ညှိနှိုင်း) ဆက်သွယ်ရန် 0943021001

---

**ပညာပါရမီ (စီမံခန့်ခွဲမှုသင်တန်းကျောင်း)**

* Business Management
* Sale & Marketing Management
* Project Management
* Human Resources Management

လှိုင် (ပါရမီစိန်ဂေဟာရှေ့) ၀၉ ၉၆၄၁၅၈၀၅၅
တာမွေ (တာမွေ Ocean ရှေ့) ၀၉ ၉၇၈၉၀၂၃၄၅
Facebook ပညာပါရမီတွင်လည်းအသေးစိတ်ကြည့်ရှုနိုင်ပါသည်။

သင်တန်းကြေး ၂၅,၀၀၀ကျပ် (အပြီးဆီး)

---

မြန်မာပြည်တွင် ပထမဦးဆုံးတင်သွင်းသော

Since 1996
Home
Think of House, Think of Home

**ပါကေး အစားထိုး ကြမ်းခင်း** မိုးရာသီ Promotion



ကြမ်းခင်း ၃ ကျင်း ဝယ်ရှင်
Shelf ၁ ပုံး လက်ဆောင်

* Grade A,B,C,D အစစ်များသာရောင်းပါသည်
* ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
* လက်ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

GRADE A,B,C,D
စစ်မှန်မှု ကို စက်ဖြင့် "အခမဲ့" လက်တွေ့ စစ်ဆေးပေးသည်။

ပိတ်ရက်မရှိ

➤ အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီ မှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
➤ အမှတ်(၄/၄၆၇)၊ (၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။

HOTLINE: 09-79 700 70 71
09-79 700 70 81

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (ထောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံး ဘိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

---

**ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း**

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊ ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်း အဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၁၉
၀၉ ၂၅၂၀၈၂၅၃၃

၁၁၀၀၀ ကျပ်
၂၀၀၀၀ ကျပ်

---

**ဒဂုံမြို့သစ်**

အငှားပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

---

# ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ®
အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀:၀၀)နာရီမှ ညနေ(၅:၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



# အင်းတော်ကြီးကန်အား ဇီဝအဝန်းနယ်မြေအဖြစ် ယူနက်စကိုမှ အတည်ပြုသတ်မှတ်

**နေပြည်တော် ဇွန် ၁၅**

ပြင်သစ်နိုင်ငံ ပါရီမြို့ ယူနက်စကိုအဖွဲ့ချုပ်ရုံး၌ ဇွန် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် (၂၉)ကြိမ်မြောက် လူသားနှင့် ဇီဝအဝန်းနယ်မြေ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးတွင် ကချင်ပြည်နယ်အတွင်းရှိ အင်းတော်ကြီးကန်ဒေသအား ယူနက်စကိုအဖွဲ့ကြီး၏ လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ် (UNESCO Man and the Biosphere Reserve Programme-MAB)အောက်ရှိ ကမ္ဘာ့ဇီဝအဝန်းနယ်မြေများကွန်ရက်အတွင်း ပါဝင်သည့် ဇီဝအဝန်းနယ်မြေတစ်ခုအဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ○**



ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခဲ့သည့် အင်းတော်ကြီးကန်ကို တွေ့ရစဉ်။

# ပျက်ကျ Y-8 လေယာဉ်၏အမြီးပိုင်း ရှာဖွေတွေ့ရှိ

**နေပြည်တော် ဇွန် ၁၅**

ပျက်ကျသွားခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်အား တပ်မတော် (ရေ)မှ စစ်ရေယာဉ်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ၊ မြေပြင်တပ်များနှင့် ဒေသခံပြည်သူများ၊ ငါးဖမ်းစက်လှေများပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် မောင်းမကန်- မရင်းကြီး ကမ်းခြေတစ်လျှောက် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြေပြင်တပ်များက ကျား/မ မခွဲခြားနိုင် ရုပ်အလောင်းသုံးလောင်းကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ယခုအချိန်အထိ ရုပ်အလောင်း ၉၀ ရှာဖွေတွေ့ရှိပြီးဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪**




**Y-8 လေယာဉ် 5820 အမှတ်အသားပါရှိသည့် လေယာဉ်အမြီးအစိတ်အပိုင်းကို တွေ့ရစဉ်။**

# အမ်း - စစ်တွေကားလမ်းပေါ်ရှိ မြေသားပြိုကျသည့်နေရာ၌ သံပေါင်ဘေလီတံတားထိုးမည်



မြေသားပြိုကျသည့်နေရာ၌ သံပေါင်ဘေလီတံတားထိုးရန် ပြင်ဆင်နေစဉ်။

**စစ်တွေ ဇွန် ၁၅**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-စစ်တွေသွား ကားလမ်းမတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ အမ်းမြို့နှင့် စစ်တွေကြားကားလမ်း မိုင်တိုင်အမှတ်(၂၈/၀) နှင့် မိုင်တိုင်အမှတ် (၂၈/၁)ကြားတွင် လမ်းသားပဲ့ကျမှု ဖြစ်ပွားခဲ့ပြီး မိုးရာသီသွားလာနိုင်ရန်အတွက် သံပေါင်ဘေလီတံတားထိုးရန် ယနေ့မွန်းလွဲပိုင်းမှစတင်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း လမ်းအထူးအဖွဲ့(၁၆)မှ သိရသည်။

"မိုင်တိုင်အမှတ်(၂၈/၀)နဲ့(၂၈/၁)ကြားမှာ ယာဉ်တွေ မိုးရာသီသွားလာနိုင်ရေးအတွက် သံပေါင်ဘေလီတံတားထိုးဖို့ လုပ်ငန်းဆောင်ရွက်နေတယ်။ ဒီည မိုးမရွာရင်တော့ တံတားအပြီးထိုးသွားမယ်"ဟု လမ်းအထူးအဖွဲ့ (၁၆)မှ ဦးလှရွှေက ပြောသည်။

ယခုတည်ဆောက်မည့် သံပေါင်ဘေလီတံတားသည် အရှည် ပေ ၉၀ ရှိပြီး ယခုနှစ်မိုးရာသီအတွင်း ယာဉ်များသွားလာနိုင်ရန် ယာယီတံတားထိုးခြင်းဖြစ်ကြောင်း၊ ရေရှည်အတွက်သွားလာနိုင်ရန် ပွင့်လင်းရာသီတွင် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းအထူးအဖွဲ့(၁၆)မှ သိရသည်။

အဆိုပါ မိုင်တိုင်အမှတ်(၂၈) အနီးတွင် ရေတိုက်စားမှုကြောင့် လမ်းတာ ပေ ၃၀၊ လမ်းသား ၁၀ ပေ ရေတိုက်စားရာတွင် ပါသွားပြီး လမ်းအထူးအဖွဲ့(၁၆)မှ စက်ယန္တရားများဖြင့် ယာဉ်များသွားလာနိုင်ရန် ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းမှစတင်ကာ ကားကြီးများ ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။

"ကားလေးတွေကတော့ ဖြတ်သန်းခွင့်ပြုထားတယ်။ ကားကြီးတွေတော့ ဒီနေ့နံနက်ပိုင်းကစပြီး ဖြတ်သန်းခွင့်ပြုထားတယ်။ ညပိုင်းဖြတ်ရင်တော့ အန္တရာယ်ရှိတယ်"ဟု လမ်းအထူးအဖွဲ့(၁၆)မှ ဦးလှရွှေက ပြောသည်။

၂၀၁၅ ခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-စစ်တွေကားလမ်း နေရာတချို့တွင် လမ်းသားမြေပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့ခြင်းမရှိဘဲ ယခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းသားမြေပြိုကျမှု ထပ်မံဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၁၂ ရက်မှစတင်ကာ စစ်တွေ-ရန်ကုန်သွား ကားလမ်းမတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ အမ်းမြို့နှင့် ကဇူးကိုင်းရွာကြားတွင် နေရာ ၁၂ နေရာခန့် ကားလမ်းရေကျော်မှုများ ဖြစ်ပွားခဲ့ကြောင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံမှ သိရသည်။

**သတင်း-မင်းသစ် (MNA)**

**ဓာတ်ပုံ-ရဲထွန်း**